
# ROBERT KIYOSAKI

mgyoe.com SAMPLE BOOK

# FAKE

## FAKE MONEY • FAKE TEACHERS • FAKE ASSETS

HOW LIES ARE MAKING THE POOR AND MIDDLE CLASS POORER



အမှန်တရားကို
ရှာဖွေနေသူတိုင်း
အတွက်

# အတု

လမင်းသောင်းထွန်း

mgyoe.com

**ချမ်းသာသောဖေဖေက**
**“ငါးကို ကြည်လင်နေတဲ့ရေထဲမှာ ဖမ်းလို့မရနိုင်ဘူးကွ”**
**ဟု မကြာခဏ ပြောလေ့ရှိသည်။**
**(တရုတ်စကားပုံတစ်ခုကို ကိုးကားလျက်)**




**စာအုပ်ရေးရသည့် ရည်ရွယ်ချက်မှာ**
ကျွန်တော်တို့ ဘာမဟုတ်သူတို့လို သာမန်လူများ၊ ပညာတတ် လူမလိုင်မဟုတ်သူများအနေဖြင့် ပြိုလဲမှုတစ်ခုခုဖြစ်လာလျှင် ရှင်သန်နိုင်စေမည့်ဖြစ်နိုင်ခြေ၊ ပိုပြီးချမ်းသာစေကောင်းမည့်ဖြစ်နိုင်ခြေများကို ပေးလိုခြင်းဖြစ်ပါသည်။ လာမည့်ပြိုလဲမှုသည် ကွာဒရီလီယံ ဒေါ်လာနှင့်ချီသည့် ပြိုလဲမှုဖြစ်ပါသည်။

**ကိန်းဂဏန်းများအကြောင်း**
ဒီနေရာတွင် ကျွန်တော်တို့သည် များစွာသော သုညများအကြောင်း ပြောနေပါသည်။

**တစ်သန်းသည် မည်မျှနည်း**
လူတော်တော်များများသည် သန်းကြွယ်သူဌေး အိပ်မက်မက်ကြသည်။
တစ်သန်းသည် တစ်ထောင်၏ အဆတစ်ထောင်ဖြစ်သည်။ ၁,၀၀၀ × ၁,၀၀၀ = ၁,၀၀၀,၀၀၀
တစ်ဘီလီယံသည် မည်မျှနည်း။ တစ်ဘီလီယံသည် တစ်သန်း၏ အဆ တစ်ထောင်ဖြစ်သည်။
၁,၀၀၀,၀၀၀ × ၁,၀၀၀ = ၁,၀၀၀,၀၀၀,၀၀၀
တစ်ထရီလီယံသည် မည်မျှနည်း။ တစ်ထရီလီယံသည် တစ်ဘီလီယံ၏ အဆ တစ်ထောင်ဖြစ်သည်။
၁,၀၀၀,၀၀၀,၀၀၀ × ၁,၀၀၀ = ၁,၀၀၀,၀၀၀,၀၀၀,၀၀၀
တစ်ကွာဒရီလီယံသည် မည်မျှနည်း။ တစ်ကွာဒရီလီယံသည် တစ်ထရီလီယံ၏ အဆ တစ်ထောင်ဖြစ်သည်။ ၁,၀၀၀,၀၀၀,၀၀၀,၀၀၀ × ၁,၀၀၀ = ၁,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀
ထိုအချက်များထဲမှ နောက်ထပ်မေးခွန်းတစ်ခု ထွက်လာပါသည်။ ဆင့်ပွား ပိုင်ဆိုင်မှုများထဲမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ကွာဒရီလီယံ ပေါက်ကွဲသွားလျှင် ဘာဖြစ်မလဲ။
ယင်းမှာ ကျွန်တော် FAKE ကို ရေးရခြင်း အကြောင်းရင်းဖြစ်ပါသည်။

ယခုလို စိတ်ချစရာအကြောင်းမရှိသည့် စီးပွားရေးမျိုးသည် ပညာတတ် လူမလိုင်တို့က ကျွန်တော်တို့၏ ပိုက်ဆံ၊ ကျွန်တော်တို့၏ ဆရာများ၊ ကျွန်တော်တို့၏ ရရန်ပိုင်ခွင့်များကို ထိန်းကွပ်နေသည့်အချိန်တွင် ပေါ်ထွက်လာသည့်အရာ ဖြစ်သည်။

ISBN 9789997136763
KTT17
9 789997 136763
MMK 15,000.00

mgyoe.com SAMPLE BOOK


| | |
|---|---|
| ထုတ်ဝေသူ | - ဒေါ်အိဝတ်ရည်ထွန်း၊ |
| | - ဂျူတီစာပေ(၀၂၀၇၇)၊ |
| | - အမှတ်(၄၉၉)၊ဖြ-လွှာ(က)၊ |
| | - ဓမ္မာရုံလမ်း၊(၁၀)ရပ်ကွက်၊ |
| | - လှိုင်မြို့နယ်။ |
| ပုံနှိပ်သူ | - ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊ |
| | - ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |

ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၂၅၊ မတ်လ

လမင်းသောင်းထွန်း/

အတု

စာမျက်နှာ ၅၃၅ မျက်နှာ၊


၁၅ စင်တီ× ၂၀.၅ စင်တီ


mgyoe.com

mgyoe.com SAMPLE BOOK

# အတု

လမင်းသောင်းထွန်း
(မြန်မာပြန်)


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ဝန်ခံချက်

**စီ–အဆင့် ကျောင်းသားတစ်ယောက်က အေ–အဆင့် ကျောင်းသား တစ်ယောက်ကို ကျေးဇူးတင်ခြင်း။**

ကျွန်တော်သည် အထက်တန်းစာမေးပွဲကို နှစ်ကြိမ်ကျရှုံးသည်။ အကြောင်းမှာ စာမရေးတတ်သောကြောင့်။ ၁၀ တန်း အင်္ဂလိပ်စာတွင် ကျွန်တော် အက်ဖ်(F) ရသည်။ ယင်းမှာ ကျွန်တော် စာမရေးတတ်သောကြောင့်မဟုတ်။ ကျွန်တော် စာရေးတတ်သည်။ စာလုံးပေါင်းမမှန်ခြင်းနှင့် ပုဒ်ဖြတ်ပုဒ်ရပ် မထားတတ်ခြင်း သာရှိသည်။ ထို့ပြင် သဒ္ဒါနည်းအားဖြင့်လည်း အမြဲတမ်း မမှန်တတ်။

ကျွန်တော် အက်ဖ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အင်္ဂလိပ်စာဆရာသည် ကျွန်တော့်အရေးအသားကို သဘောမတူသောကြောင့်ဟု ကျွန်တော် ယုံကြည်သည်။ ကျွန်တော်က ကျွန်တော့်အမြင်ကို ရေးပြခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ စိတ်မဝင်စားသည့် စာအုပ်များကို သူ အတင်းအကျပ် ဖတ်ခိုင်းနေသည့်အကြောင်း သူသိစေချင်သည်။ ဘုရားသခင်၏ကျေးဇူးဖြင့် ကျွန်တော့် ဆင်းရဲသောဖေဖေက ကျောင်းမထွက်ရအောင် ပြောပေးသည်။ သို့သော် ထိခိုက်မှုများက ဖြစ်ပြီးသားပင်။ ချမ်းသာသော့ဖေဖေ၏ သားသည်လည်း အင်္ဂလိပ်စာတွင် အက်ဖ်ရသည်။ ထိုဆရာပင်ဖြစ်သည်။

ကျွန်တော်သည် ကျောင်းသို့သွားပြီး အတန်းထဲရှိ အတော်ဆုံး ကျောင်းသူဘေးတွင် ဝင်ထိုင်သည်။ သူက အေ–အဆင့် ကျောင်းသူ။ ပညာရေးစနစ်က အကျ

mgyoe.com

mgyoe.com SAMPLE BOOK



အညီတောင်းခြင်းကို 'ခိုးချသည်' ဟု ခေါ်သည်။ စီးပွားရေးလောကတွင်မူ ပူးပေါင်းဆောင်ရွက်သည်ဟု ခေါ်သည်။ အေ–အဆင့် ကျောင်းသူနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိခဲ့လျှင် ကျွန်တော် အထက်တန်းအောင်လာစရာ အကြောင်းမရှိပါ။

ယနေ့အချိန်တွင် ကျွန်တော်သည် ရောင်းအကောင်းဆုံး စာရေးဆရာတစ်ယောက် ဖြစ်နေပြီ။ ပုဂ္ဂလိက ငွေရေးကြေးရေး စာအုပ်များထဲတွင် သမိုင်းတစ်လျှောက် နံပါတ်(၁) စွဲထားသည့် စာအုပ်ကို ရေးထားသူဖြစ်သည်။ ထိုအနေအထားကို ပူးပေါင်းဆောင်ရွက်မှုဖြင့် ရလာခဲ့သည်။

ယခုအထိ ရေးလာသည်မှာ စာအုပ်ထုတ်ဝေရေးလောက၏ စွန့်ဦးတီထွင်တစ်ဦးဖြစ်သူ မိုနာဂမ်ဘက်တာကို ကျေးဇူးတင်ကြောင်း ရှည်ရှည်လျားလျား ပြောနေခြင်းသာဖြစ်ပါသည်။ မိုနာသည် ကျွန်တော့် အေ–အဆင့် ကျောင်းသူ၊ ကျွန်တော့် အယ်ဒီတာ၊ ထုတ်ဝေသူ၊ နည်းပြ၊ အားပေးသည့် အဖွဲ့ခေါင်းဆောင်နှင့် သူငယ်ချင်းဖြစ်သည်။ ကျွန်တော်တို့ နှစ်ပေါင်းများစွာ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ စာအုပ်များစွာ အတူတူထုတ်ဝေခဲ့ကြသည်။ အကယ်၍ မိုနာသာ ကျွန်တော့်အဖွဲ့ထဲတွင် မပါခဲ့လျှင်... ကျွန်တော့် အေ–အဆင့် ကျောင်းသူအသစ် မဖြစ်ခဲ့လျှင်... ဤစာအုပ် FAKE မှာ ထွက်လာစရာအကြောင်းမရှိပါ။

FAKE ကို အရင်တစ်နှစ်ကတည်းက ထုတ်ဖို့ဖြစ်သည်။ စာအုပ်ကို ရေးပြီးပြီ၊ ထပ်လည်း ရေးပြီးပြီ။ ထပ်ရေးရသည့်အကြောင်းမှာ ကမ္ဘာကြီးသည် လျင်မြန်စွာ ပြောင်းလဲနေ၍ပင်။ ကျွန်တော်တို့အနေဖြင့် ပိုက်ဆံအကုလို ရှုပ်ထွေးသောအကြောင်းအရာများကို ရှင်းလင်းအောင် ကိုင်တွယ်ရသည်။ FAKE ကို စတင်လိုက်ပြီဆိုကတည်းက မိုနာသည် စောဒကမတက်၊ အပြစ်မတင်၊ ဝေဖန်ခြင်းမရှိဘဲ တောက်လျှောက် အားပေးခဲ့သည်။ ကျွန်တော့်အပေါ်တွင် ဘယ်တုန်းကမှ လက်မလျှော့ခဲ့။

ဤစာအုပ်ဖြင့် မိုနာ့ကို ကျေးဇူးတင်ကြောင်း ကျွန်တော် ပြောလိုပါသည်။ မိုနာဂမ်ဘက်တာ၏ တိုက်တွန်းမှုနှင့် စိတ်ရှည်မှုတို့မပါလျှင်၊ ကျွန်တော့်စာများကို တုံ့ပြန်ပေးရန် သူ ဆန္ဒမရှိခဲ့လျှင် ကျွန်တော်သည် စာရေးဆရာ ဖြစ်လာစရာအကြောင်းမရှိ။ ယနေ့ ဖြစ်နေသလို စာရေးဆရာ အစစ်တစ်ယောက် ဖြစ်လာစရာအကြောင်း မရှိပါ။

❑

mgyoe.com

mgyoe.com
SAMPLE BOOK


ချမ်းသာသောဖေဖေက
"ငါးကို ကြည်လင်နေတဲ့ရေထဲမှာ ဖမ်းလို့မရနိုင်ဘူးကွ"
ဟု မကြာခဏ ပြောလေ့ရှိသည်။
(တရုတ်စကားပုံတစ်ခုကို ကိုးကားလျက်)

mgyoe.com

mgyoe.com



SAMPLE BOOK

**transparency** noun

trans•par•en•cy | \tran(t)s-ˈper-en(t)-sē

*plural transparencies*

1. ဖောက်ထွင်းမြင်နိုင်ခြင်း။ ကြည်လင်မှု။
2. ဖလင်ကား။ ဆလိုက်ပုံ။
3. ပရိယာယ်ကင်းမှု။ ပွင့်လင်းမှု။
4. ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုမ္ပဏီတစ်ခု၏ တန်ဖိုးအဆင့်အတန်း၊ ဈေးကွက်အနိမ့်အမြင့် စသည့် ငွေကြေးဆိုင်ရာ လိုအပ်သော သတင်းအချက်အလက်များနှင့် စာရင်းစစ်ပြီးသား ဘဏ္ဍာရေးအစီရင်ခံစာတို့ကို အဆင်သင့် ကြည့်ရှုနိုင်သည့် အနေအထား။

mgyoe.com

mgyoe.com

SAMPLE BOOK

# ရည်ညွှန်းစကား

အမှန်တရားကို ရှာဖွေနေသူတိုင်းအတွက်

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

● နိဒါန်း – အနာဂတ်သည် အတုအယောင်သာ ၉

အပိုင်း (၁) ပိုက်ဆံအတု

● အပိုင်း (၁) အတွက် မိတ်ဆက် ၂၇

၁။ ပိုက်ဆံအတု ၂၉

၂။ ဘုရားသခင်ကို ကျွန်တော်တို့ ယုံကြည်သည် ၄၅

၃။ ရွှေနှင့်ငွေ ဝယ်ယူခြင်းအတွက် လက်တွေ့ကျသော အကြောင်းပြချက် ခုနစ်ချက် ၆၄

၄။ ပိုက်ဆံအတုများ ရိုက်ထုတ်ခြင်း ၉၃

၅။ သင်ပိုက်ဆံ ဘယ်လောက်များများ ရိုက်ထုတ်နေပါသလဲ ၁၁၀

၆။ ကျွန်တော် ရွှေအစစ်၊ ငွေအစစ် ပိုင်ဆိုင်ထားရခြင်း၏ ဒဿနအကြောင်းပြချက် ရှစ်ချက် ၁၄၀

အပိုင်း (၂) ဆရာအတုများ

● အပိုင်း (၂) အတွက် နိဒါန်း ၁၆၅

၇။ ပညာရှိသုံးပါးကို ဘာက ပညာရှိစေတာလဲ ၁၈၃

၈။ ကျောင်းပြန်တက်ခြင်း ၁၉၆

၉။ ငါးများများ ဘယ်လိုဖမ်းမလဲ ၂၁၄

mgyoe.com

mgyoe.com SAMPLE BOOK


၁၀။ အမှားတွေက ဘာကြောင့်
အကောင်းဆုံး ဆရာအစစ် ဖြစ်ရတာလဲ ၂၃၈
၁၁။ ကျောင်းဆက်တက်ခြင်းက
လူတို့ကို ဘယ်လို ဆင်းရဲစေတာလဲ ၂၆၃
၁၂။ ပညာရေးလောကထဲမှ စွန့်ဦးတီထွင်သူများ ၂၈၄
၁၃။ ဘုရားသခင်၏ ကျောင်းသား ၃၀၈

အပိုင်း (၃) ရရန်ပိုင်ခွင့်အတုများ

● အပိုင်း(၃) အတွက် နိဒါန်း ၃၄၇
၁၄။ ဘာကြောင့် ငယ်ငယ်ရွယ်ရွယ် အငြိမ်းစားယူတာလဲ ၃၄၉
၁၅။ ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားလဲ ၃၈၃
၁၆။ ရေကြည်ထဲတွင် ငါးဖမ်းခြင်း ၄၂၇
၁၇။ အမေရိကန်ဒေါ်လာရဲ့ အဆုံးသတ်လား ၄၅၀
၁၈။ ပိုမိုတောက်ပသော
အနာဂတ်အောင်မြင်မှုအတွက် ပြင်ဆင်ခြင်း ၄၇၇
၁၉။ ကြက်တွေ မောင်းနှင်နေတဲ့ ကမ္ဘာတစ်ခုထဲမှာ
သိမ်းငှက်တွေနဲ့အတူ ဘယ်လိုပျံသန်းမလဲ ၅၀၂

❑

mgyoe.com

mgyoe.com SAMPLE BOOK

## နိဒါန်း
# အနာဂတ်သည် အတုအယောင်သာ

ဤစာအုပ်ကို ၂၀၁၈ ခုနှစ် ဧပြီတွင် အပြီးသတ်သည်။ ၂၀၁၈ ဆောင်းတွင်းတစ်တွင်းလုံး တည်းဖြတ်သည်။

၂၀၁၈ ခုနှစ်၊ မေ ၂၈ ရက်တွင် ကျွန်တော် လမ်းလျှောက်လာစဉ် စာအုပ်အရောင်းစင် တစ်ခုကို တွေ့မိ၍ စေ့စေ့စပ်စပ်ကြည့်လိုက်မိသည်။ စင်ပေါ်မှ စာအုပ်များက မဂ္ဂဇင်းများက "ငါ့ကိုကြည့်ပါ"၊ "ငါ့ကို ယူပါ"၊ "ငါ့ကို ဝယ်ပါ"၊ "ငါ့ကို ဖတ်ပါ" ဟု တစာစာ အော်နေကြသလို။

မျက်နှာဖုံးတွင် မိန်းမလှလေးများနှင့် မြန်နှုန်းမြင့်ကားများ ပါဝင်သော မဂ္ဂဇင်းများက အသံပိုကျယ်သည်မှာ မြင်သာပါသည်။ ထိုအချိန်မှာပင် တိုင်းမ်မဂ္ဂဇင်း၏ မျက်နှာဖုံးက ကျွန်တော့်ကော်လာကို ဆွဲလိုက်ပြီး "မင်း ငါ့ကို ဖတ်ကို ဖတ်ရမယ်" ဟု ပြောလိုက်လေသည်။ မျက်နှာဖုံးခေါင်းကြီးက ယခုလိုအော်နေသည်။

**ကျွန်တော့် မျိုးဆက်က အမေရိကကို ဘယ်လိုဖျက်ဆီးသွားလဲ။**

ထိုမဂ္ဂဇင်းဆောင်းပါးသည် ကျွန်တော့်အပေါ် သက်ရောက်မှု ကြီးမားခဲ့ပြီး ဤစာအုပ်ထုတ်ဝေမှုကို နှောင့်နှေးသွားစေခဲ့သည်။

mgyoe.com

mgyoe.com  SAMPLE BOOK

**ပဟေဠိ၏ နောက်ဆုံး အပိုင်းအစ**

စာဖတ်သူအနေဖြင့် အပိုင်းအစ ၁၀၀၀ ပါဝင်သော အရုပ်ဆက် ပဟေဠိ ကစားနည်းကို ကစားဖူးပါသလား။ ကိုယ်လိုချင်သည့် အပိုင်းအစတစ်ခုကို ၁၀၀၀ သော အပိုင်းအစများထဲမှ နာရီပေါင်းများစွာကြာအောင်၊ တစ်ခါတစ်ရံ ရက်ပေါင်း များစွာကြာအောင်၊ တစ်ခါတစ်ရံ သီတင်းပတ်များစွာကြာအောင် ရှာဖွေဖူးပါသလား။

တိုင်းမ်မဂ္ဂဇင်းထဲမှ ဆောင်းပါးသည် ကျွန်တော်လိုချင်နေသော နောက်ဆုံး ပဟေဠိအပိုင်းအစ ဖြစ်သည်။ ထိုအပိုင်းအစသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့၏ ပန်းချီကားတစ်ချပ်ကို ဖန်တီးပေးသည်။ Fake တွင် ထိုဆောင်းပါး ပါဝင်ဖို့ လိုအပ်သည်။ ထို့ကြောင့် Fake ကို ပြန်ရေးဖို့ လိုအပ်လာသည်။

**လူ့မလိုင်များ**

၂၀၁၈ ခုနှစ်၊ မေ ၂၈ ရက်ထုတ် တိုင်းမ်မဂ္ဂဇင်းပါ စတီဗင်ဘရေးလ်၏ ဆောင်းပါးသည် ပညာတတ်လူ့မလိုင်များအကြောင်းဖြစ်သည်။ ဘရေလ်ကိုယ်တိုင်လည်း ပညာတတ် လူ့မလိုင် တစ်ယောက်၊ မက်ဆာချူးဆက်ရှိ လူ့မလိုင် သားသမီးများသာတက်သော ဒီးယားဖီးလ်ဒ် အကယ်ဒမီ ပုဂ္ဂလိကကျောင်းတွင် တက်ခဲ့ပြီးနောက် ယေးလ်တက္ကသိုလ်နှင့် ယေးလ်ဥပဒေ ကျောင်းတို့မှ ဘွဲ့ရသည်။

စတီဗင်ဘရေးလ်၏ ဆောင်းပါးမှ ထုတ်နုတ်ဖော်ပြရလျှင်...

ကျွန်တော်တို့မျိုးဆက် (ဘေဘီဘွန်မာမျိုးဆက်) ထဲက အောင်မြင်တဲ့သူတွေဟာ ထိပ်ဆုံးတက္ကသိုလ်တွေကနေ ဘွဲ့ရပြီး ပရော်ဖက်ရှင်နယ်ကမ္ဘာတွေထဲကို ဝင်လာကြတဲ့သူတွေ ဖြစ်တဲ့အလျောက် သူတို့ရဲ့ ပုဂ္ဂိုလ်ရေးအောင်မြင်မှုတွေဟာ များသောအားဖြင့် လူ့အဖွဲ့အစည်းအတွက် စိုးရိမ်စရာ အကျိုးဆက်တွေ ရှိနေတတ်တယ်။

အဓိပ္ပာယ်ဖွင့်ဆိုချက် – လူ့မလိုင်တို့သည် သူတို့ကိုယ်သူတို့ လောဘတကြီး ဂရုစိုက်ကြခြင်းဖြင့် အခြားသူတို့ကို ထိခိုက်စေတတ်ကြသည်။

သူတို့က ရရန်ပိုင်ခွင့် အသစ်တွေကို ဖန်တီးပြီးတော့ စီးပွားရေးကို တည်ဆောက်ရမယ့်အစား ပတ်ဝန်းကျင်မှာရှိနေတဲ့ ရရန်ပိုင်ခွင့်တွေကိုပဲ နေရာရွှေ့ပြောင်းတဲ့နည်းလမ်းနဲ့ တည်ဆောက်ထားတဲ့ စီးပွားရေးတွေကို ပဲ ဖန်တီးကြတယ်။

အဓိပ္ပာယ်ဖွင့်ဆိုချက် – လူ့မလိုင်တို့သည် စီးပွားရေးအသစ်များ ဖန်တီးဖို့၊ ထုတ်ကုန်အသစ်များ ဖန်တီးဖို့၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးဖို့၊ အမေရိကန်စီးပွားရေး

mgyoe.com

mgyoe.com  SAMPLE BOOK

ကို ပြန်လည်တည်ဆောက်ဖို့ မလုပ်ကြဘဲ သူတို့ဘာသာ သူတို့ ချမ်းသာအောင်သာ အာရုံစိုက်ထားကြသည်။

သူတို့က ထူးခြားဆန်းပြားတဲ့၊ အန္တရာယ်များတဲ့ ငွေကြေးဆိုင်ရာ ကိရိယာတန်ဆာပလာတွေကို ဖန်တီးကြတယ်။ အဲဒါတွေထဲမှာ ဆင့်ပွားပိုင်ဆိုင်မှု (derivatives) တွေ၊ credit default swaps တွေ ပါဝင်ပါတယ်။ အဲဒါတွေက ချက်ချင်းရတဲ့ အကျိုးအမြတ်တွေနဲ့ ချိုမြိန်လှပါတယ်။ ဒါပေမဲ့ သူတို့ တစ်ယောက်ချင်းစီအနေနဲ့ ဖြစ်လာမယ့်အကျိုးဆက်အတွက် ခေါင်းခံထားရသူတွေဆီကနေ အန္တရာယ်တွေကို ခွဲဝေယူလိုက်ကြရတယ်။

**အစိမ့်ပွာယ်ဖွင့်ဆိုချက်** – လူ့မလိုင်တို့သည် ၎င်းတို့နှင့် ၎င်းတို့ မိတ်ဆွေအပေါင်းအသင်းများ ချမ်းသာစေရန် ရရန်ပိုင်ခွင့်အတုများကို ဖန်တီးကြပြီး ကျန်လူများအားလုံးကို ချွတ်ခြုံကျစေသည်။ လူ့မလိုင်တို့ မအောင်မြင်ချိန်တွင် အပိုဆုကြေးများ ရရှိကြသည်။ မေမေ၊ ဖေဖေနှင့် သူတို့၏ ရင်သွေးများသည် လူ့မလိုင်တို့၏ မအောင်မြင်မှုများအတွက် မြင့်မားသော အခွန်အခများနှင့် ငွေဖောင်းပွခြင်းတို့မှ တစ်ဆင့် ပေးဆပ်ကြရသည်။

**ပဟေဠိ၏ ပထမဆုံး အပိုင်းအစ**

ဘရေးလ်၏ဆောင်းပါးသည် ကျွန်တော့် ပဟေဠိအတွက် နောက်ဆုံး အပိုင်းအစဖြစ်သည်။ ပထမဆုံးအပိုင်းအစမှာမူ ၁၉၈၃ ခုနှစ်က ဖတ်ခဲ့သည့် Grunch of Giants စာအုပ်ပင်။

Grunch ဆိုသည်မှာ Gross Universal Acsh Heist ကို အတိုကောက်ပြု ထားခြင်းဖြစ်သည်။ အနာဂတ္တိပညာရှင်အဖြစ်လည်းကောင်း၊ ဂျီအိုဒေးဆစ် လိပ်ခုံးတီထွင်သူအဖြစ်လည်းကောင်း ကျော်ကြားသော ဒေါက်တာ အာရ်၊ ဘက်မင်စတာဖူလာ ရေးသားသည့် စာအုပ်ဖြစ်သည်။

**၆၇ ခုနှစ် ကုန်စည်ပြပွဲမှ အမေရိကန်ပြခန်း**


၁၉၆၇ ခုနှစ်တွင် ကျွန်တော်သည် Expo 67: Man and His World ကုန်စည်ပြပွဲကို သွားရောက်ကြည့်ရှုရန် နယူးယောက်မှ မွန်ထရီယယ်သို့ လမ်းကြုံကား တားစီးပြီး ထွက်လာခဲ့သည်။ ကနေဒါ၌ ကျင်းပသည့် ထိုပြပွဲသည် ကမ္ဘာ့အနာဂတ်ပြပွဲဖြစ်သည်။ ထိုပွဲရှိ အမေရိကန်ပြခန်းမှာ ဖူလာ၏ ဂျီအိုဒေးဆစ် လိပ်ခုံးအဆောက်အအုံကြီးဖြစ်သည်။

မွန်ထရီယယ်တွင် ဖူလာနှင့် မတွေ့ခဲ့ရပါ။ သို့သော် ကျွန်တော်သည် ၁၉၈၁၊ ၈၂၊ ၈၃ ခုနှစ်တို့တွင် သူ့ထံပါး၌ အကြိမ်ကြိမ် ဆည်းကပ်သင်ယူခွင့်ရလောက်အောင် ကံကောင်း

mgyoe.com

mgyoe.com

SAMPLE BOOK



ခဲ့သည်။ ယခု တွေ့မြင်ရသည့်ပုံမှာ ၁၉၈၁ ခုနှစ်၊ ကာလီဖိုးနီးယားပြည်နယ် ကာ့ခ်ဝုဒ်ရှိ တာဟိုးရေကန်အနီးတွင် တစ်ပတ်ကြာကျင်းပသော 'စီးပွားရေးအနာဂတ်' ဆိုသည့်ပွဲ၌ ကျွန်တော်နှင့် ဖူလာတို့ ရိုက်ထားသည့်ပုံ ဖြစ်သည်။ ကျွန်တော့်အတွက်တော့ ထိုပွဲကို ဖူလာနှင့်အတူ ဆင်နွှဲခွင့်ရခြင်းသည် ဘဝအချိုးအကွေ့တစ်ခု၊ ကြီးမားသည့် အပြောင်းအလဲကြီး တစ်ခုပင်။



အဆိုတော် ဂျွန်ဒန်ဗာက သူ၏ What One Man Can Do သီချင်းတွင် ဖူလာကို 'အနာဂတ်၏ ဘိုးအေကြီး' ဟု ဂုဏ်ပြုထားသည်။

ဖူလာသည် ၁၉၈၃ ခုနှစ် ဇူလိုင် ၁ ရက်တွင် ကွယ်လွန်သည်။ ကျွန်တော် နောက်ဆုံးအကြိမ် သူ့ထံမှ ပညာသင်ယူပြီး သီတင်းသုံးပတ်ခန့်အကြာတွင် ဖြစ်သည်။ သူရေးသည့် Grunch of Giants စာအုပ်ကို ထွက်ထွက်ချင်း ရရှိခဲ့ပြီး ဖတ်ရှုခဲ့သည်ကို ပြန်မှတ်မိနေသည်။ ချမ်းသာသောဖေဖေက ကျွန်တော်နှင့် သူ့သားတို့ကို သင်ကြားပြသပေးခဲ့သည့်အရာများနှင့် တူညီသည့် စကားတော်တော်များများကို ဖူလာ ပြောခဲ့သည်။ Grunch သည် အလွန့်အလွန် ချမ်းသာကြွယ်ဝသူများက ကမ္ဘာကြီးကို ချွတ်ခြုံကျအောင် ဘယ်လိုလုပ်နေကြလဲ ဆိုသည့် အကြောင်းဖြစ်သည်။ Grunch သည် ကျွန်တော့် ပဟေဠိ အပိုင်းအစ ၁၀၀၀ ၏ ပထမဆုံး

mgyoe.com

mgyoe.com
SAMPLE BOOK


အပိုင်းအစ ဖြစ်သည်။

၁၉၈၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကျွန်တော် လေ့လာသည်၊ ဖတ်မှတ်သည်၊ ဟောပြောပွဲများတက်၍ နားထောင်သည်၊ Grunch ပဟေဠိ အစိတ်အပိုင်းတို့ ဖြစ်မည်ဟု ထင်မြင်ယူဆရသူ မည်သူ့ထံမှမဆို သင်ယူသည်။

ဤစာအုပ်၏ အပိုင်း(၂) ဖြစ်သည့် 'ဆရာတုများ' အပိုင်းတွင် ကျွန်တော် တွေ့ဆုံခဲ့ရသော၊ ဖတ်မှတ်ခဲ့ရသော၊ လေ့လာသင်ယူခဲ့ရသော ဆရာအစစ်အမှန် အချို့ကို စာရင်းပြုစု ဖော်ပြထားသည်။ ဆရာအစစ်အမှန်တို့သည် ပဟေဠိ၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။

Grunch ကို ဖတ်ပြီး ၃၅ နှစ်အကြာ ၂၀၁၈ ခုနှစ်၊ မေ ၂၈ ရက်တွင် ကျွန်တော်သည် တိုင်းမ် မဂ္ဂဇင်းထဲမှ ဘရေးလ်၏ ဆောင်းပါးကို ခရီးသွားဟန်လွဲ တွေ့လိုက်ရသည်။ ယင်းမှာ ကျွန်တော့် ပဟေဠိ၏ နောက်ဆုံးအပိုင်းအစ ဖြစ်လာသည်။

ဖူလာသည် အနာဂတ္တိ ပညာရှင်တစ်ဦး၊ Grunch တွင် ထည့်သွင်းရေးသားထားသည့် သူ့ဟောကိန်းများနှင့် စိုးရိမ်မှုများမှာ ယနေ့ခေတ်တွင် တကယ် ဖြစ်လာသည်။ ထို့ကြောင့်ပင် ဘရေးလ်၏ ဆောင်းပါး 'အချိန်ကိုက်' ပေါ်ထွက်လာရခြင်းလည်းဖြစ်သည်။

ဘရေးလ်၏ဆောင်းပါးသည် ဤစာအုပ် ထွက်ရှိမှုကို နှောင့်နှေးစေခဲ့သည့်တိုင် သူ၏ အတွင်းကျကျအမြင်များကို ဖော်ပြထားသည့်အတွက် သူ့ကို ကျေးဇူးအထူးတင်ရှိပါသည်။ သူ ထုတ်ဖော်ထားသည်တို့မှာ အနည်းငယ်သော လူတစ်စုသာ တွေ့မြင်နိုင်သည့် ကမ္ဘာဖြစ်သည်။ အမေရိက၏ အကောင်းဆုံး၊ အတောက်ပဆုံး၊ စမတ်အကျဆုံး ပညာတတ် လူ့မလိုင်တို့၏ ကမ္ဘာဖြစ်သည်။

စာဖတ်သူ တအံ့တသြဖြစ်သွားနိုင်သည့် နာမည်ကျော်ကြားသော လူ့မလိုင်အချို့ကို ဖော်ပြပါမည်။

သမ္မတ ဘီလ်ကလင်တန်

နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်

သမ္မတ ဘားရတ်အိုဘားမား

သမ္မတ ဂျော့ဂျ်၊ အိပ်ချ်၊ ဒဗလျူ၊ ဘုရှ်

သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်

ဗဟိုဘဏ် ဥက္ကဋ္ဌ ဘင် ဘာနန်ကေး

ဗဟိုဘဏ် ဥက္ကဋ္ဌ ဂျဲနက် ယဲလင်

အထက်လွှတ်တော် အမတ် မစ် ရွှမ်မနီ

ထိုသူတို့နှင့်အတူ ကမ္ဘာတစ်ဝန်းရှိ အခြားသော လူ့မလိုင်တို့သည် ကမ္ဘာကြီးကို

mgyoe.com

mgyoe.com

SAMPLE BOOK

မောင်းနှင်နေကြခြင်းဖြစ်ပါသည်။

**မသမာသူတို့၏ အရုပ်တော်ပုံကို ဖြေထုတ်ပြခြင်းမဟုတ်**

ထို လူ့မလိုင်တို့သည် လူဆိုးများဟု ကျွန်တော် ပြောနေခြင်းမဟုတ်ပါ (အချို့ကတော့ ဟုတ်ကောင်း ဟုတ်နိုင်ပါသည်)။ သို့တည်းမဟုတ် မသမာသူတို့၏ အရုပ်တော်ပုံကို ဖြေထုတ်ပြခြင်းမျိုးလည်း မဟုတ်ပါ။ သူတို့အနေဖြင့် သံသယအကျိုးကို ခံစားကြပါစေ။ ထိုသူများထဲမှ အများစုတို့သည် လူကောင်းများဟု ကျွန်တော် ယုံကြည်သည်။ သူတို့ 'မှန်သည်'ဟု ထင်သည်ကို လုပ်နေကြခြင်းဖြစ်သည်။ ပြဿနာမှာ သူတို့သည် လွန်စွာမှ ထက်မြက်သူများဖြစ်နေကြခြင်းကြောင့် သူတို့ထဲတွင် ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်သည့် ခလုတ် အများအားဖြင့် ပါလာလေ့ မရှိခြင်းပင်။ ထိုခလုတ်မပါခြင်းကြောင့် သူတို့ မှန်သည် ထင်ရာကို ဆက်လုပ်ကြတော့သည်။ သူတို့လုပ်နေသည့် အရာများသည် သန်းထောင်နှင့်ချီသော အပြစ်မဲ့သူတို့ကို ဖျက်ဆီးနေသည့်တိုင် ဆက်လုပ်ကြပါသည်။

**Grunch ဆိုတာ ဘယ်သူတွေလဲ**

Grunch(ဂရန့်ချ်) တို့နှင့် ပညာတတ် လူ့မလိုင်တို့မှာ တစ်ထပ်တည်း ကျစရာမလိုပါ။ ဖူလာကလည်း လူ့မလိုင် တို့ကို Grunch များဟု မရည်ညွှန်းခဲ့။ ဖူလာ၏ လက်ချာများနှင့် စာအုပ်များအရ လူ့မလိုင်တို့သည် ရုပ်သေးရုပ်များ၊ ဂရန့်ချ်တို့သည် ရုပ်သေးကြိုးကိုင်များဟု ကျွန်တော် မှတ်သားမိသည်။ ကျွန်တော်တို့ သိကြသည့်အတိုင်း ရုပ်သေးပညာရှင်တို့ကို မြင်ရခဲလှ၏။ သူတို့သည် ကန့်လန့်ကာနောက်ကွယ်တွင်သာ နေလိုကြသည်။ ဤစာအုပ်တွင် ရုပ်သေး ကြိုးကိုင်တို့ကို အလင်းရောင်အောက် ဆွဲထုတ်ပြနိုင်ဖို့ ကျွန်တော် အကောင်းဆုံး ကြိုးစားထားပါသည်။

**ဘယ်ဟာက အစစ်အမှန်လဲ ... ဘယ်ဟာက အတုလဲ**

စာဖတ်သူသည် ဂူအောင်းနေထိုင်သူတစ်ယောက် မဟုတ်လျှင် ယနေ့ခေတ်၏ 'ဒီဟာက အတု'၊ 'ဟိုဟာက အတု' ဆိုသည့် နေ့စဉ်သုံးစကားတို့ကို ကြားနေ မြင်နေရပါလိမ့်မည်။ တစ်ချိန်က ကျွန်တော်တို့ ယုံကြည်ခဲ့သည်တို့မှာ ယနေ့ခေတ်တွင် အတုများ ဖြစ်သွားကြပါပြီ။

သမ္မတ ဒေါ်နယ်ထရမ့်သည် မီဒီယာများကို 'သတင်းတုများ' ဖန်တီးနေသည်ဟု ပြောခြင်းဖြင့် လူကြိုက်များလာသည်။ လူမှုကွန်ရက် မီဒီယာပေါ်တွင် လူတော်တော်များများသည် နောက်လိုက်အတုများ ရထားကြသည်။ သန်းနှင့်ချီသော လူတို့သည် ရိုးလက်စ်အတု၊

mgyoe.com

mgyoe.com  SAMPLE BOOK

လူးဝစ်ဗစ်တန်အတု၊ ဗားဆေ့စ်အတုများကို ဝယ်ရန် ဘီလီယံနှင့်ချီပြီး သုံးစွဲနေကြသည်။ ထို့ပြင် ဆေးဝါးအတုများပင် ရှိနေပါပြီ။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်တွင် တိုင်းမ်မဂ္ဂဇင်းက ရော်ဂျာမက္ကနီး၏ Zucked စာအုပ်ထဲမှ သတင်းနှင့် သတင်းမှား (သတင်းတု) အကြောင်းကို ယခုလို ဆွဲထုတ်ဖော်ပြထားသည်။ "ဖေ့စ်ဘွတ်ခ်ပေါ်မှာ သတင်းနဲ့ သတင်းမှားက အတူတူလိုပဲ မြင်ရတယ်။ တစ်ခုတည်းသော ကွဲပြားခြားနားချက်က သတင်းမှားတွေဟာ ပိုက်ဆံပိုဝင်တာကြောင့် ပိုပြီး ကောင်းကောင်းမွန်မွန် ဆက်ဆံခံရတာပါပဲ" ဟု ရေးထားခြင်းဖြစ်သည်။

ထိုသတင်းမှား ကွင်းဆက်အမျိုးအစားသည် လူတော်တော်များများကို နှိုးဆွ၊ ဒေါသထွက်စေပြီး တုံ့ပြန်လာစေသည်။

Deep Fake

Deep Fake ဆိုသည်မှာ နည်းပညာ အသစ်တစ်မျိုးကို ခေါ်သည့်အမည်။ ထိုနည်းပညာသည် အပျော်တမ်းသမားတို့ကိုပင် နာမည်ကျော်ပုဂ္ဂိုလ်တို့၏ ရုပ်နှင့် အသံများ အတုလုပ်ထားသည့် ဗီဒီယိုတို့ကို ဖန်တီးစေနိုင်သည်။ ခန့်မှန်းထားသလိုပင် နာမည်ကျော် ရုပ်ရှင် အနုပညာရှင်များအား အပြာမင်းသမီးများဖြစ်အောင် လုပ်သည့်နေရာတွင် ထိုနည်းပညာကို အများဆုံး သုံးကြပါတော့သည်။ အကယ်၍များ အင်အားကြီးနိုင်ငံတစ်ခုမှ ခေါင်းဆောင်တစ်ယောက်က အခြားနိုင်ငံတစ်နိုင်ငံကို စစ်ကြေညာသည့်ပုံစံမျိုးအတွက် ထိုနည်းပညာကိုသုံးခဲ့လျှင် ပို၍ မခက်ပါလား။ ရိုးရိုးပြောရလျှင် ကျွန်တော်တို့၏ မျက်စိနှင့် နားတို့ကို ယုံ၍မရတော့။ ယနေ့ ကမ္ဘာတွင် အစစ်နှင့် အတု ခွဲခြားခြင်းသည် ဆင်းရဲချမ်းသာ၊ စစ်နှင့် ငြိမ်းချမ်းရေး၊ ရှင်သန်ခြင်းနှင့် သေဆုံးခြင်းတို့ကို ခွဲခြမ်းစိတ်ဖြာရသလို ဖြစ်လာပါပြီ။

ဤစာအုပ်အကြောင်း

ဤစာအုပ်သည် ထူးခြားသည့် အတုသုံးမျိုးအကြောင်းဖြစ်သည်။


၁။ **ပိုက်ဆံအတု** – ပိုက်ဆံအတုတို့သည် ချမ်းသာသူတို့ကို ပို၍ ချမ်းသာလာစေပြီး တစ်ချိန်တည်းမှာပင် ဆင်းရဲသားတို့နှင့် လူလတ်တန်းစား တို့ကို ပို၍ဆင်းရဲသွားစေသည့် စွမ်းအားရှိသည်။

၂။ **ဆရာအတုများ** – သင့်ကို ကျောင်းက ပိုက်ဆံအကြောင်း ဘာသင်ပေး လိုက်ပါသလဲ။ လူများစု၏ ထိုမေးခွန်းအတွက်အဖြေမှာ "ဘာမှ မသင်ပေးလိုက်ဘူး" ဟု ဖြစ်ပါလိမ့်မည်။ ဆရာအများစုသည် ကြီးမြတ်သော ပုဂ္ဂိုလ်များသာ။

mgyoe.com

mgyoe.com SAMPLE BOOK


**THE GAP**
Changes in Share of Income vs 1979, after taxes and inflation





သို့သော် ကျွန်တော်တို့၏ ပညာရေးစနစ်မှာ ပျက်စီးနေသည်၊ အသုံးမကျ ဖြစ်နေသည်၊ ကျောင်းသားများကို လက်တွေ့ကမ္ဘာ အတွက် ပြင်ဆင်ပေးရန် ပျက်ကွက်နေသည်။ ကျောင်းသားများကို အလင်းရောင်ရှိရာသို့ လမ်းညွှန်ပေးရမည့်အစား သန်းနှင့်ချီသော လူငယ်တို့ကို ငွေကြေးအမှောင်တိုက်ထဲသို့ ဆွဲသွင်းနေသည်။ ထို့ပြင် အဆိုးဆုံးသော ကြွေးမြီနွံကိုလည်း နစ်စေပြန်သည်။ ယင်းမှာ ကျောင်းသားချေးငွေ။ ကျောင်းသားချေးငွေမှာ တစ်နှစ်တစ်နှစ် အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံ ကျော်သည်။ ရရန်ပိုင်ခွင့်ရှိသူမှာ အမေရိကန်အစိုးရ။ ရာဇဝတ်လောကတွင် ထိုလုပ်ရပ်ကို 'ခြိမ်းခြောက် ငွေညှစ်ခြင်း' (extortion) ဟု ခေါ်ကြသည်။

**Extortion အဓိပ္ပာယ်ဖွင့်ဆိုချက် -**

၁။ (အင်အားသုံးခြင်းဖြင့်) ငွေ သို့မဟုတ် ပိုင်ဆိုင်မှုကို ခြိမ်းခြောက်ရယူခြင်း၊ အထူးသဖြင့် တာဝန်ရှိသူတစ်ယောက်က ထိုသို့လုပ်သည့် ပြစ်မှု။

၂။ အလွန်အကျွံ စရိတ်တင်ခြင်း။

mgyoe.com




၃။ ရရန်ပိုင်ခွင့်အတုများ – ကျွန်တော်တို့အနေဖြင့် အရင်ဆုံး ရရန်ပိုင်ခွင့်တစ်ခုနှင့် ပေးရန်တာဝန် တစ်ခုကြားမှ ကွာခြားချက်ကို အဓိပ္ပာယ်ဖွင့်ဆိုပြီး သဘောပေါက်နားလည်ဖို့ လိုပါလိမ့်မည်။

## ငွေကြေးဆိုင်ရာ ပညာရေး သင်ခန်းစာ

ရရန်ပိုင်ခွင့်တို့သည် သင့်အိတ်ထဲသို့ ပိုက်ဆံ ထည့်ပေးသည်။ ပေးရန် တာဝန်တို့သည် သင့်အိတ်ထဲမှ ပိုက်ဆံတို့ကို နှိုက်ထုတ်သည်။

"ငါတို့အိမ်က ငါတို့ရဲ့ အကြီးမားဆုံးပိုင်ဆိုင်မှု (ရရန်ပိုင်ခွင့်) ပဲဟေ့" ဟု ကျွန်တော့်ဆင်းရဲသောဖေဖေက အမြဲပြောလေ့ရှိသည်။ ချမ်းသာသောဖေဖေကမူ "မင်းတို့အိမ်က ရရန်ပိုင်ခွင့်မဟုတ်ပါဘူးကွာ၊ ပေးရန်တာဝန်ပါ"ဟု ဆိုသည်။ သန်းနှင့်ချီသော လူတို့အနေဖြင့် ၎င်းတို့၏အိမ်များကို ရရန်ပိုင်ခွင့်ဟု ယုံကြည်ထားကြသည်။

၂၀၀၈ ခုနှစ်တွင် အိမ်ခြံမြေဈေးကွက် ပြိုလဲသည်။ ဆန်ဖရန်စစ္စကို၊ နယူးယောက်၊ ဟိုနိုလူလူတို့လို အိမ်ခြံမြေဈေး မြင့်တက်လာသည့် မြို့ကြီးအချို့မှလွဲ၍ ကမ္ဘာပေါ်ရှိ ကျန်မြို့အများအပြားတွင် အိမ်ခြံမြေဈေးနှုန်းသည် ပုံမှန်ပြန် မဖြစ်သေးပေ။


## အိမ်ခြံမြေ ပြိုလဲမှုမဟုတ်

အိမ်ခြံမြေ ပြိုလဲမှုသည် အိမ်ခြံမြေ ပြိုလဲမှုမဟုတ်။ ယင်းမှာ ရရန်ပိုင်ခွင့်အတုများကြောင့် ဖြစ်လာရခြင်းပင်။ ဘရေးလ်၏ ဆောင်းပါးတွင် ဖော်ပြထားသော

mgyoe.com

mgyoe.com

SAMPLE BOOK




ရရန်ပိုင်ခွင့်အတုများနှင့် အတူတူဖြစ်သည်။ သူပြောသည်ကို ထပ်မံဖော်ပြရန် လိုအပ်သောကြောင့် ထပ်မံဖော်ပြပါမည်။

သူတို့(လူ့မလိုင်တွေ)က ထူးခြားဆန်းပြားတဲ့၊ အန္တရာယ်များတဲ့ ငွေကြေးဆိုင်ရာ ကိရိယာတန်ဆာပလာတွေကို ဖန်တီးကြတယ်။ အဲဒါတွေထဲမှာ ဆင့်ပွားပိုင်ဆိုင်မှု (derivatives) တွေ၊ credit default swaps တွေ ပါဝင်ပါတယ်။ အဲဒါတွေက ချက်ချင်းရတဲ့ အကျိုးအမြတ်တွေနဲ့ ချိုမြိန်လှပါတယ်။ ဒါပေမဲ့ သူတို့ တစ်ယောက်ချင်းစီအနေနဲ့ ဖြစ်လာမယ့် အကျိုးဆက်အတွက် ခေါင်းခံထားရသူတွေဆီကနေ အန္တရာယ်တွေကို ခွဲဝေယူလိုက်ကြရတယ်။

**ငွေကြေးဆိုင်ရာ အစုလိုက်အပြုံလိုက် ပျက်စီးသည့် လက်နက်များ**

ဆင့်ပွားပိုင်ဆိုင်မှုတို့ကို ဝါရင်းဘက်ဖက်က ‘ငွေကြေးဆိုင်ရာ အစုလိုက် အပြုံလိုက် ပျက်စီးသည့် လက်နက်များ’ ဟု ခေါ်သည်။

သူ့ကုမ္ပဏီတစ်ခု၏ နှုန်းထားနှင့် အာမခံထားသည့် ဆင့်ပွားတို့အကြောင်း သူသိပါလိမ့်မည်။

၂၀၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ထရီလီယံ ၇၀၀ တန်ဖိုးရှိသော ဆင့်ပွားတို့ ပေါက်ကွဲသွားသည်။ ကမ္ဘာ့စီးပွားရေးတစ်ခုလုံးနီးပါးကို ဆွဲချသွားသည်။

mgyoe.com


mgyoe.com SAMPLE BOOK


အိမ်ခြံမြေဈေးကွက် ပျက်ရခြင်းအတွက် လူတော်တော်များများက 'အိမ်ခြံမြေ အကြွေးဝယ်သူ' တို့အပေါ် အပြစ်ဖို့ကြသည်။

အမှန်တကယ်မှာ လူ့မလိုင်တို့က ဆင့်ပွားဟုခေါ်သည့် ရရန်ပိုင်ခွင့်အတုများကို ဖန်တီးကြခြင်းဖြစ်သည်။ ဘဲရေးလ်ကလည်း ထိုအချက်ကို အတည်ပြုထားသည်။ ယင်းမှာ ပြဿနာအစစ်ဖြစ်သည်။

စကားလုံး ၁၀၀၀ နှင့်ညီမျှသည့် ပုံတစ်ပုံ

အောက်တွင် ဇယားတစ်ခုကို တွေ့ပါလိမ့်မည်။ ထိုဇယားမှာ ဒေါင်းဂျုံး စတော့ဈေးကွက်၏ ၁၂၅ နှစ်စာ ဇယားဖြစ်သည်။




ဘက်ကီဖူလာက မြင်ကွင်းကြီးကြီးကို ကြည့်ပြီးမှ မြင်ကွင်းသေးသေးကို ကြည့်ဖို့ ကျွန်တော်တို့ကို သင်ပေးသည်။ ကံမကောင်းစွာပင် ရင်းနှီးမြှုပ်နှံသူအများစုသည် မြင်ကွင်းသေးသေးကို ကြည့်ပြီး ပို၍သေးသော မြင်ကွင်းကို ဆက်ကြည့်ကြသည်။ ဥပမာအားဖြင့် ရင်းနှီးမြှုပ်နှံသူ အများစုသည် မနက်အိပ်ရာထပြီး သူတို့အကြိုက်ဆုံး စတော့တစ်ခု၏ အတက်အကျကို ကြည့်သည်။ ထို့နောက် အလုပ်သွားသည်။ သူတို့သည် ထိုသို့လုပ်ရာတွင် ဆရာကြီးများ ဖြစ်ကြပါလိမ့်မည်။ သို့သော် ပိုမိုကြီးမားသော မြင်ကွင်းကို မြင်နိုင်ခြင်းမရှိကြတော့ပေ။ ကမ္ဘာ့ဈေးကွက်အတွင်းရှိ ထောင်နှင့်ချီသော စတော့များအနက်မှ တစ်ခုသော စတော့ကို ကြည့်ခြင်း

mgyoe.com

mgyoe.com  SAMPLE BOOK

သည် အနာဂတ်အတွက် လုံလောက်သော သတင်းအချက်အလက်ကို ပေးစွမ်းနိုင်စရာ အကြောင်းမရှိပါ။

**အနာဂတ်ကို ဘယ်လိုကြည့်မလဲ**

"မင်းတို့ အနာဂတ်ကို မြင်ချင်ရင် တတ်နိုင်သမျှ အကြီးဆုံး မြင်ကွင်းကနေ စရမယ်" ဟု ဒေါက်တာဖူလာက သူ့တပည့်များကို သင်သည်။

ရှေ့တွင်ဖော်ပြထားသော ၁၂၅ နှစ်စာ ဇယားသည် ကြီးမားသည့် မြင်ကွင်းတစ်ခုကို နောက်ပြန်ကြည့်နိုင်စေသည့် တန်ဖိုးရှိသည်။ အချိန်နှင့်အမျှ ဖြစ်ပေါ်တိုးတက်မှုတို့အတွက် ပိုမိုကောင်းမွန်သော ရှုထောင့်တစ်ခုပင်။ ဤစာအုပ်ထဲတွင် ဖော်ပြထားသည့် အကြောင်းခြင်းရာအများစုသည် အဆိုပါ ၁၂၅ နှစ်စာ ဇယားနှင့် တစ်ပြေးညီ ဖြစ်ပေါ်တိုးတက်လာသည့် အရာများဖြစ်သည်။ ထို့ကြောင့် စာဖတ်သူအနေဖြင့် ကြီးမားသော မြင်ကွင်းကျယ်တစ်ခုမှ တစ်ဆင့် အနာဂတ်ကို ပိုမိုကောင်းမွန်စွာ မြင်နိုင်ပါလိမ့်မည်။

**ပိုက်ဆံသည် ကိုယ်ပျောက်ဝိဇ္ဇာ**

ဤစာအုပ်တွင် လေ့လာသင်ယူနိုင်သည့် နောက်တစ်ခုမှာ ပိုက်ဆံသည် ကိုယ်ပျောက်တတ်သည့်အကြောင်းဖြစ်သည်။ ဇယားများနှင့် ဂရပ်များသည် ကိုယ်ပျောက်ပိုက်ဆံများ ဈေးကွက်အမျိုးမျိုးအတွင်း ဝင်လိုက်ထွက်လိုက် လုပ်နေသည်ကို မြင်ရစေနိုင်သည်။ Rich Dad Poor Dad စာအုပ်တွင် ကျွန်တော်သည် ငွေစီးဆင်းမှုအကြောင်းကို ရေးခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် CASHFLOW ကစားနည်းကို ဇနီးဖြစ်သူ ကင်မ်နှင့်အတူ ဖန်တီးခဲ့ကြသည်။ ချမ်းသာသောဖေဖေက "သူဌေးတွေမှာ အဝင်ငွေတွေ ပိုစီးဆင်းပြီးတော့ ဆင်းရဲသားနဲ့ လူလတ်တန်းစားတွေမှာ အထွက်ငွေတွေ ပိုစီးဆင်းတယ်ကွ" ဟု မကြာခဏ ပြောလေ့ရှိသည်။

ဖူလာကလည်း "မင်းဆီ တည့်တည့်လာနေတဲ့အရာကို မင်း မမြင်နိုင်ဘူးဆိုရင် မင်း ရှောင်နိုင်မှာမဟုတ်ဘူး" ဟု သင်ကြားသည်။ ထို့ကြောင့် အနာဂတ်ကို မြင်အောင်ကြည့်ခြင်းသည် လွန်စွာမှ အရေးကြီးရခြင်းဖြစ်ပါသည်။

ကျွန်တော် ဤစာအုပ်ကို ရေးသားချိန်တွင် အလွန်ရိုးရှင်းလွယ်ကူစေဖို့ KISS (Keep It Super Simple) နည်းလမ်းကို သုံးပါသည်။ ထို့ကြောင့် စကားလုံးများ၊ အချက်အလက်များထက် ပိုမိုမြင်သာစေသည့် ဇယားများနှင့် ဂရပ်များ ပိုမိုပါဝင်နေခြင်းဖြစ်သည်။ စကားလုံးများ၊ အချက်အလက်များသည် လူများစုကို ငြီးငွေ့စေတတ်ပါသည်။

mgyoe.com

mgyoe.com  SAMPLE BOOK

**မဟာပြိုလဲမှု**

ဒေါင်းဇယားတွင် ၁၉၂၉ ခုနှစ် မဟာပြိုလဲမှုကို အလေးပေးဖော်ပြထားသည်မှာ အကြောင်းရှိပါသည်။ နောက်ပြန်လှည့်ပြီး ၁၉၂၉ မဟာပြိုလဲမှုကို ကြည့်ပါ။ ပြီးလျှင် ၂၀၀၀ ပြည့်နှစ် ဒေါ့ကွန်းပြိုလဲမှုနှင့် နှိုင်းယှဉ်ကြည့်ပါ။ ပြီးလျှင် ၂၀၀၈ ခုနှစ် ဆင့်ပွားပြိုလဲမှုနှင့် နှိုင်းယှဉ်ကြည့်ပါ။ ဖူလာ ဘာကြောင့် Grunch of Giants ကို ရေးရသလဲ၊ ကျွန်တော် ဘာကြောင့် Rich Dad Poor Dad ကို ရေးရသလဲ၊ စတီဗင်ဘရေးလ်က ဘာကြောင့် How My Generation Broke America ကို ရေးရသလဲဆိုသည့် အကြောင်းရင်းတို့ကို ပို၍ကောင်းကောင်း မြင်လာပါမည်။

ဘရေးလ်၏ အရေးအသားကို ပြန်ဖော်ပြပါဦးမည်။ အရေးကြီး၍ဖြစ်ပါသည်။

သူတို့ (လူ့မလိုင်တွေ) က ထူးခြားဆန်းပြားတဲ့၊ အန္တရာယ်များတဲ့ ငွေကြေးဆိုင်ရာ ကိရိယာတန်ဆာပလာတွေကို ဖန်တီးကြတယ်။ အဲဒါတွေထဲမှာ ဆင့်ပွားပိုင်ဆိုင်မှု (derivatives) တွေ၊ credit default swaps တွေ ပါဝင်ပါတယ်။ အဲဒါတွေက ချက်ချင်းရတဲ့ အကျိုးအမြတ်တွေနဲ့ ချိုမြိန်လှပါတယ်။ ဒါပေမဲ့ သူတို့ တစ်ယောက်ချင်းစီအနေနဲ့ ဖြစ်လာမယ့် အကျိုးဆက်အတွက် ခေါင်းခံထားရသူတွေဆီကနေ အန္တရာယ်တွေကို ခွဲဝေယူလိုက်ကြရတယ်။

ငွေကြေး ရုတ်တရက်တိုးပွားလာခြင်း၊ ရုတ်တရက် ပေါက်ကွဲထွက်ခြင်းတို့မှာ လူ့မလိုင်တို့က သူတို့၏ စနစ်ထဲသို့ ထရီလီယံနှင့်ချီသော ပိုက်ဆံအတုတို့ကို ရိုက်သွင်းလိုက်ခြင်းကြောင့် ဖြစ်သည်။

လူ့မလိုင်တို့က ထိုပြဿနာတို့ကို ဖြေရှင်းပေးပါသလား။ မဖြေရှင်းပေးပါ။ ပြဿနာက သူတို့ကို ပိုမိုချမ်းသာစေသည်ဆိုလျှင် ထိုပြဿနာကို ဘာကြောင့် ရှင်းစရာလိုပါမည်နည်း။ ဘာကြောင့် ပြောင်းလဲပါမည်နည်း။ ဘာကြောင့် မတူအောင် လုပ်ရပါမည်နည်း။ လူ့မလိုင်တို့အတွက် ဘဝသည် ချိုမြိန်လှပါသည်။

၂၀၀၈ ခုနှစ်အတွင်း ဆင့်ပွားပိုင်ဆိုင်မှုများမှာ အမေရိကန်ဒေါ်လာ ၇၀၀ ထရီလီယံနီးပါးရှိလာသည်။

၂၀၁၈ ခုနှစ်တွင် ဆင့်ပွားပိုင်ဆိုင်မှုများသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ကွာဒရီလီယံ အထိ ရှိလာခဲ့သည်။

မှန်ပါသည်။ လူ့မလိုင်တို့သည် ပြဿနာကို ပိုကြီးအောင် လုပ်ကြသည်။ နှစ်ဆနီးပါးကြီးလာခြင်းဖြစ်သည်။ ကျွန်တော် စာရေးနေသည့် ၂၀၁၉ ခုနှစ်တွင် ကွာဒရီလီယံချီသော ဒေါ်လာတို့သည် တစ်ခုခုဖြစ်ဖို့ စောင့်ဆိုင်းနေပြီ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


**ဤစာအုပ်၏ ရည်ရွယ်ချက်**

ကျွန်တော် စာအုပ်များ ရေးသားနေရခြင်းနှင့် ကက်ရှ်ဖလိုး ကစားနည်းကို ဖန်တီးခဲ့ရသည့် ရည်ရွယ်ချက်မှာ ကျွန်တော်တို့ စာဖတ်သူတို့လို သာမန်လူများ၊ ပညာတတ် လူ့မလိုင်မဟုတ်သူများအနေဖြင့် ပြိုလဲမှုတစ်ခုခုဖြစ်လာလျှင် ရှင်သန်နိုင်စေမည့်ဖြစ်နိုင်ခြေ၊ ပိုပြီးချမ်းသာစေကောင်းမည့် ဖြစ်နိုင်ခြေများကို ပေးလိုခြင်းဖြစ်ပါသည်။ လာမည့်ပြိုလဲမှုသည် ကွာဒရီလီယံဒေါ်လာနှင့်ချီသည့် ပြိုလဲမှုဖြစ်ပါသည်။

**ကိန်းဂဏန်းများအကြောင်း**

ဒီနေရာတွင် ကျွန်တော်တို့သည် များစွာသော သုညများအကြောင်း ပြောနေပါသည်။

**တစ်သန်းသည် မည်မျှနည်း**

လူတော်တော်များများသည် သန်းကြွယ်သူဌေး အိပ်မက်မက်ကြသည်။ တစ်သန်းသည် တစ်ထောင်၏ အဆတစ်ထောင်ဖြစ်သည်။

၁,၀၀၀ × ၁,၀၀၀ = ၁,၀၀၀,၀၀၀

တစ်ဘီလီယံသည် မည်မျှနည်း

တစ်ဘီလီယံသည် တစ်သန်း၏ အဆ တစ်ထောင်ဖြစ်သည်။

၁,၀၀၀,၀၀၀ × ၁,၀၀၀ = ၁,၀၀၀,၀၀၀,၀၀၀

တစ်ထရီလီယံသည် မည်မျှနည်း

တစ်ထရီလီယံသည် တစ်ဘီလီယံ၏ အဆ တစ်ထောင်ဖြစ်သည်။

၁,၀၀၀,၀၀၀,၀၀၀ × ၁,၀၀၀ = ၁,၀၀၀,၀၀၀,၀၀၀,၀၀၀

တစ်ကွာဒရီလီယံသည် မည်မျှနည်း

တစ်ကွာဒရီလီယံသည် တစ်ထရီလီယံ၏ အဆ တစ်ထောင်ဖြစ်သည်။

၁,၀၀၀,၀၀၀,၀၀၀,၀၀၀ × ၁,၀၀၀ = ၁,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀

ထိုအချက်များထဲမှ နောက်ထပ်မေးခွန်းတစ်ခု ထွက်လာပါသည်။ ဆင့်ပွား ပိုင်ဆိုင်မှုများထဲမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ကွာဒရီလီယံ ပေါက်ကွဲသွားလျှင် ဘာဖြစ်မလဲ။

ယင်းမှာ ကျွန်တော် FAKE ကို ရေးရခြင်း အကြောင်းရင်းဖြစ်ပါသည်။

ယခုလို စိတ်ချစရာအကြောင်းမရှိသည့် စီးပွားရေးမျိုးသည် ပညာတတ် လူ့မလိုင်တို့က ကျွန်တော်တို့၏ ပိုက်ဆံ၊ ကျွန်တော်တို့၏ ဆရာများ၊ ကျွန်တော်တို့၏ ရရန်ပိုင်ခွင့်များကို ထိန်းကွပ်နေသည့်အချိန်တွင် ပေါ်ထွက်လာသည့်အရာ ဖြစ်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK

မြင်ကွင်းထဲသို့ ထည့်ကြည့်ခြင်း

- လွန်ခဲ့သော တစ်ဘီလီယံ စက္ကန့်သည် ၁၉၈၇ ခုနှစ်ဖြစ်သည်။
- လွန်ခဲ့သော တစ်ဘီလီယံ မိနစ်တွင် ယေရှုသည် ကမ္ဘာမြေပေါ်တွင် လမ်းလျှောက်နေသည်။
- လွန်ခဲ့သော တစ်ဘီလီယံ နာရီက လူသားတို့သည် ဂူများထဲတွင် နေထိုင်ကြသည်။
- လွန်ခဲ့သော ရက်ပေါင်း တစ်ဘီလီယံတွင် လူသားဟူ၍ မရှိသေးပေ။
- အမေရိကန်အစိုးရသည် နှစ်နာရီတိုင်းတွင် ဒေါ်လာ ၁ ဘီလီယံ သုံးစွဲနေပါသည်။

၁၉၆၃ ခုနှစ်တွင် ဘက်ခ်မင်စတာဖူလာသည် ယခုအနာဂတ်ကို ဟောကိန်း ထုတ်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် CASHFLOW ကစားနည်းကို ဖန်တီးသည်။ ၁၉၉၇ ခုနှစ်တွင် Rich Dad Poor Dad စာအုပ် ထုတ်ဝေသည်။ ၂၀၁၈ ခုနှစ်တွင် စတီဗင်ဘရေးလ်က ဖူလာ မြင်ခဲ့သော အနာဂတ်သည် ယနေ့ကာလဖြစ်ကြောင်း အတည်ပြုသည်။ ထို့ကြောင့် ကျွန်တော် Fake စာအုပ်ထုတ်ဝေရန် နှောင့်နှေးခဲ့ရသည်။ ပြီးပြည့်စုံသော ပဟေဠိကားချပ်ကို မြင်တွေ့လိုသောကြောင့် ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း(၁)
# ပိုက်ဆံအတု

၁၉၇၁ ခုနှစ်တွင် သမ္မတ ရစ်ချတ်နစ်ဆင်သည်
အမေရိကန်ဒေါ်လာကို ရွှေပေါင်နှတ်ခဲ့သည်။
၁၉၇၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာသည် အစိုးရပိုက်ဆံ ဖြစ်လာသည်။
ချမ်းသာသောဖေဖေက အစိုးရပိုက်ဆံကို ပိုက်ဆံအတုဟု ခေါ်သည်။
သူက "ပိုက်ဆံအတုက သူဌေးတွေကို ပိုချမ်းသာစေတယ်"
ဟုလည်း ပြောသည်။
ကံမကောင်းစွာပင် ပိုက်ဆံအတုသည် ဆင်းရဲသားများနှင့်
လူလတ်တန်းစားများကို ပိုမိုဆင်းရဲစေသည်။
ထို့ကြောင့် Rich Dad Poor Dad စာအုပ်၏ သင်ခန်းစာ (၁) မှာ

"သူဌေးများသည် ပိုက်ဆံ(အတု)အတွက် အလုပ်မလုပ်"
ရစ်ချတ်၊ တီ၊ ကီယိုဆာကီ

mgyoe.com

## မှသား (၁)
## ပိုက်ဆံစုတာက သင့်ကို ချမ်းသာစေလိမ့်မယ်

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၁) အတွက် မိဟ်ဆက်

တကယ့်ငွေကြေးပညာ -
မျက်စိက မမြင်နိုင်တာကို စိတ်နဲ့ ကြည့်ပါ။
ရစ်ချတ်၊ တီ၊ ကီယိုဆာကီ

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

အခန်း(၁)

# ပိုက်ဆံအတု

## ကမ္ဘာကြီး ပြောင်းလဲတော့မည်

၁၉၇၂ ခုနှစ်တွင် ကျွန်တော်သည် မရိန်းတပ်မှ ပိုင်းလော့တစ်ယောက်။ တိုက်ခိုက်ရေး ရဟတ်ယာဉ် မောင်းနှင်ရသည့် လက်ဖတင်နင်တစ်ယောက်။ ဗီယက်နမ်ကမ်းရိုးတန်းရှိ လေယာဉ်တင်သင်္ဘောကြီးတစ်စင်းပေါ်တွင် အခြေစိုက်သည်။ ယင်းမှာ ကျွန်တော့် ဒုတိယမြောက် ဗီယက်နမ်ခရီးစဉ်။ ပထမခရီးစဉ်မှာ ၁၉၆၆ ခုနှစ်က။ အလယ်အလတ်တန်းစား သင်္ဘောသားတစ်ယောက်။ အမေရိကန် ကုန်သွယ်ရေကြောင်း အကယ်ဒမီ ကင်းစ်ပွိုင့်မှ ကျောင်းသားတစ်ယောက်။

၁၉၆၆ တွင် ကျွန်တော့်အသက်က ၁၉ နှစ်။ သံချေးအထပ်ထပ် တက်နေသည့် ကြီးမားသော ဗစ်တာသင်္ဘောကြီးပေါ်တွင် လိုက်ရသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်များ၊ အီတာလျံများ၊ ဂျပန်များကို လက်နက်ထောက်ပံ့ပေးရန် ရည်ရွယ်တည်ဆောက်ခဲ့သည့် သင်္ဘောကြီး။ ထိုသင်္ဘောအိုကြီးသည် ၁၉၆၆ ခုနှစ်တွင် ဗီယက်နမ်သို့ ပေါင် ၅၀၀၊ ပေါင် ၇၅၀၊ ပေါင် ၁၀၀၀ ရှိသော ဗုံးများ သယ်ဆောင်လာရသည်။

၁၉၇၂ ခုနှစ်တွင်တော့ ကျွန်တော့်အသက်က ၂၅ နှစ်။ အခြားသင်္ဘောတစ်စင်း

mgyoe.com

ပေါ်မှ ပိုင်းလော့တစ်ယောက်။ ယခုတစ်ကြိမ်တွင်တော့ နုလယာဉ်တင် သင်္ဘောကြီး။

**ချမ်းသာသောဖေဖေ့ထံမှစာ**

လေယာဉ်တင်သင်္ဘောပေါ်၌ ရှိနေစဉ်တစ်ရက် ချမ်းသာသောဖေဖေ့ထံမှ စာတစ်စောင် ရောက်လာသည်။ စာထဲတွင် "သမ္မတနစ်ဆင်ကတော့ ဒေါ်လာကို ရွှေပေါင်ကနေ နုတ်လိုက်ပြီ။ သတိထားတော့၊ ကမ္ဘာကြီး ပြောင်းလဲတော့မယ်" ဟု ရေးထားသည်။

သမ္မတနစ်ဆင်သည် ၁၉၇၁ ခုနှစ်၊ ဩဂုတ် ၁၅ ရက်တွင် အမေရိကန်ဒေါ်လာကို ရွှေပေါင်နုတ်လိုက်သည်။ ထိုအကြောင်းကို နာမည်ကျော် ရုပ်မြင်သံကြားအစီအစဉ် ဘွန်နန်ဇာမှ ကြေညာသွားသည်။ ကျွန်တော်သည် ထိုအစီအစဉ်ကို မကြည့်လိုက်ရသောကြောင့် သမ္မတ၏ အရေးကြီးသော ကြေညာချက်နှင့်လည်း လွဲချော်ခဲ့သည်။

**သတင်းမရကြသူများ**

၂၀၁၈ ခုနှစ်က ကျွန်တော် ရေးခဲ့ဖူးသလိုပင် နစ်ဆင်၏ ၁၉၇၁ ခုနှစ်က ပေးခဲ့သော သတင်းစကား၏ အရေးပါပုံကို လူများစု နားမလည်ကြသေးပေ။ ချမ်းသာသော ဖေဖေက "ကမ္ဘာကြီးပြောင်းလဲတော့မယ်"ဟု ပြောခဲ့သည့်အတိုင်း ပြောင်းလဲခဲ့သည်။ အမေရိကန်ဒေါ်လာကို ရွှေပေါင်နုတ်လိုက်ခြင်းသည် ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးသော အပြောင်းအလဲကြီးများထဲမှ တစ်ခု။ ကံမကောင်းစွာပင် ထိုအပြောင်းအလဲသည် ကျွန်တော်တို့ ဘဝများကို မည်မျှ ထိခိုက်စေခဲ့ကြောင်း တစ်ကမ္ဘာလုံးတွင် သိရှိနားလည်သူမှာ ယနေ့တိုင် အနည်းငယ်သာ ရှိသေးသည်။

**ရွှေရှာခြင်း**

၁၉၇၂ ခုနှစ်တွင် ကျွန်တော်သည် ကမ္ဘာကြီး ဘာကြောင့် ပြောင်းလဲသွားမှာလဲ၊ ဘယ်လိုပြောင်းလဲသွားမှာလဲဆိုသည်ကို မသိခဲ့။ သမ္မတနစ်ဆင်ပေးသည့် သတင်းစကားကို နားမလည်။ ချမ်းသာသောဖေဖေ၏ ၁၉၇၂ ခုနှစ် သတိပေးချက်သည် ကျွန်တော့်အတွက် စိတ်ဝင်စားစရာတော့ ဖြစ်ခဲ့သည်။

လေယာဉ်တင်သင်္ဘောပေါ်ရှိ ယာဉ်မှူးများနားနေခန်းတွင် ကျွန်တော်သည် ဝေါလ်စထရီ သတင်းစာတစ်စောင်ကို တွေ့ပြီး အဖြေရမလားဟု ရှာကြည့်မိသည်။

mgyoe.com

mgyoe.com SAMPLE•BOOK
ဝေါစထရိဂျာနယ်၏ မျက်မှာဖုံးမှာပင် ရွှေအကြောင်းသည် ပါလေကာမျှ။ ရွှေဈေးသည် တစ်အောင်စလျှင် ၃၅ ဒေါ်လာမှ တက်သွားပြီး ဒေါ်လာ ၄၀ နှင့် ၆၀ အကြား ကစားနေသည်ဆိုသည့်အချက်သာ ပါဝင်သည်။ ဆောင်းပါးတစ်ပုဒ်တွင်ဆိုလျှင် ရွှေဈေးသည် တစ်အောင်စလျှင် ဒေါ်လာ ၁၀၀ အထိ တက်သွားနိုင်သည်ဟု ခပ်ကြောင်ကြောင် ဟောကိန်းကိုပင် ဖတ်လိုက်ရသည်။

ရွှေဈေးမတည်ငြိမ်ခြင်းသည် ကျွန်တော့်ကို စိတ်ဝင်စားစေသည်။ ရွှေဈေး ဘာကြောင့် တက်သွားရပါသလဲ။ ကိုယ့်ကိုယ်ကိုယ် မေးမိသည်။ အဲဒါ ဘာအဓိပ္ပာယ် လဲ။

---

ယနေ့ ကျွန်တော် ဤစာအုပ်ရေးနေချိန်တွင် ဘစ်ကွိုင်နှင့် အခြားဆိုက်ဘာ ငွေကြေးတို့သည် ရုတ်ခြည်းဆိုသလို တက်လိုက် ကျလိုက် ဖြစ်နေကြသည်။ ယခုတစ်ကြိမ်တွင်လည်း ဘစ်ကွိုင်၊ သို့မဟုတ် ဘလော့ချိန်း နည်းပညာသုံး ငွေကြေးတို့သည် သူတို့၏ဘ်ဝများ၊ အနာဂတ်များ၊ ငွေကြေးလုံခြုံစိတ်ချရမှုများ အပေါ် မည်မျှအကျိုးသက်ရောက်မှုရှိသလဲဆိုသည်ကို လူအနည်းငယ်သာ သိကြ ပြန်သည်။

၁၉၇၁ ခုနှစ်တွင် ရွှေဈေးတက်သွားခြင်းနှင့် ၂၀၁၈ ခုနှစ်တွင် ဘစ်ကွိုင် ဈေးတက်သွားခြင်းတို့သည် နက်နဲသိမ်မွေ့သော ကမ္ဘာ့အပြောင်းအလဲ၏ ဆူညံသံ များပင်။ ကမ္ဘာ့ဘဏ္ဍာရေး တက်တုံးနစ် ကျောက်လွှာကြီးများ၏ ရွေ့လျားသံ။ ယင်းမှာ တစ်ကမ္ဘာလုံးကို ငွေကြေးလျှင်နှင့် ငွေကြေး ဆူနာမီကြီး ရိုက်ခတ်စေ တော့မည်ဖြစ်သည်။

---

## မှန်ကန်သည့် ငွေကြေးပညာရေး

တက်ဒ်သည် ရဟတ်ယာဉ်မှူးတစ်ယောက်ဖြစ်ပြီး ရွှေကို စိတ်ဝင်စားသည်။ အားလပ်ချိန်တွင် ကျွန်တော်တို့သည် ကိုယ်ပိုင်လေ့လာမှုကို စတင်တော့သည်။ ရွှေနှင့် အနာဂတ်ရွှေအပြောင်းအလဲတို့အကြား ဆက်နွယ်မှုကို ပိုမိုနားလည်လာအောင် သုတေ သန လုပ်ကြခြင်းဖြစ်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ငွေကြေးသင်ခန်းစာ

ကုန်သွယ်မှုလိုငွေ – ကုန်သွယ်မှု လိုငွေဆိုသည်မှာ အမေရိကသည် ပို့ကုန်ထက် သွင်းကုန်ပိုများနေသည်။

ပြဿနာ – ပြဿနာမှာ အမေရိကန်ဒေါ်လာဖြင့် မပေးချေလိုသည့် ပြင်သစ်၊ အီတလီနှင့် ဆွစ်ဇာလန်တို့လိုနိုင်ငံများ။ သူတို့ ရွှေဖြင့် ပေးချေစေလိုသည်။ အမေရိကန်ဒေါ်လာကို အယုံအကြည်မရှိ။

ဖြေရှင်းချက် – နစ်ဆင်က ရွှေထွက်ပေါက်ကို တံခါးပိတ်လိုက်သည်။ ဆိုလိုသည်မှာ အမေရိကမှ နောက်ထပ် ရွှေများ ထပ်မထွက်စေရ။

အစစ်လား အတုလား – ယင်းမှာ ရွှေတံခါးပိတ်ရခြင်း၏ အကြောင်းရင်း အစစ်လား၊ အတုလား။

ဖြစ်နိုင်ခြေရှိသည်မှာ အတုဖြစ်သည်။ ကမ္ဘာက သမ္မတနစ်ဆင်ကို 'မလည်ရှုပ်' ဟု အကြောင်းမဲ့ခေါ်မည်မဟုတ်။

ဤစာအုပ်နောက်ပိုင်းတွင် နစ်ဆင်၏ အကြောင်းပြချက်သည် မုသားဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။ ဤစာအုပ် နောက်ပိုင်းတွင် ဒေါ်လာကို ရွှေပေါင် နုတ်ရခြင်းအတွက် အကြောင်းရင်းမှန်ဟု ကျွန်တော် ယုံကြည်ထားသည့်အချက်ကို ပြောပြပါမည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ကုန်သွယ်မှုလိုငွေကို ပြန်လည်ထိန်းညှိနိုင်ပြီဆိုလျှင် ရွှေပေါင်ပြန်ထားမည်ဟုလည်း ကတိပေးထားသေးသည်။ သူ့ကတိကို သူ မတည်။ ပြစ်တင်ရှုတ်ချခံရပြီးနောက် သမ္မတရာထူးမှ နုတ်ထွက်သွားခဲ့သည်။

ရွှေတွင်းတစ်ခု ရှာဖွေခြင်း

တက်ဒ်နှင့် ကျွန်တော်သည် ဗီယက်နမ်မြေပုံတစ်ခုကို လေ့လာရင်း မကြာမီမှာပင် ရွှေမိုင်းတစ်ခုကို တွေ့ရှိသည်။ ပြဿနာမှာ ၁၉၇၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု စစ်ရှုံးနေခြင်းနှင့် ရွှေမိုင်းသည် မြေပုံထဲတွင် ရန်သူတို့၏ လက်အတွင်းကျရောက်နေခြင်းဖြစ်သည်။

တက်ဒ်နှင့် ကျွန်တော်သည် အကျိုးတူပူးပေါင်းလိုက်ကြပြီး နောက်နေ့ မစ်ရှင်အတွက် အစီအစဉ်ဆွဲကြသည်။ ကျွန်တော်တို့ အစီအစဉ်မှာ လေယာဉ်တင် သင်္ဘောမှ ခွာမည်၊ ရွှေမိုင်းရှိရာကို ရှာမည်၊ ရွှေကို ဈေးပေါပေါဖြင့် ဝယ်မည် ဟူ၍။

mgyoe.com

နောက်နေ့မနက်စောစောတွင် လေယာဉ်တင်သင်္ဘောမှ ခွာလာပြီး ပင်လယ်ပြင်ကို ၂၅ မိုင်ခန့် ဖြတ်သန်းကာ ဗီယက်နမ်ပိုင်နက်ထဲသို့ ဝင်လာသည်။ ဆုတ်ခွာသွားသော တောင်ဗီယက်နမ်တပ်များ ကျန်ခဲ့သည့် မီးလောင်ပျက်စီးနေသော တင့်ကားများနှင့် အခြားယာဉ်များကို တွေ့မြင်လာရချိန်တွင် ကျွန်တော်တို့ စိတ်အားထက်သန်မှု ပိုမြင့်တက်လာသည်။ မြောက်ဗီယက်နမ်တို့သည် တောင်ဗီယက်နမ်တို့ကို တောင်ဘက်အထိလိုက်ပြီး တိုက်ခိုက်လျက်ရှိသည်။ ရန်သူ့နယ်မြေထဲသို့ ဝင်လာချိန်တွင်မှ အကယ်၍ ပစ်ချခံရပြီး အဖမ်းခံလိုက်ရလျှင် ပြဿနာအကြီးအကျယ်တက်ပြီဆိုသည်ကို တက်ဒ်နှင့် ကျွန်တော် သိထားပြီးသား။ အရေးအကြီးဆုံးအချက်တစ်ချက်မှာ ကျွန်တော်တို့ ဘယ်သွားလဲဆိုသည်ကို ဘယ်သူ့ကိုမှ ပြောမပြခဲ့ခြင်းပင်။

မြေပုံအတိုင်းလိုက်လာပြီးနောက် ဝါးတောကြီးတစ်ခုထဲမှ ရွာတစ်ရွာကို တွေ့လိုက်ရသည်။ ကျွန်တော်တို့ လိုက်ရှာနေသောရွာ။ ရန်သူ့နယ်မြေထဲသို့ မိုင် ၃၀ ခန့် ရောက်နေပြီ။ ချက်ချင်း ဆင်းသက်ခြင်းမျိုးမလုပ်ဘဲ ခပ်နိမ့်နိမ့် ပတ်ပျံနေလိုက်သည်။ လက်ယာရစ်တစ်ပတ်၊ လက်ဝဲရစ်တစ်ပတ် ရွာကိုပတ်ပြီး ပျံသည်။ အကယ်၍ အောက်မှလှမ်းပစ်လျှင် မစ်ရှင် အဆုံးသတ်ပြီဖြစ်ပြီး လေယာဉ်တင်သင်္ဘောသို့ ပြန်ဖို့သာ ရှိတော့သည်။

အပစ်အခတ်မရှိ၊ ဆေားကင်းသည်ဟု ယုံကြည်ချိန်တွင်မှ လယ်ကွင်းတစ်ခုအနီးရှိ မြက်ခင်းပေါ်သို့ ဆင်းသက်လိုက်သည်။ ရဟတ်ယာဉ်ကို စက်သတ်လိုက်ပြီး ရွာထဲသို့ ဝင်လိုက်၏။ ရဟတ်ယာဉ်ပေါ်တွင် အစောင့်တစ်ယောက်ထားခဲ့သည်။

ရန်သူ့နယ်မြေအတွင်းရှိ ရွှံ့ထူသော ရွာလမ်းလေးတစ်လျှောက် ကျွန်တော်နှင့် တက်ဒ်တို့ ဝင်သွားကြသည့် မြင်ကွင်းကို ကျွန်တော် ယနေ့တိုင် ပြက်ပြက်ထင်ထင် မြင်ယောင်ဆဲ။ ဟင်းသီးဟင်းရွက်များ၊ ကြက်များ၊ ဘဲများ ရောင်းနေကြသော ဗီယက်နမ်ရွာသားများကို လက်ဝှေ့ယမ်းပြသည်။ တစ်ယောက်မှ လက်ပြန်မပြကြ။ အများစုမှာ ကျွန်တော်တို့ကို စိုက်ကြည့်နေကြသည်။ နေ့ခင်းကြောင်တောင်ကြီး အမေရိကန် ရဟတ်ယာဉ်မှူးနှစ်ယောက် ရွာဈေးထဲ ဝင်လာသည်ကို မယုံနိုင်ကြသည့် ပုံစံမျိုး။ စစ်ကလည်းဖြစ်နေ၊ ရန်သူ့နယ်မြေလည်း ဖြစ်နေပြန်သည်။

ကျွန်တော်တို့ ပြုံးပြီး လက်နှစ်ဖက်ကိုမြှောက်၍ လက်နက်မပါကြောင်းပြသည်။ ကျွန်တော်တို့၏ အိတ်ဆောင်လက်နက်များကို ရဟတ်ယာဉ်တွင် ထားခဲ့သည်။ ရွာသားများအနေဖြင့် ကျွန်တော်တို့ကို လက်နက်များကိုင်ထားသည့် မရိန်းများဟု မမြင်စေ

 mgyoe.com SAMPLE BOOK 

လိုဘဲ၊ ဒေါ်လာများကိုင်ထားသည့် စီးပွားရေးသမားများဟု မြင်စေလို၍ပင်။

ကောင်လေးတစ်ယောက်နှင့်တွေ့ရာ သူက ကျွန်တော်တို့ကို ရွာထဲရှိ 'ရွှေသည်' ဆီသို့ခေါ်သွားသည်။ ရွှေသည် သည် ပိန်ပိန်ပါးပါး မိန်းမတစ်ယောက်။ သွားတို့က ကွမ်းသွေးတို့ဖြင့် ရဲနေသည်။ သူက ပြုံးပြီး ကျွန်တော်တို့ကို ဆီးကြို၏။ သူ့ရုံးခန်းမှာ ဝါးတဲလေးသာ။ ဝါးယင်းလိပ်လေးကို လှပ်ထားခြင်းသည် ဆိုင်ဖွင့်သည်ဟု ဆိုလိုသည်။ နစ်ဆင်သည် အမေရိကန်၏ ရွှေတံခါးကို ပိတ်လိုက်သော်လည်း သူကမူ သူ့ရွှေတံခါးကို ဖွင့်ထားဆဲ။

**ရွှေအစစ်လား အတုလား**

ကောလိပ် ဒီဂရီရထားပြီး မရိန်းရဟာတ်ယာဥ်မှူးများဖြစ်ကြသော ကျွန်တော်နှင့် တက်ဒ်တို့သည် ရွှေအကြောင်း နကန်းတစ်လုံးမှ နားမလည်ကြကြောင်း မကြာမီမှာပင် သိလာရလေသည်။ ရွှေအစစ်မှာ မည်သည့်ပုံစံရှိကြောင်း ကျွန်တော်တို့ စိုးစဥ်းမျှ မသိကြ။

ဗီယက်နမ်အမျိုးသမီး၏ ရွှေသည် အတုံးကလေးများဖြစ်ပြီး သုံးလက်မ ပတ်လည်၊ လက်မဝက်အထူ ပလတ်စတစ်ဘူးလေးဖြင့် ထည့်ထားသည်။ ပလတ်စတစ်ဘူးကို နေရောင်တွင် ထောင်ကြည့်လိုက်သည်။ ကျွန်တော်တို့အတွက်တော့ ပထမဆုံး ရွှေအစစ်ကို မြင်ဖူးခြင်းပင်။ ကံမကောင်းစွာပင် ထိုရွှေတုံးလေးများသည် စပျစ်သီးခြောက်ကို ရွှေရောင်ဆိုးထားသည့်ပုံစံ ပေါက်နေသည်။

"ဒါ ရွှေလား" ဟု ကျွန်တော်က တက်ဒ်ကိုမေးသည်။

"ငါ ဘယ်လိုလုပ်သိမှာလဲကွ" ဟု တက်ဒ်က ခပ်ဆတ်ဆတ်ဖြေသည်။ "ငါက ရွှေဆိုတာ ဘယ်လိုမျိုးလဲတောင် သိတာ မဟုတ်ဘူး။ မင်းရော မသိဘူးလား"

ကျွန်တော်သည် ခေါင်းခါရင်း "ငါက မင်းသိတယ်ထင်လို့။ အဲဒါကြောင့် မင်းနဲ့ အကျိုးတူလုပ်တာလေ" ဟု စိတ်ပျက်လက်ပျက် ပြန်ပြောလိုက်သည်။

ရန်သူ့နယ်မြေတွင် စီးပွားလာရှာခြင်းသည် ကျွန်တော်တို့ကို ဖိစီးလာပြီဖြစ်သည်။ တက်ဒ်က ကျွန်တော့်ကို တုံးဟု တွေးနေမည်ဖြစ်သလို ကျွန်တော်ကလည်း သူ့ကို ထိုအတိုင်းပင် တွေးနေမိသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

## လက်တွေ့သိချိန်

စွန့်ဦးတီထွင်သူအများအပြားတွင် လက်တွေ့သိချိန် အများအပြား ရှိကြသည်။ တကယ်ဒ်နှင့် ကျွန်တော့်အတွက် ပထမဆုံး လက်တွေ့သိချိန်မှာ ကျွန်တော်တို့နှစ်ယောက် သည် ရဟတ်ယာဉ်မှူးများအဖြစ် အတွဲညီသလောက် ရွှေနှင့်ပတ်သက်လျှင် နှစ်ယောက်စလုံး ငတုံးငအများသာ ဖြစ်ကြသည်ကို သဘောပေါက်နားလည်သွားသည့် အချိန်ဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက်လုံး စိတ်လျှော့လိုက်ကြပြီး အချင်းချင်း ငတုံးများ အဖြစ် သဘောပေါက်သွားကြပြီးနောက် ဈေးစကား စပြောတော့သည်။

ကျွန်တော်တို့၏ အဖွင့်ဈေးမှာ တစ်အောင်စလျှင် ဒေါ်လာ ၄၀။ ကျွန်တော်တို့ နှစ်ယောက်လုံး လက်ရှိပေါက်ဈေးကို သိသည်။ နိုင်ငံတကာတွင် ရွှေတစ်အောင်စ ပေါက်ဈေးမှာ ထိုနေ့တွင် ၅၅ ဒေါ်လာရှိ၏။ ကျွန်တော်တို့လက်ထဲတွင် အမေရိကန် ဒေါ်လာရှိနေပြီး ရန်သူ့နယ်မြေထဲသို့ ရောက်ရှိနေသည့်အတွက် လျှော့ဈေးရမည်ဟု ထင်မှတ်ခဲ့ကြသည်။ သွားနီနီ ပိန်ပါးပါး အမျိုးသမီးက ခပ်လှောင်လှောင်ပြုံးလိုက်သည်။ ဒီနှစ်ကောင်ကတော့ ငတုံးတွေပဲဟုလည်း တွေးကောင်းတွေးနေပါလိမ့်မည်။ "ဟဲ့... ရွှေပေါက်ဈေးဆိုတာက တစ်ကမ္ဘာလုံးမှာ အတူတူပဲဆိုတာ နင်တို့ မသိကြဘူးလား" ဟု သူကဆိုသည်။

ကျွန်တော်တို့ ကြိုးစားသော်လည်း သူက ဈေးလျှော့မည့်ပုံ မပေါ်။ "ပေါက်ဈေးက ပေါက်ဈေးပဲ" ဟု သူကဆိုသည်။ ထို့ပြင် ကျွန်တော်တို့နှစ်ယောက်မှာ ငတုံးများဖြစ်ကြောင်းလည်း သူ သိကောင်း သိသွားပါလိမ့်မည်။ အကယ်၍ သူသာ မရိုးသားဘူးဆိုလျှင် ကျွန်တော်တို့ကို ရွှေအတုများ ရောင်းနိုင်သည်။ သူ့ ရွှေအတုထုတ်ရောင်းလျှင်လည်း ကျွန်တော်တို့ ခွဲခြားသိမည်မဟုတ်ပေ။

## ထိတ်ထိတ်ပျာပျာ ဖြစ်စရာ

ကျွန်တော်တို့ ဈေးညှိနေတုန်း ရုတ်တရက်ဆိုသလို ကျွန်တော်တို့ ထားခဲ့သည့် အစောင့်က အရေးတကြီး အော်ဟစ်ပြေးလွှားလာသည်။ "ဗိုလ်ကြီးတို့၊ ဗိုလ်ကြီးတို့ အခု ထွက်လာမှ ရမယ်" ဟု သူက လှမ်းအော်သည်။ ချက်ချင်းပင် ကျွန်တော်တို့နှစ်ယောက် ဈေးညှိနေခြင်းကို ရပ်ကာ ရွာဈေးကို ကမန်းကတန်းဖြတ်ပြီး ရဟတ်ယာဉ်ဆီသို့ ပြေးကြရ၏။ ကျွန်တော်ပြေးသည့် လမ်းတစ်လျှောက် ကြက်တစ်ကောင်ကို ခလုတ်

တိုက်ပြီး ဘဲတစ်ကောင်ကို တက်နင်းမိခဲ့သည်။

ကျွန်တော့်စိတ်ထဲတွင် တော်တော်ဆိုးဆိုးရွားရွားဖြစ်နေပြီ။ အမည်းရောင် အထက်အောက်ဝတ်ဆင်ထားသည့် ဗီယက်ကောင်းများနှင့် ကာကီရောင်ဝတ်ထားသည့် မြောက်ဗီယက်နမ် တပ်ဖွဲ့များသည် စပါးခင်းကိုဖြတ်ပြီး ရဟတ်ယာဉ်ဆီသို့ ဦးတည်လာနေပြီ။ ကျွန်တော်တို့ကလည်း လက်နက်များကို ရဟတ်ယာဉ်ပေါ်တွင် ထားခဲ့သောကြောင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်စရာပင်မရှိ။ သွားရဲရဲနှင့် အမျိုးသမီး အတွေးမှန်ပါသည်။ ကျွန်တော်တို့ နှစ်ယောက်လုံးသည် ငတုံးများသာ။

**နွံနစ်ခြင်း**

ဘုရားသခင်၏ကျေးဇူးကြောင့် ဗီယက်ကောင်းများလည်းမဟုတ်၊ မြောက်ဗီယက်နမ်တပ်များလည်းမဟုတ်ပါ။ ကျွန်တော်တို့ ရဟတ်ယာဉ် နွံနစ်ခြင်းသာဖြစ်သည်။ ကျွန်တော် ရပ်ခဲ့သော မြက်ခင်းသည် တစ်ချိန်က လယ်ကွင်းဟောင်းတစ်ခု။ ထို့ကြောင့် အင်ဂျင်၊ ဒုံးကျည်၊ စက်သေနတ်နှင့် ကျည်များ အလေးချိန်ကြောင့် ရဟတ်ယာဉ်သည် ဖင်ထောင်ကာ ဖြည်းဖြည်းချင်း မြေကြီးထဲ နစ်ဝင်နေသည်။ အမြီး ဒလက်ဆိုလျှင် နွံ့ထဲသို့ ကျလုနီးပါး။ ချက်ချင်း စက်နှိုးပြီး တက်လျှင်တက်၊ မတက်လျှင် နောက်ဘယ်တော့မှ တက်၍ရတော့မည်မဟုတ်။

အစောင့်ထားခဲ့သူသည် ကျွန်တော်တို့ထဲတွင် လူကောင်အသေးဆုံးဖြစ်သောကြောင့် သူ့ကို ယာဉ်မောင်းခန်းထဲဝင်ပြီး အင်ဂျင်နှိုးခိုင်းရသည်။ ကျွန်တော်နှင့် တက်ဒ်က ရဟတ်ယာဉ်အမြီးကို ပခုံးဖြင့်ထမ်းပြီး နွံ့ထဲမနစ်အောင် တွန်းထားရသည်။ စက်က ပုံမှန်နိုးပြီး ဒလက်များ စတင်လည်ပတ်သည်။ ဒလက်အကြီး အရှိန်အပြည့်ရချိန်တွင် ရဟတ်ယာဉ်ကို ရှေ့နောက် ဖြည်းဖြည်းချင်းယိမ်းပြီး နွံထဲမှ ထွက်အောင်လုပ်သည်။ ကျွန်တော်တို့နှစ်ယောက်က နောက်မှ အော်ပေးသည့်အတိုင်း ယာဉ်မောင်းခုံရှိ တစ်ယောက်က လုပ်ပေးရခြင်းဖြစ်သည်။

ရဟတ်ယာဉ်၏ ခြေထောက်များ လွတ်သွားပြီး ပျံဝဲနိုင်ချိန်တွင်မှ အစစအရာရာ အဆင်ပြေသွားသည်။ ကျွန်တော်နှင့် တက်ဒ်တို့၏ ဝတ်စုံများကတော့ နွံ့အထပ်ထပ် ဖြစ်နေပြီ။ မျက်နှာများ၊ ဆံပင်များလည်း အလားတူပင်။ ကျွန်တော်က ယာဉ်မောင်း ဘက်ခြမ်းကို တွယ်တက်ပြီး ရဟတ်ယာဉ်ကို ထိန်းချုပ်သည်။ ထို့နောက် တက်ဒ်က လည်း သူ့နေရာသူ ဝင်လာသည်။ အစောင့်ကမူ စက်သေနတ်ရှိရာသို့ ပြန်ရောက်

mgyoe.com

 mgyoe.com SAMPLE BOOK 

သွားပြီဖြစ်သည်။

အပြန်ခရီးမှာ ရှည်လျားတိတ်ဆိတ်လှ၏။ တက်ဒ်နှင့် ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ဘာမှမပြောဖြစ်ကြ။ ကျန်တစ်ယောက်ကလည်း ရွှေရခဲ့သလားဟူ၍ပင် မမေး။

လေယာဉ်တင်သင်္ဘောသို့ ပြန်ရောက်ချိန်တွင် ရွံ့အထပ်ထပ်ပေနေသည့် ရဟတ်ယာဉ်နှင့် ကျွန်တော်တို့ဆီသို့ မရိန်းများနှင့် သင်္ဘောသားများ ဝိုင်းလာသည်။ ရဟတ်ယာဉ်ကို ရပ်လိုက်ပြီး ကျွန်တော်နှင့် တက်ဒ်တို့ ဆင်းလိုက်ကြ၏။ မရိန်းများနှင့် သင်္ဘောသားများက ကျွန်တော်တို့ကို ဝိုင်းကြည့်နေကြသည်။ ကုန်းပတ်ကို ဖြတ်ပြီး ရေမိုးချိုး အခန်းထဲသို့ ပြန်ရောက်ချိန်အထိ ကျွန်တော်တို့ စကားတစ်ခွန်းကိုသာ ပြောခဲ့ကြသည်။ "ဘာမှ မမေးကြနဲ့" ဟူ၍။

## အမှားမှ သင်ယူခြင်း

Rich Dad Poor Dad စာအုပ်ကို ၁၉၉၇ ခုနှစ်တွင် ပထမဆုံးအကြိမ် ထုတ်ဝေသည်။ ချမ်းသာသောဖေဖေသည် အတန်းပညာကို သာမန်မျှသာ တတ်သည်။ ဆင်းရဲသော ဖေဖေသည် ပညာရေးတွင် ဉာဏ်ကြီးရှင်။ ဘွဲ့ကြိုတန်းတွင် နှစ်နှစ်ဖြင့် ဘွဲ့ရပြီး စတန်းဖို့ဒ်တက္ကသိုလ်၊ ချီကာဂိုတက္ကသိုလ်နှင့် အနောက်မြောက် တက္ကသိုလ်တို့တွင် ဘွဲ့လွန်တန်းများတက်ကာ ပညာရေးတွင် ပါရဂူဘွဲ့ရသည်။ ကျွန်တော် ကျောင်းတက်ချိန်တွင် ကျွန်တော့်ဖေဖေသည် ဟာဝိုင်ယီပြည်နယ်၏ ပညာရေးမှူး။

ထိုစဉ်က သင်ယူခြင်းနှင့်ပတ်သက်၍ ဖေဖေနှစ်ယောက်၏ အယူအဆများ လုံးလုံး ဆန့်ကျင်ဘက်ဖြစ်နေခဲ့သည်ကို ကျွန်တော် သတိရနေမိသည်။

ဆင်းရဲသော ဖေဖေက အမှားတို့သည် ကျူးလွန်သူက မိုက်မဲ၍ ဖြစ်ရသည်ဟု ယုံကြည်သည်။ မှန်ကန်သည့်အဖြေကို မှတ်သားနိုင်ခြင်းသည် အသိဉာဏ်၏ စစ်မှန်သည့် တိုင်းတာမှုဟု ယူဆသည်။

ချမ်းသာသောဖေဖေက အမှားတို့သည် လူသားတို့ သင်ယူသည့် ပုံစံဖြစ်သည်ဟု သဘောထားသည်။ "ဂေါက်သီး ချန်ပီယံဖြစ်ဖို့ စာအုပ်ဖတ်နေလို့ မရဘူးကွ။ တကယ့် ဂေါက်သမားတစ်ယောက်ဖြစ်ဖို့ အမှားတွေ အများကြီးလုပ်ခဲ့ရတယ်။ တကယ် ချမ်းသာတဲ့လူတစ်ယောက်ဖြစ်ဖို့လည်း အဲဒီအတိုင်းပဲ" ဟု သူကဆိုသည်။

ကျွန်တော်သည် ပညာရေးတွင် ဘယ်တော့မှ ထူးချွန်ခဲ့သူတစ်ယောက် မဟုတ်

mgyoe.com

ခဲ့၍ ချမ်းသာသောဖေဖေ၏ အမှန်တကယ် သင်ယူခြင်းလမ်းစဉ်ကိုသာ လိုက်ခဲ့သည်။

**အတုနှင့် အစစ်**

ဤစာအုပ်သည် ပိုက်ဆံအတု၊ ဆရာအတုနှင့် ပိုင်ဆိုင်မှုအတုများအကြောင်း ဖြစ်သလို ပိုက်ဆံအစစ်၊ ဆရာအစစ်နှင့် ပိုင်ဆိုင်မှုအစစ်များအကြောင်းလည်းဖြစ်သည်။

**ပိုက်ဆံအတု**

သမ္မတနစ်ဆင်က အမေရိကန်ဒေါ်လာကို ရွှေပေါင်နှုတ်လိုက်ချိန်တွင် အမေရိကန်ဒေါ်လာသည် ပိုက်ဆံအတု ဖြစ်သွားသည်။

**ပိုက်ဆံအတု အဓိပ္ပာယ်** – ပိုက်ဆံအတုသည် သူဌေးများကို ပိုချမ်းသာစေသော်လည်း ဆင်းရဲသားများနှင့် လူလတ်တန်းစားတို့ကို ပိုဆင်းရဲသွားစေသည်။

**ဆရာအတု**

ကျောင်းတွင် ဆရာတော်တော်များများသည် ဆရာအတုဖြစ်ကြောင်း ကျွန်တော် တွေ့ခဲ့ရသည်။ ရိုးရိုးပြောရလျှင် သူတို့ သင်ပေးနေသည့်အရာများကို သူတို့ ကိုယ်တိုင် လက်တွေ့လုပ်ထားခြင်းမရှိပေ။

ကျောင်းတွင် ဆရာအတုများစွာ ရှိခဲ့သည်။ အမေရိကန် ရေတပ်သို့ ရောက်ချိန်တွင် ကျွန်တော့်ဆရာတို့သည် ဆရာအစစ်များ။ ပျံသန်းမှုအကြောင်း သင်ပေးသော ဆရာအားလုံးသည် ကိုယ်တိုင် ပျံသန်းနိုင်ကြသူများဖြစ်သည်။

**ပိုင်ဆိုင်မှုအတု**

သန်းနှင့်ချီသော လူတို့သည် ရရန်ပိုင်ခွင့်(ပိုင်ဆိုင်မှု)အတုများတွင် ရင်းနှီးမြှုပ်နှံနေကြသည်။ Rich Dad Poor Dad စာအုပ်တွင် ကျွန်တော် ရေးခဲ့သလိုပင် ရရန်ပိုင်ခွင့်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကိုယ့်အိတ်ထဲသို့ ပိုက်ဆံထည့်ပေးသည့် အရာများဖြစ်သည်။ လူများစုအတွက် ရရန်ပိုင်ခွင့်(ပိုင်ဆိုင်မှု)တို့သည် သူတို့၏ အိတ်ထဲမှ ပိုက်ဆံများကို နှိုက်ထုတ်နေသည့် အရာများ ဖြစ်နေသည်။ ပေးချေမှုတိုင်းတွင် ပိုက်ဆံသည် ညှစ်ထုတ်ခံလိုက်ရပြီး ပင်စင်လစာကဲ့သို့ အစိုးရအသုံးစရိတ်များမှတစ်ဆင့် ဝေါစထရိသို့ ရောက်သွားသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

သန်းနှင့်ချီသည့် လူတို့သည် အငြိမ်းစားလစာအတွက် နှစ်ပေါင်းများစွာ စုကြရသည်။ သူတို့ ပိုက်ဆံများ ဆပ္ပွားပြီး ပြန်ရလာမည်ဆိုသည့် မျှော်လင့်ချက်ဖြင့် စုကြခြင်းဖြစ်သည်။ ကျွန်တော့်အသက်အရွယ်ရှိသည့် သန်းနှင့်ချီသော လူတို့သည် (ဘေဘီဘွန်းခေတ် မွေးဖွားသူတို့သည်) မကြာခင်မှာပင် အငြိမ်းစားယူပြီးနောက် သူတို့အတွက် အထောက်အပံ့ဖြစ်စေမည့် ငွေကြေးအလုံအလောက် မရှိမှန်း သိလာကြတော့မည်။ အကြောင်းမှာ သူတို့ ပေးချေမှုများထဲမှ ထုတ်နုတ်လိုက်သော ငွေကြေးသည် ရရန်ပိုင်ခွင့်အတုများထဲသို့ရောက်သွားပြီး သူဌေးများကို ပိုမိုချမ်းသာသွားစေကာ သူတို့အတွက်အိတ်ခွံပဲ ကျန်ခဲ့စေသောကြောင့်ပင်။

## ဆရာအစစ်

ကျွန်တော်သည် ကြီးမြတ်သော ဆရာအစစ်များ၏ ကောင်းချီးပေးမှုကို များစွာ ခံယူခဲ့ရပါသည်။ ချမ်းသာသော ဖေဖေလို ဆရာများပင်။ ကျွန်တော် တစ်ခုခု သင်ယူချင်တိုင်း ပထမဆုံးအလုပ်မှာ ဆရာအစစ်ကို ရှာဖွေခြင်းဖြစ်သည်။ သူတို့သင်ကြားပေးနေသည်တို့ကို တကယ်လက်တွေ့လုပ်နိုင်သောဆရာများ၊ နေ့စဉ်လုပ်နေသောဆရာများ၊ သူတို့လုပ်ပုံလုပ်နည်းဖြင့် အောင်မြင်သောဆရာများ ဖြစ်သည်။

ပိန်ပိန်ပါးပါး ဗီယက်နမ်အမျိုးသမီးသည် ကျွန်တော့် ဆရာအစစ်များထဲမှာ တစ်ယောက်ဖြစ်သည်။ မိနစ်ပိုင်းလေးအတွင်းမှာပင် ကျွန်တော် ဘယ်လောက် တုံးအ,လဲဆိုသည်ကို သင်ပေးခဲ့ရုံသာမက ရွှေအကြောင်းအပြင် အသိခက်သော၊ ပဋိလက်ဆန်သော၊ အရေးကြီးသောအရာဖြစ်သည့် ပိုက်ဆံအကြောင်းကိုပါ သင်ပြပေးခဲ့သည်။ ကျောင်းတွင် မသင်ရသည့် ဘာသာရပ်။

## ရွှေပိုင်ခြင်းသည် တရားမဝင်

တက်ဒ်နှင့် ကျွန်တော်တို့ ရေမိုးချိုးပြီးချိန်တွင် နားနေခန်းသို့ ပြန်လာကြပြီး အချို့အချို့သောသူများအတွက် ရယ်ပွဲ ဖွဲ့စရာဖြစ်ခဲ့သည်။

ကျွန်တော်တို့၏ အထက်အရာရှိက အရေးယူမည်ဟု ခြိမ်းခြောက်သည်။ စစ်ဆင်ရေးအရာရှိက အားလုံးရှေ့တွင် ရဟတ်ယာဉ်ကို သန့်ရှင်းရေးလုပ်ရမည်ဟု ခြိမ်းခြောက်သည်။ လက်နက်အရာရှိ၏စကားကတော့ ကျွန်တော့်စိတ်ကို ဆွဲဆောင်နိုင်ခဲ့သည်။ "တကယ်လို့ မင်းတို့ သင်္ဘောပေါ်ကို ရွှေယူလာရင် အဖမ်းခံရမှာပဲ"ဟု

mgyoe.com

 mgyoe.com SAMPLE BOOK 

ပြောလိုက်ခြင်းကြောင့်ပင်။

"ဘာလဲ။ ဘာလို့ ကျွန်တော်တို့က အဖမ်းခံရမှာလဲ"

"ဘာလို့လဲဆိုတော့ အမေရိကန်တွေအတွက် ရွှေပိုင်ဆိုင်တာဟာ တရားမဝင်ဘူးလေ"

"ဘာလို့ တရားမဝင်တာလဲ"ဟု တက်ဒ်က ဝင်မေးသည်။

လက်နက်အရာရှိသည် ထိုအကြောင်းကိုတော့ မသိတော့။ ထိုအခိုက်အတန့်သည် ထိုအတိုင်းပင် ပြီးသွားသည်။ နောက်ဆုံးတွင် တိုက်စရာစစ်ပွဲတစ်ခုရှိနေပြီး ကျွန်တော်တို့သည် နောက်နေ့မနက်တွင် ပိုမိုအရေးကြီးသည့် မစ်ရှင်များ ပျံသန်းဖို့ရှိနေသည်။ အစည်းအဝေးပြီးသွားပြီးနောက် ကျွန်တော်တို့အားလုံး ညစာစားဖို့ ထွက်လာကြသည်။

သို့သော် ကျွန်တော့်စိတ်ထဲတွင် မေးခွန်းတစ်ခု ကျန်နေသည်။ "အမေရိကန်တစ်ယောက်အတွက် ရွှေပိုင်ဆိုင်တာ ဘာကြောင့် တရားမဝင်တာလဲ"

ထိုမေးခွန်းသည် ကျွန်တော့်အတွက် ငွေကြေးပညာကို ဆက်လက်သင်ယူရန်နှင့် ကိုယ့်မေးခွန်းအတွက် အဖြေများကို ကိုယ်တိုင် ဆက်လက်ရှာဖွေရန် ဦးဆောင်ခဲ့တော့သည်။

ချမ်းသာသောဖေဖေလိုပင် ကျွန်တော်သည် ကိုယ့်အမှားမှ ကိုယ်သင်ယူခဲ့သည်။

---

၁၉၃၃ ခုနှစ်တွင် သမ္မတ ဖရန်ကလင် ဒယ်လာနို ရုစဗဲ့သည် အမေရိကန်တို့ ရွှေပိုင်ဆိုင်လျှင် တရားမဝင်အောင် လုပ်ခဲ့သည်။ ထို့ကြောင့် တက်ဒ်နှင့် ကျွန်တော်တို့လို အမေရိကန်တို့သည် ရွှေကို လက်ဝတ်ရတနာအဖြစ်သာ မြင်ဖူးပြီး ရွှေဒင်္ဂါးနှင့် ရွှေတုံးများကို မမြင်ဖူးခဲ့ကြ။ ကျွန်တော်တို့သိသော ပိုက်ဆံသည် အမေရိကန်ဒေါ်လာစက္ကူနှင့် သတ္တုစပ် ဒင်္ဂါးများသာ။ ရွှေအစစ် ငွေအစစ်ကို မမြင်ဖူးပေ။

mgyoe.com

 mgyoe.com SAMPLE BOOK 

**ရွှေပိုက်ဆံနှင့် ခေတ်ပိုက်ဆံ**

သမိုင်းတစ်လျှောက် 'ပိုက်ဆံ' သည် ပုံစံအမျိုးမျိုး ရှိခဲ့သည်။ ပင်လယ်ခရုခွံများ၊ ရောင်စုံပုတီးစေ့များ၊ ငှက်မွေးများ၊ သက်ရှိတိရစ္ဆာန်များနှင့် ကျောက်တုံးကြီးများကို ပိုက်ဆံအဖြစ် သုံးခဲ့ကြသည်။

ခေတ်သစ်ပိုက်ဆံတွင် သုံးမျိုးသုံးစားရှိသည်။

၁။ **ဘုရားသခင်၏ ပိုက်ဆံ** – ရွှေနှင့် ငွေ

၂။ **အစိုးရ၏ ပိုက်ဆံ** – ဒေါ်လာ၊ ယူရို၊ ပီဆို အစရှိသဖြင့် ...

၃။ **လူထု၏ ပိုက်ဆံ** – ဘစ်ကွိုင်၊ အီသာရီယမ်၊ ဇစ်ပ်ကွိုင် အစရှိသဖြင့် ...

ဤစာအုပ်တွင် အဖြေပေးဖို့ ကြိုးစားထားသည့် မေးခွန်းများမှာ ဘယ်ပိုက်ဆံက အစစ်လဲ၊ ဘယ်ပိုက်ဆံက အတုလဲ၊ ဘယ်ဆရာက အစစ်လဲ၊ ဘယ်ဆရာက အတုလဲ၊ ဘယ် ရရန်ပိုင်ခွင့်က အစစ်လဲ၊ ဘယ်ရရန်ပိုင်ခွင့်က အတုလဲဆိုသည့် မေးခွန်းများဖြစ်သည်။

**မေးခွန်းများနှင့် ရောဘတ်၏အဖြေ**

**မေး** – ရွှေဝယ်ဖို့ ဘယ်အချိန်မှာ ပထမဆုံး စဉ်းစားမိတာလဲ။ အဲဒါက ရှင့် အစီအစဉ် ပဲလား။

ဘာဘရာ အီး - ကနေဒါ

**ဖြေ** – ၁၉၇၂ ခုနှစ်မှာ ကျွန်တော် ရွှေစဝယ်ပါတယ်။ အနာဂတ်အတွက် မစဉ်းစား သေးပါဘူး။ စိတ်ဝင်စားလို့ ဝယ်တာပါ။ ရွှေနဲ့ အမေရိကန်ဒေါ်လာ ဆက်စပ် မှုကို စိတ်ဝင်စားလို့ပါ။ ၁၉၇၂ ခုနှစ်မှာ ရန်သူ့နယ်မြေထဲ ရောက်နေတာ ကြောင့် ရွှေကို အောက်ဈေးနဲ့ ဝယ်နိုင်မယ်လို့ ကျွန်တော် မိုက်မိုက်မဲမဲ စဉ်းစား မိဖူးပါတယ်။ ရွှေ၊ အမေရိကန်ဒေါ်လာနဲ့ ပိုက်ဆံအတုအကြောင်း လေ့လာမိ လေလေ ပိုပြီး စိတ်ဝင်စားလေလေ ဖြစ်လာပါတယ်။

၁၉၈၃ ခုနှစ်မှာ ဘက်ကီဖူလာရဲ့ Grunch of Giants စာအုပ်ကို ဖတ်ဖြစ်ပါ တယ်။ ကမ္ဘာ့ငွေကြေးမောင်ပိုင်စီးမှုကြီးရဲ့ ပမာဏနဲ့ ကျယ်ပြန့်မှုတွေဟာ ပိုရှင်းလင်းလာပါတယ်။ ကမ္ဘာ့ဖဟိုဘဏ်တွေက ကမ္ဘာ့စီးပွားရေးကို ကိုယ်တွင်

mgyoe.com

ဖို့ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ထရီလီယံဒေါ်လာနဲ့ချီပြီး တန်ဖိုးရှိတဲ့ ပိုက်ဆံတွေကို ရိုက်ထုတ်လိုက်တဲ့ ၂၀၀၈ ခုနှစ်မှာ ငွေကြေးမောင်ပိုင်စီးမှုဟာ ထိန်းချုပ်မရလောက်အောင် ဖြစ်သွားပါတယ်။ ဗဟိုဘဏ်တွေက သူတို့ကိုယ်သူတို့ ကယ်တင်လိုက်တာဖြစ်ပြီးတော့ ပြည်သူတွေက အဲဒီအတွက် ပေးဆပ်ခဲ့ကြရပါတယ်။

ဒီစာအုပ်ရဲ့ အပိုင်း(၃)မှာ ဒီ ငွေကြေးမောင်ပိုင်စီးသူတွေဟာ ဒီနေ့ခေတ်မှာ ဘယ်လောက် အန္တရာယ်ကြီးလဲ၊ ဘယ်လောက် ပျံ့နှံ့နေလဲ၊ ထိန်းချုပ်လို့မရတော့တဲ့ ငွေကြေးမောင်ပိုင်စီးမှုဟာ အနာဂတ်အတွက် ဘာကြောင့် အရေးကြီးတာလဲဆိုတာ တွေကို ခင်ဗျား တွေ့လာရပါလိမ့်မယ်။

မေး – အလုပ်တစ်ခု စလုပ်တဲ့အချိန်မှာ လူတွေက ယုံကြည်ပေးဖို့ ဘာလို့ အရမ်းခက်ခဲတာလဲ။

မိုမို အက်စ် - နိုင်ဂျီးရီးယား

ဖြေ – စိတ်ကူးတွေက အရမ်းများပြီး တန်ဖိုးနည်းပါတယ်။ သန်းနဲ့ချီတဲ့လူတွေမှာ ထုတ်ကုန်အသစ်တစ်ခုထုတ်ဖို့၊ ဒါမှမဟုတ် စီးပွားရေးအသစ်တစ်ခုလုပ်ဖို့ ဒေါ်လာ သန်းချီတန်တဲ့ စိတ်ကူးတွေရှိကြပါတယ်။ တကယ့်ငွေကြေးပညာမတတ်ဘဲနဲ့ ဒေါ်လာ သန်းချီတန်တဲ့ စိတ်ကူးတစ်ခုကို ဘယ်လိုအကောင်အထည်ဖော်ရမလဲဆိုတာ သိပြီး စိတ်ကူးကို သန်းနဲ့ချီတဲ့ ဒေါ်လာအဖြစ် ပြောင်းနိုင်တဲ့သူ နည်းနည်းပဲရှိပါတယ်။ ဒါကြောင့် လုပ်ငန်းတစ်ခု စတင်လုပ်ကိုင်ချိန်မှာ လူများစုက မယုံကြည်ကြတာပါ။

မေး – ကျွန်တော့် ကြွယ်ဝမှုတွေကို အစိုးရပိုက်ဆံတွေအနေနဲ့ ကိုင်ထားရင် တစ်နေ့နေ့မှာ အကုန်လုံး ဆုံးရှုံးသွားနိုင်လား။

နီအာ ဒဗလျူ - အမေရိကန်

ဖြေ – ဟုတ်ပါတယ်။ အကုန်လုံး ဆုံးရှုံးသွားမှာပါ။ အမေရိကန်ဒေါ်လာဟာ သမိုင်းမှာ ထာဝရရှင်သန်နိုင်တဲ့ ပထမဆုံးသော ပိုက်ဆံအတု ဖြစ်နိုင်မလား။ ဖြစ်နိုင်ပေမဲ့ ကျွန်တော်ဆိုရင်တော့ လောင်းကြေးထပ်မှာ မဟုတ်ပါဘူး။

mgyoe.com

မေး – နှစ်ဆင်က ဒေါ်လာကို ရွှေပေါင်နှုတ်လိုက်ပြီးတဲ့နောက်မှာ ရွှေဈေးကို ဘယ်လို ပိုင်းဖြတ်ကြလဲ။

တက်ဆာ အိပ်ချ် - ပီရူး

ဖြေ – သီအိုရီအရတော့ ရွှေဈေးကို နိုင်ငံတကာ လွတ်လပ်တဲ့ ဈေးကွက်တွေက သတ်မှတ်ပါတယ်။ ဒါပေမဲ့ ဒါက သီအိုရီသက်သက်ပါ။ ဒီနေ့ ရွှေဈေးဟာ ကစားခံနေရပါတယ်။ တခြား ငွေကြေး ရရန်ပိုင်ခွင့်တွေလိုမျိုးပဲပေါ့။ ဒီစာအုပ်ရဲ့ အပိုင်း(၃)မှာ ရွှေဈေး ဘယ်လိုကစားလဲ၊ ဘာကြောင့် ကစားလဲ၊ ပြီးတော့ ရွှေဈေးကို ဘာလို့ ကြာကြာ ကစားလို့မရတာလဲ ဆိုတဲ့အကြောင်း အသေးစိတ် ထပ်ပြီးပြောထားပါတယ်။

မေး – အမေရိကန်တွေအနေနဲ့၊ ရွှေပိုင်ဆိုင်ရင် ဘာကြောင့် တရားမဝင်ဖြစ်ရတာလဲ။ အမေရိကန်ပြည်သူတွေကို သူတို့က ဘယ်လိုအကြောင်းပြချက်ပေးထားလဲ။

ဂေါ်ဒွန်ပီ - အမေရိကန်

ဖြေ – ဗဟိုဘဏ်၊ ဂရန့်ချ်တွေနဲ့ အမေရိကန်အစိုးရက ငွေကြေးစီးဆင်းမှုကို ထိန်းချုပ်ချင်ကြသလို ဘဏ်ကြီးတွေနဲ့ ဗဟိုဘဏ်ကို ယှဉ်လာတဲ့ ထောင်နဲ့ချီတဲ့ ဘဏ်လေးတွေကိုလည်း ထိန်းချုပ်ချင်ကြပါတယ်။
သိပ်မကြာခင်အချိန်တုန်းကပဲ ဘဏ်ကြီး အခု ၂၀ ရှိခဲ့တယ်။ ဒီနေ့ခေတ်မှာ မပြိုလဲနိုင်အောင် ကြီးတဲ့ဘဏ်ဆိုလို့ လေးခုပဲ ရှိတော့တယ်။ လူတိုင်းလူတိုင်းဟာ ပိုသေးတဲ့ ဘဏ်စနစ်တွေထဲမှာ ပိတ်မိနေကြတယ်။ အမေရိကန်စီးပွားရေးကို ဘဏ်ကြီးတချို့နဲ့ ဗဟိုဘဏ်က နှစ်ပေါင်းများစွာ အစီအစဉ်ချပြီး ထိန်းချုပ်နေကြတယ်ဆိုတာကို တော်တော်များများက သံသယရှိကြတယ်။

မေး – ဗီယက်နမ်အမျိုးသမီးက အင်တာနက်မရှိဘဲ ရွှေဈေးကို ဘယ်လိုသိတာလဲ။

အန်တိုနီ အို - ဩစတြေးလျ

ဖြေ – သူက ပရော်ဖက်ရှင်နယ် ရွှေသည်ပါ။ ပရော်ဖက်ရှင်နယ်တွေက သူတို့ပစ္စည်းရဲ့ ဈေးနှုန်းကို သူတို့ သိကိုသိရပါတယ်။ သူ့မှာ တယ်လီဖုန်း၊ လိုင်းတို၊ ရေဒီယို၊ သတင်းစာ၊ တခြား ရွှေသည်တွေ၊ ရွှေတွင်းပိုင်ရှင်တွေ စတဲ့ ရွှေဈေးကွက်နဲ့ ထိစပ်နေတဲ့ အရင်းအမြစ်တွေ နည်းလမ်းတွေ ရှိနေမယ်လို့ ကျွန်တော်

mgyoe.com

 mgyoe.com SAMPLE BOOK 

ထင်ပါတယ်။

ပို့ပြီးမေးသင့်တဲ့မေးခွန်းကတော့ ခင်ဗျားရဲ့ သူငယ်ချင်းတွေထဲမှာ ဘယ်နှယောက်လောက်က ဒီနေ့ ရွှေဈေးကို သိလဲ၊ ဘယ်နှယောက်လောက် စိတ်ဝင်စားလဲ ဆိုတာပါပဲ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၂)

## ဘုရားသခင်ကို ကျွန်တော်တို့ ယုံကြည်သည်

### သင့်ယုံကြည်မှုကို ဘယ်သူရထားလဲ

၁၉၇၁ ခုနှစ်၊ ဩဂုတ် ၁၅ ရက် သမ္မတ ရစ်ချတ်နစ်ဆင်သည် အမေရိကန် ဒေါ်လာ၏ ရွှေနှင့် ဖလှယ်နိုင်စွမ်းကို ယာယီ ရပ်ဆိုင်းခဲ့သည်။

၁၉၇၂ ခုနှစ် ဇွန် ၁၇ ရက်တွင် ဝါရှင်တန်ဒီစီ၊ ဝါးတားဂိတ် အဆောက်အအုံရှိ ဒီမိုကရက်တစ် အမျိုးသားကော်မတီ ဌာနချုပ် ဖောက်ထွင်းခံရသည်။ ထိုဖြစ်စဉ်သည် နာမည်ဆိုးဖြင့် ကျော်ကြားသော ဝါးတားဂိတ်အရေးကို ဖြစ်စေခဲ့သည်။

၁၉၇၃ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်တွင် ဒုသမ္မတ စပီရိုအဂ်နျူးက နိုင်ငံရေး အကျင့်ပျက်ခြစားမှု စွဲချက်များအစား ပြည်ထောင်စုဝင်ငွေခွန် တိမ်းရှောင်မှုနှင့် အလဲအလှယ်လုပ်ပြီး ဝန်ခံလိုက်သည်။ အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျရယ်ဖို့ဒ်သည် နစ်ဆင်၏ ဒုသမ္မတအသစ်ဖြစ်လာသည်။

၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်တွင် အမေရိကန်အောက်လွှတ်တော်က ဆုံးဖြတ်ချက်အမှတ် ၈၀၃ ကို အတည်ပြုသည်။ ယင်းမှာ ဝါးတားဂိတ်အရေးတွင် သမ္မတနစ်ဆင် ပါဝင်ပတ်သက်မှုအတွက် စွပ်စွဲပြစ်တင်ရန် ခိုင်လုံမှုရှိမရှိ စုံစမ်းစစ်ဆေးဖို့

mgyoe.com

တရားရေးကော်မတီကို လုပ်ပိုင်ခွင့်ပေးလိုက်ခြင်းဖြစ်သည်။

၁၉၇၄ ခုနှစ်၊ ဇူလိုင် ၂၇ ရက်တွင် ကော်မတီသည် စွပ်စွဲပြစ်တင်မှုထဲမှ ပထမဆုံး အချက်သုံးချက်ကို အတည်ပြုသည်။ တစ်ခုမှာ တရားစီရင်ရေးကို ပိတ်ပင်မှု၊ တစ်ခုမှာ အာဏာအလွဲသုံးမှုနှင့် တစ်ခုမှာ ကွန်ဂရက်ကို ပမာမခန့် လုပ်မှုတို့ဖြစ်သည်။

၁၉၇၄ ခုနှစ်၊ ဩဂုတ် ၉ ရက်တွင် သမ္မတနစ်ဆင်သည် ရာထူးမှ နုတ်ထွက်သွားသည်။

၁၉၇၄ ခုနှစ်၊ စက်တင်ဘာ ၈ ရက်တွင် သမ္မတ ဂျရယ်ဖို့ဒ်သည် နစ်ဆင်ကို ခြွင်းချက်မရှိ လွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်သည်။ သူ့ သမ္မတသက်တမ်းတစ်လျှောက် လုပ်ဆောင်ခဲ့သည့် မည်သည့်ရာဇဝတ်မှုနှင့်မဆို တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်စေခဲ့သည်။

ကျွန်တော်တို့ ခေါင်းဆောင်များ၊ ထိုခေါင်းဆောင်များကို ကျွန်တော်တို့ ယုံကြည်ပါသလား။

မည်သူတစ်ဦးတစ်ယောက်ကမျှ အမေရိကန်ဒေါ်လာကို ရွှေပေါင် ပြန်မထားပေးခဲ့။ သူတို့ မေ့လျော့သွားတာလား။ ယာယီအစီအစဉ်သည် မည်သည့်အချိန်တွင် မည်သည့်အတွက်ကြောင့် တည်မြဲသွားရပါသလဲ။

## ဘယ်သူ့ကို ယုံကြည်ပါသလဲ

အမေရိကန် ဒေါ်လာစက္ကူ ပိုက်ဆံအတုများတွင် ရေးထားသည့် စာကိုမြင်တိုင်း ကျွန်တော် စိတ်ဝင်တစား ဖြစ်မိသည်။

ဘုရားသခင်ကို ကျွန်ုပ်တို့ ယုံကြည်သည်။

ဘုရားသခင်ကို ဘာကြောင့် ယုံကြည်ခိုင်းတာလဲ။ ဘုရားသခင်ရဲ့ပိုက်ဆံဖြစ်တဲ့ ရွှေနဲ့ ငွေတွေ ဘာဖြစ်သွားပြီလဲ။

နောက်ဆုံးသော ပိုးဟပ်တစ်ကောင် မျိုးသုဉ်းသွားမည့်အချိန်မှာပင် ရွှေနှင့် ငွေသည် ရှိနေပေဦးမည်။

ထို့ကြောင့် ကျွန်တော်တို့၏ ပိုက်ဆံအတုတိုင်းတွင် လူ့မလိုင်တို့က ဘာကြောင့် 'ဘုရားသခင်ကို ကျွန်တော်တို့ ယုံကြည်သည်' ဆိုသည့် စာကို ရိုက်နှိပ်ထားရပါသလဲ။

ယုံကြည်ရသည့်ခေါင်းဆောင်များသည် သူတို့ကိုယ်သူတို့ ပိုမိုချမ်းသာစေရန်နှင့် အာဏာပိုရှိလာစေရန် ပိုက်ဆံအတုများ အသုံးပြုသည်မှာ သမိုင်းတွင် ပထမဆုံး

mgyoe.com

တော့ မဟုတ်။

ငွေစက္ကူများကို တရုတ်နိုင်ငံတွင် တန်မင်းဆက်(အေဒီ ၆၁၈–၉၀၇) ကတည်းက အသုံးပြုခဲ့သည်။ သူတို့စသုံး၍ ရာစုနှစ်များစွာကြာပြီးမှ ဥရောပတွင် ထိုအလေ့အထကို စတင်ကျင့်သုံးသည်။

တရုတ်မင်းဆက် ပြိုလဲချိန်တွင် စစ်ပွဲများတိုက်ခိုက်ရန်နှင့် သူတို့အတွက် အထိမ်းအမှတ် အဆောက်အအုံများ ဆောက်လုပ်ရန် ပိုက်ဆံအတု ရိုက်ထုတ်ခြင်းသည် အလွန်လွယ်ကူသည့်နည်းလမ်းဖြစ်ကြောင်း လူ့မလိုင်တို့ သိလာကြသည်။

ရောမသားတို့သည် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတို့ကို သုံးကြသည်။ သူတို့က ဒင်္ဂါးအစွန်းများကို ပြုပြင်စီရင်ပြီး ပိုက်ဆံအတုများ ဖန်တီးကြသည်။



**အနားစွန်းပုံသွင်း ဒင်္ဂါးများနှင့် စပ်ဒင်္ဂါးများ**

ယနေ့ အမေရိကန် အကြွေစေ့အများစုတို့သည် အနားစွန်းတွင် ပုံဖော်ထားသည့် ဒင်္ဂါးများဖြစ်သည်။ အနားစွန်း ပုံသွင်းခြင်းသည် ရွှေနှင့် ငွေတို့ဖြင့် လုပ်ရန် ပိုမိုခက်ခဲစေသည်။

ရောမသားတို့သည် ရွှေနှင့် ငွေတို့ကို အခြားသတ္တုများနှင့် ရောစပ်ခြင်းဖြင့် ပိုက်ဆံအတုများ ဖန်တီးသည်။ ရောစပ်ရာတွင် ကြေးနီ၊ သံဖြူ၊ နီကယ် စသည့် သတ္တုများကို သုံးသည်။

၁၉၆၅ ခုနှစ်တွင် အမေရိကန်အစိုးရသည် စပ်ထားသည့် ငွေဒင်္ဂါးတို့ကို စတင်အသုံးပြုသည်။ ငွေဒင်္ဂါးကို အစွန်းဘက်တွင် ကြေးနီစပ်ထားခြင်းဖြစ်သည်။

mgyoe.com

ဂရက်စ်ဟမ်း နိယာမ

ဂရက်စ်ဟမ်းနိယာမက ယခုလို ဖော်ပြသည်။

ဆိုးသည့် ပိုက်ဆံ (ပိုက်ဆံအတု) များ စနစ်ထဲသို့ ဝင်လာချိန်တွင်

ကောင်းသည့် ပိုက်ဆံ (ပိုက်ဆံအစစ်)များ ပုန်းကွယ်နေရ၏။

၁၉၆၅ ခုနှစ်တွင် ကျွန်တော်သည် ဟာဝိုင်ယီပြည်နယ် ဟီလိုမြို့ရှိ ဒေသဆိုင်ရာ ဘဏ်များသို့ စတင်ဝင်ထွက်သည်။ ဒေါ်လာစက္ကူကို ပြားစေ့၊ မတ်စေ့၊ ငါးမူးစေ့များနှင့် လဲလှယ်သည်။ အိမ်ပြန်ရောက်လျှင် အကြွေစေ့အိတ်ကြီးကို ဖြေချသည်။ ငွေဒင်္ဂါးအစစ် များကို ရွေးပြီးဖယ်သည်။ စပ်ဒင်္ဂါးများကို ဘဏ်သို့ ပြန်သွင်းသည်။

သိပ်မကြာခင်မှာပင် ကျွန်တော်သည် ငွေဒင်္ဂါးအစစ်များ အိတ်ကြီးတစ်အိတ်စာ ရလာသည်။

ကျွန်တော် ဘာကြောင့် ဒင်္ဂါးနှင့် ဒေါ်လာစက္ကူ လဲလှယ်ခဲ့မှန်း ကျွန်တော် ကိုယ်တိုင်ပင် မသိပါ။ ငွေဒင်္ဂါးအစစ်များ စုဆောင်းသည့် အကျင့်တစ်ခုသာ။ သို့သော် ကျွန်တော်သည် ဂရက်စ်ဟမ်းနိယာမကို လက်တွေ့လုပ်ခဲ့ခြင်းဖြစ်နေသည်။

၁၉၆၅ ခုနှစ်တွင် ကျွန်တော်သည် ကျောင်းတက်ရန် နယူးယောက်သို့ သွားရသည်။ ထိုအချိန်မှစ၍ ကျွန်တော် ငွေဒင်္ဂါးအိတ်ကြီးကို ပြန်မတွေ့ရတော့ပါ။ ထို ငွေဒင်္ဂါးများကို ကျွန်တော့်မေမေ သုံးလိုက်တာလားဟု အမြဲတွေးမိသည်။

ကမ္ဘာအတွက် ရှေ့ရှာခြင်း

၁၉၉၆ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်း ကျွန်တော့်တွင် မိတ်ဆွေလည်းဖြစ်၊ ဆရာအစစ်လည်းဖြစ်သည့် ဖရန်ခရီရီ ရှိခဲ့သည်။ ဖရန့်သည် ကျွန်တော့်ဖေဖေ နှစ်ယောက်နှင့် သက်တူရွယ်တူလောက်။ သူက ရွှေတွင်းငွေတွင်းများကို အများပိုင် လုပ်ငန်းအဖြစ် ကနေဒါနှင့် အမေရိကန် စတော့အိတ်ချိန်းများတွင် ထည့်သွင်းထားသူ။ အသက်ကြီးပြီဖြစ်၍ ခရီးမသွားနိုင်သောကြောင့် ကျွန်တော့်ကို ကမ္ဘာပတ်ပြီး ရွှေတွင်းငွေတွင်းများ ရှာစေသည်။ ယင်းမှာ တန်ဖိုးမဖြတ်နိုင်သည့် အလွန်စစ်မှန်သော ပညာရေးပင်။ ကျွန်တော်သည် ပီရူးနိုင်ငံ အင်ဒီးစ်တောင်တန်းပေါ်ရှိ တောင်ကုန်း တစ်ကုန်းပေါ် တက်ကြည့်သည်ကို မှတ်မိနေသည်။ တောင်ကုန်း၏ ရွှေကြောတစ် လျှောက် ရွှေတွင်းလေးများ အစီအရီရှိနေကြသည်။ ကျွန်တော့်တွင်းမှ ဘူမိပညာရှင်က ထိုတွင်းလေးများသည် အင်ကာလူမျိုးတို့ ရွှေတူးသည့်တွင်းများဖြစ်ပြီး ဖရန်စစ္စကို

mgyoe.com

 mgyoe.com SAMPLE BOOK 

ပီဇာရှိ စပိန်သို့ရောက်ပြီးနောက် အင်ကာခေါင်းဆောင်များကို သတ်ဖြတ်ကာ ရွှေများကို ခိုးယူသွားကြောင်း ပြောပြသည်။

မွန်ဂိုးလီးယားရှိ ရွှေတွင်းဟောင်းတစ်ခုသို့ သွားခဲ့သည်ကိုလည်း မှတ်မိနေသည်။။ ထိုတွင်းကို ကျွန်တော်တို့က 'ကျားကွက်တွင်း' ဟု ခေါ်သည်။ အကြောင်းမှာ မြေပြင်သည် ပြန့်ပြူးနေပြီး ရွှေတွင်းများသည် ကျားကွက်များပုံစံ ဖြစ်နေသောကြောင့်ပင်။

ကျွန်တော်တို့၏တွင်းများထဲမှ အကောင်းဆုံးတစ်တွင်းမှာ အာဂျင်တီးနားနိုင်ငံ တောင်ပိုင်း ဝေးလံခေါင်သီသော အရပ်တွင်ရှိသည့် ငွေတွင်းဟောင်းတစ်ခုဖြစ်သည်။



ကျွန်တော်တို့အဖွဲ့သည် ငွေတစ်အောင်စကို သုံးဒေါ်လာဖြစ်ချိန်တွင် ထိုငွေတွင်းကို တိုရွန်တိုစတော့အိတ်ချိန်းတွင် အများပိုင်လုပ်ငန်းအဖြစ် ထည့်သွင်းခဲ့သည်။ ငွေတစ်အောင်စ ခုနစ်ဒေါ်လာဖြစ်ချိန်တွင် ကျွန်တော်တို့ လွှန်စွာအလုပ် ဖြစ်ခဲ့သည်။ ယနေ့ခေတ်တွင် ငွေတစ်အောင်စကို ခုနစ်ဒေါ်လာဖြစ်နေပြီ။ ကံမကောင်းစွာပင် ကျွန်တော်တို့ ခုနစ်ဒေါ်လာခေတ်က ရောင်းလိုက်မိသည်။

ကျွန်တော်တို့အတွက် ဝင်ငွေအများဆုံး ရရှိစေခဲ့သည်မှာ တရုတ်နိုင်ငံမှ တွင်းဟောင်းတစ်ခု ဖြစ်သည်။ ထိုတွင်းအတွက် လက်ငင်းတစ်ပြားမှ မပေးချေရဘဲ လုပ်ခွင့်ရခဲ့သည်။ ကျွန်တော်တို့က ထိုလုပ်ငန်းကို

mgyoe.com
SAMPLE BOOK


တို့ရွှန်တို့ စတော့အိတ်ချိန်းတွင် အများပိုင်ဖြစ်အောင် လုပ်ပေးရမည်ဆိုသည့် သဘောတူညီချက်ဖြင့် တရုတ်အစိုးရက ပေးခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ လုပ်နိုင်ခဲ့သည်။ သတင်းကောင်းမှာ ကျွန်တော်တို့ ထိုတွင်းတွင် ရွှေအများအပြား တွေ့ရခြင်းပင်။ အောင်စပေါင်း သန်းနှင့်ချီ၍ တူးနိုင်ခဲ့သည်။ တစ်နှစ်လောက်အကြာတွင် ကျွန်တော်တို့ ဘီလျံနာဖြစ်နေပြီဆိုသည်ကို သိလိုက်ရသည်။

တစ်ရက်တွင်မူ တရုတ်အစိုးရက ကျွန် တော်တို့ လုပ်ငန်းလိုင်စင်ကို သက်တမ်းမတိုးပေးတော့ကြောင်း အစိုးရတာဝန်ရှိသူများက တရားဝင်အသိပေးလာခဲ့သည်။ ယနေ့အချိန်တွင် ထိုတွင်းသည် တရုတ် လူ့မလိုင်အသိုင်းအဝိုင်း၏ မိတ်ဆွေများလက်ထဲသို့ ရောက်နေပြီဖြစ်သည်။ ထိုသူတို့မှာ ဘီလျံနာများဖြစ်ကြသည်။

ကျွန်တော်တို့ ထိုလုပ်ငန်းမှ အပြီးအပိုင် ထွက်လာရသည်။ ယင်းမှာ ကျွန်တော်ပြောသည့် ပညာရေးအစစ်အမှန်ဖြစ်သည်။

## စွဲကျန်နေသည့်အတွေး


ကျွန်တော့်ထံတွင် စွဲကျန်နေသည့်အတွေးမှာ – သီးခြားနေထိုင်သူများ၊ ဝေးလံခေါင်သီနေကြသည်၊ အပြင်ကမ္ဘာနှင့် အဆက်အစပ်မရှိ၊ ရွှေနှင့် ငွေတန်ဖိုးအကြောင်းကို ဂဃနဏ သိထားသည်။

ကျွန်တော်တို့ ဘာတွေဖြစ်နေလဲ။ ဘုရားသခင်၏ ပိုက်ဆံအတွက် ကျွန်တော်တို့၏ ပင်ကိုသိစိတ်များ ဘာဖြစ်သွားလဲ။ ယနေ့ခေတ် ကျွန်တော်တို့သည် ပညာအတတ်လွန်နေသည်လား။


ကျွန်တော်တို့ သိတောင်မသိသူများကို ဘာကြောင့်ယုံကြည်ရမလဲ။ "ကျွန်တော်တို့ ဘုရားသခင်ကို ယုံကြည်သည်" ဟု ရေးထားရုံဖြင့် လူ့မလိုင်တို့ကို ကျွန်တော်တို့ ဘာကြောင့် ယုံကြည်ရမလဲ။

အောက်ကဇယားကို ကြည့်ပါ။

mgyoe.com




ယခု ကျွန်တော်တို့ ခေါင်းဆောင်များ ပိုက်ဆံအတုများကို ထပ်ပြီး ရိုက်နှိပ်လိုက်ချိန်တွင် ပိုက်ဆံအတုများ ဘာဖြစ်သွားလဲဆိုသည်ကို အောက်ပါဇယားတွင် ကြည့်ပါ။




ဒါက သမိုင်း တစ်ပတ်လည်ခြင်းလား။

mgyoe.com

 gyoe.com SAMPLE BOOK 

ဤပုံမှာ ၁၉၂၃ ခုနှစ်က ဂျာမန်ကလေးတစ်ဦး လမ်းပေါ်တွင် ဘီလီယံနှင့်ချီသော ပိုက်ဆံအတုများနှင့် ကစားနေသည့်ပုံဖြစ်သည်။ ပထမကမ္ဘာစစ်အပြီး ဗိုင်မာအစိုးရလက်ထက်တွင် ဂျာမန် မတ်ငွေ ၄ ဒသမ ၂ သန်းသည် အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှခဲ့သည်။




Source: Getty Images / Corbis


mgyoe.com

mgyoe.com SAMPLE BOOK


အောက်ပါဇယားတို့သည် ကလေး၏ ပိုက်ဆံများ ဘယ်ကလာလဲဆိုသည်ကို ပြနေသည်။




Source: Wikipedia – Delphi234




Source: Federal Reserve Economic Data (FRED)

mgyoe.com

အထက်တွင်ပြထားသည် ဖရက်ဒ်ဇယားသည် ၂၀၀၈ ခုနှစ် စီးပွားပျက်ကပ်နောက်ပိုင်း အမေရိကန်ပြည်ထောင်စုက ရိုက်ထုတ်ခဲ့သည့် ထရီလီယံနှင့်ချီသော ပိုက်ဆံအတုများကို ပြနေသည်။

၁၉၂၀ ပြည့်လွန်နှစ်များကလည်း ဂျာမန်တို့ ပိုက်ဆံအတုများ အလားတူ ရိုက်ထုတ်ခဲ့သည်ကို သတိပြုမိပါသလား။

သတင်းဆိုးမှာ ပိုက်ဆံအတုများသည် လူသားသမိုင်းတစ်လျှောက် ရှင်သန်နိုင်ခြင်းမရှိခဲ့ဆိုသည့် အချက်ပင်။ ယနေ့ စက္ကူပိုက်ဆံအားလုံးတို့သည် တစ်ချိန်ချိန်တွင် တန်ဖိုးအမှန်ဖြစ်သည့် သုညသို့ ပြန်ရောက်သွားမည်သာ။

သင့်ပိုက်ဆံများ ထိုသို့ဖြစ်သွားပြီဆိုလျှင် ဘုရားသခင်ကို ဆက်ပြီး ယုံကြည်ပါမည်လား။

## ကျောင်းသားကို လေ့လာခွင့် ပြန်ပေးပါ

ဘက်ကီဖူလာက "ကျောင်းတော်သားတို့ သူ့လေ့လာမှုအတွက် လွတ်လပ်ခွင့်ပြန်ပေးခြင်း"အကြောင်း ရေးခဲ့သည်။ တစ်နည်းပြောရလျှင် ကျောင်းသားများ ကျောင်းပြင်ပသို့ထွက်ပြီး သူတို့ သင်ယူမှုများကို လွတ်လွတ်လပ်လပ် သင်ယူခွင့် ပြုပေးဖို့ဖြစ်သည်။

ကျွန်တော့်ဘဝအချိန်တော်တော်များများတွင် ကျွန်တော်သည် သာမန်ကျောင်းသားတစ်ယောက်ဖြစ်ခဲ့သည်။ အမြဲတမ်း ကျောင်းသားအတုတစ်ယောက်။ လေကြောင်းအတတ်သင်ကျောင်းမှလွဲ၍ မည်သည့်ကျောင်းတွင်မျှ မပျော်ခဲ့။ ကျောင်းများသည် ပျင်းစရာကောင်းသည်။ ဖူလာက 'ကျောင်းတော်သားများကို သူ့လေ့လာမှုအတွက် လွတ်လပ်ခွင့်' ပေးဖို့ ပြောလာချိန်တွင် ကျွန်တော်သည် ကျွန်တော် ဘာကိုလေ့လာနေသလဲဆိုသည်ကို စဉ်းစားမိသည်။

ဖူလာ၏ Grunch of Giants စာအုပ်ကို ဖတ်ပြီးချိန်တွင် ကျွန်တော် ဘာကိုလေ့လာနေလဲဆိုသည်ကို သိသွားသည်။ နောက်ဆုံးတွင် ကျောင်းသားအစစ် တစ်ယောက် ဖြစ်လာခဲ့သည်။

ကျွန်တော့် လေ့လာမှုများ စတင်လိုက်သည့်အချိန်တွင် စတုတ္ထတန်း ကျောင်းသားဘဝက လေ့လာခဲ့သည်နှင့် သိပ်မကွာလှကြောင်း နားလည်သွားသည်။ ထိုစဉ်က အတန်းထဲတွင် ကျွန်တော်က လက်ထောင်ပြီး "ကျွန်တော်တို့ ဘယ်အချိန်မှာ ပိုက်ဆံ

mgyoe.com

mgyoe.com  SAMPLE BOOK 

အကြောင်း သင်ရမလဲ" ဟု ဆရာမကို မေးခဲ့သည်။ ထိုမေးခွန်းသည်ပင်လျှင် ချမ်းသာသောဖေဖေနှင့် တွေ့ရဖို့ အကြောင်းဖြစ်လာသည်။ ချမ်းသာသောဖေဖေသည် ကျွန်တော့် အတန်းဖော်သူငယ်ချင်း၏ ဖေဖေဖြစ်ပြီး သူ့သားနှင့် ကျွန်တော့်ကို အသက်ကိုးနှစ်အရွယ်မှစတင်၍ အသက် ၃၀ ကျော်သည်အထိ လေ့ကျင့်ပေးခဲ့သော ဆရာအစစ်ဖြစ်သည်။

Grunch of Giants စာအုပ်သည် ကျွန်တော့် လေ့လာမှုနှင့် သုတေသနတို့ကို အဆင့်အသစ်တစ်ခု တက်လှမ်းသွားစေသည်။ ကျွန်တော်သည် ဆရာအစစ်တို့၏ စာအုပ်များ၊ ဟောပြောပွဲများကို စတင်ရှာဖွေသည်။ ကျွန်တော့် စီးပွားဖက်လည်းဖြစ်၊ ကျွန်တော့်ကို ကမ္ဘာတစ်ခွင်လှည့်လည်ပြီး ရွှေတွင်းငွေတွင်းများ ရှာခိုင်သူလည်းဖြစ်သည့် ဖရန့် ခရီရီသည် ဆရာအစစ်များထဲမှ တစ်ယောက်ဖြစ်သည်။ ဤစာအုပ် အပိုင်း(၂) တွင် ကျွန်တော့်ဆရာအစစ်အချို့ကို စာရင်းလုပ်၍ ဖော်ပြသွားပါမည်။

၂၀၁၈ ခုနှစ် မေ ၂၈ ရက်တွင် စာအုပ်အရောင်းစင်တစ်ခုကို ဖြတ်သွားခိုက် တိုင်းမ်မဂ္ဂဇင်းမျက်နှာဖုံးက ကျွန်တော့်ကိုလှမ်းခေါ်သည်။ ထိုမျက်နှာဖုံးတွင် "ကျွန်တော့်မျိုးဆက်က အမေရိကကို ဘယ်လိုဖျက်ဆီးသွားလဲ" ဟု ရေးထားသည်။ စတီဗင်ဘရေးလ်၏ လူ့မလိုင်တို့အကြောင်း ရေးထားသော ထိုဆောင်းပါးသည် ဂရန့်ချ်ပဟေဠိ၏ အစိတ် အပိုင်းတစ်ခု။ ဘက်ကီဖူလာ လွန်ခဲ့သည့် ၃၅ နှစ်က စိတ်ပူခဲ့သော အကြောင်းများကို ဘရေးလ်က ရေးထားခြင်း ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးကို ထိန်းချုပ်နေသည့် မမြင်ရသော ပုဂ္ဂိုလ်တို့သည် ကျောင်းများတွင် အတော်ဆုံးနှင့် အထက်မြက်ဆုံး ကျောင်းသားကျောင်းသူတို့ကို ရှာဖွေပြီး ကမ္ဘာ့စီးပွားရေးကို သူတို့အလိုကျ လည်ပတ်အောင် ပေါင်းနှင်ဖို့ လေ့ကျင့်ပေးကြကြောင်း ဖူလာက သူ့လက်ချာတွင် ပြောထားသည်။ စတီဗင်ဘရေးလ်က ထိုအတိုင်း အတိအကျတော့ မပြော၊ သို့သော် –

> ကျွန်တော်က အဲဒီလူ့မလိုင်တွေထဲက တစ်ယောက်ပါ။ ၁၉၆၄ ခုနှစ်မှာ ကျွန်တော်က ဖားရှော့အဝေးက စာကြမ်းပိုးတစ်ယောက်။ တစ်ရက်မှာ ဂျွန်၊ အက်ဖ်၊ ကနေဒီရဲ့ အတ္ထုပ္ပတ္တိကိုဖတ်ရင်း ပုဂ္ဂလိက ဝင်ခွင့် သင်တန်းကျောင်း (prep school) တစ်ခုမှာ ကျောင်းတက်ခဲ့တာကို ဖတ်လိုက်ရပါတယ်။ ကျွန်တော် တက်နေတဲ့ အမှတ်(၁၉၈) ဂျူနီယာ ဟိုက်စကူးက ကျွန်တော့်ဆရာတွေ အကုန်လုံး အဲဒါ ဘာကျောင်းမှန်း မသိကြပါဘူး။ ဒါပေမဲ့ မကြာခင်မှာပဲ

mgyoe.com

 myoe.com SAMPLE BOOK 

အဲဒါက ကောလိပ်လို ကျောင်းမျိုးဆိုတာ သိလိုက်ရပါတယ်။ အတန်းတွေကို ကောလိပ်မှာလိုပဲ တက်ပြီး ကျောင်းအိပ် ကျောင်းစား နေလို့ရပါတယ်။ လေးနှစ်လောက် စောပြီး အဲဒီလိုနေလို့ရမှာပါ။ ဒါ အကြံကောင်းတစ်ခုလို့ ကျွန်တော် စဉ်းစားမိတယ်။ ပြီးတော့ အဲဒီကျောင်းတွေက ငွေကြေး အထောက်အပံ့ပေးတယ်ဆိုတာ တွေ့ရတော့ ပိုလို့တောင် ကောင်းသွားပါတယ်။ ကျွန်တော် မက်ဆာချူးဆက်အနောက်ပိုင်းက ဒီးယားဖီးလ်ဒ် အကယ်ဒမီကို ရောက်သွားတယ်။ ကျောင်းအုပ်ကြီး ဖရန့်ဘွိုင်ဒင်က စိုးရိမ်နေတဲ့ ကျွန်တော့် မိဘတွေကို သူ့ရဲ့ ငွေကြေးအထောက်အပံ့ မူဝါဒက နှစ်တိုင်း သူတို့ ပေးနိုင်တဲ့ ပမာဏလောက်ပဲ ပေးရမှာလို့ ပြောပြတယ်။ ကျွန်တော့်မိဘတွေက ယမကာဆိုင်လေး ဖွင့်ပြီး ရုန်းကန်နေကြရတာပါ။

သုံးနှစ်ကြာပြီးတဲ့နောက် ၁၉၆၇ ခုနှစ်မှာ ကျောင်းအုပ်ကြီးရုံးခန်းကို သွားပြီး ယေးလ်တက္ကသိုလ်က ဝင်ခွင့်အကြီးအမှူး အာရ် အင်ဆလီ ကလာ့ခ် ဂျူနီယာ ဆိုတဲ့လူနဲ့ တွေ့ရတယ်။ သူ့ကို အင်ကီလို့ နာမည်ပြောင်ခေါ်ကြတယ်။ သူ့ရဲ့ တော်လှန်ရေးထဲကို ကျွန်တော် ဘယ်လိုပါသွားမှန်းတောင် မသိလိုက်ဘူး။ အင်ကီရဲ့ ကောင်လေးတွေလို့ ခေါ်ကြတဲ့အဖွဲ့ထဲမှာ ကျွန်တော် ပါသွားတယ်။ နောက်ပိုင်းမှာ ကောင်မလေးတွေပေါ့။ ကျွန်တော်တို့က ၁၉၆၀ ပြည့်လွန်နှစ် အလယ်ပိုင်းကစပြီး ၁၉၇၀ ပြည့်လွန်နှစ်တွေအထိ ယေးလ်နဲ့ တခြား လူမလိုင် ပညာရေးအဖွဲ့အစည်းတွေ၊ ဥပဒေလုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံမှုဘဏ်တွေမှာ ခေတ်စားခဲ့တဲ့ အရည်အချင်းအလိုက်မြှောက်စားပြီး ဖြည့်သွင်းခံရသူတွေထဲမှာ ပါသွားခဲ့တာပေါ့။

ဟု ဆိုသည်။

ဖူလာကမူ "အဲဒီ အလွန်ထက်မြက်တဲ့ လူငယ်တွေဟာ ဂရန့်ချ်တွေ မောင်းနှင်နေတဲ့ ပညာရေးစနစ်ထဲမှာ ရွေးချယ်ခံရပြီး လေ့ကျင့်ခံကြရတယ်"ဟု ဆိုသည်။

ကျွန်တော်တို့မျိုးဆက်ထဲက အောင်မြင်တဲ့သူတွေဟာ ထိပ်ဆုံးတက္ကသိုလ်တွေကနေ ဘွဲ့ရပြီး ပရော်ဖက်ရှင်နယ်ကမ္ဘာတွေထဲကို ဝင်လာကြတဲ့သူတွေဖြစ်တဲ့အလျောက် သူတို့ရဲ့ ပုဂ္ဂိုလ်ရေးအောင်မြင်မှုတွေဟာ များသောအားဖြင့် လူ့အဖွဲ့အစည်းအတွက် စိုးရိမ်စရာ အကျိုးဆက်တွေ ရှိနေတတ်တယ်။

ဟုလည်း စတီဗင်ဘရေးလ်က ဆက်ပြောထားသည်။

myoe.com

**ပုဂ္ဂလိက ကျောင်းများသို့**

Rich Dad စာတ်လမ်းတွင် ထည့်မပြောခဲ့သည့် တစ်ချက်မှာ ကျွန်တော့် အတန်းမှ ချမ်းသာသော အတန်းဖော်တို့သည် ကျွန်တော်နှင့် ချမ်းသာသောဖေဖေ၏ သားတို့လို အစိုးရအလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများ ဆက်မတက်ဘဲ ရေးဗာဆိုက်ကျောင်းမှနေ၍ ပုဂ္ဂလိကကျောင်းများသို့ ရောက်သွားကြသည်။ အများစုမှာ ဟာဝိုင်ယီ ကြို့တင်ပြင်ဆင်မှု အကယ်ဒမီသို့ သွားတက်ကြသည်။ ယင်းမှာ ဟာဝိုင်ယီ၏ ကျွန်းကြီးမှ မိုင် ၈၀ အကွာတွင် တည်ရှိသည်။ အချို့က ပူနာဟိုကျောင်းသို့ သွားတက်ကြသည်။ ထိုကျောင်းမှာ အိုအာဟူကျွန်းတွင် တည်ရှိပြီး ဘားရတ် အိုဘားမား တက်ခဲ့သည့်ကျောင်းဖြစ်သည်။

အနာဂတ်သမ္မတများသည် စတီဗင်ဘရေးလ်လို အင်ကီ၏ ကောင်လေး၊ ကောင်မလေးများထဲမှသာ ထွက်လာကြသည်။ အိုဘားမားသည် ပူနာဟိုတွင်တက်ပြီး ဟားဗတ်ဥပဒေကျောင်းသို့ရောက်သည်။ ထို့နောက် သမ္မတဖြစ်လာသည်။ သမ္မတ ဘီလ်ကလင်တန်၊ သမ္မတ ဂျော့ဒဗလျူဘုရှ်တို့ လမ်းကြောင်းများအတိုင်းပင်။

ကျွန်တော် ထိုကျောင်းမျိုးတက်ချင်ကြောင်း ဆင်းရဲသောဖေဖေကို ပြောမိချိန်တွင် ဖေဖေက "ဖေဖေတို့က မချမ်းသာဘူး။ ပြီးတော့ ပညာရေးမှူးတစ်ယောက်ရဲ့ သားက ပုဂ္ဂလိကကျောင်း သွားတက်တယ်ဆိုရင် နိုင်ငံရေးအရလည်း မမှန်ကန်ဘူး"ဟု ပြန်ပြောခဲ့သည်။ ချမ်းသာသည့် အတန်းဖော်များ ပုဂ္ဂလိကကျောင်းများသို့ သွားတက်ချိန်တွင် ကျွန်တော်နှင့် ချမ်းသာသောဖေဖေ၏ သားတို့သည် လမ်းတစ်ဖက်မှ ဟီလို အလယ်တန်းကျောင်းနှင့် ဟီလိုအထက်တန်းကျောင်းတို့သို့ သွားတက်ရလေသည်။

သတင်းကောင်းမှာ ကျွန်တော့်အနေဖြင့် နေ့တိုင်း လှိုင်းစီးနိုင်ခြင်းဖြစ်သည်။ ထို့ပြင် ဟီလိုအထက်တန်းကျောင်းသည် ပြည်နယ်တွင်း အကောင်းဆုံး ဘောလုံးအသင်းများထဲမှ တစ်သင်းကို ပိုင်ဆိုင်ထားသည်။ ကျွန်တော်ကလည်း ဘောလုံးကန်ရသည်ကို သဘောကျသည်။ ဟာဝိုင်ယီ ပုဂ္ဂလိကကျောင်းများနှင့် ကန်ရသည့်ပွဲတိုင်း ကျွန်တော်သည် အတန်းဖော်ဟောင်းတို့ကို အနိုင်ယူနိုင်ခဲ့သည်။

ထို့ပြင် အကောင်းဆုံးသတင်းမှာ မိုက်နှင့် ကျွန်တော်တို့ ချမ်းသာသောဖေဖေ ထံတွင် အလုပ်သင်လုပ်ခွင့်ရခြင်းပင်။ ကျောင်းဆင်းချိန်တိုင်းနှင့် စနေ၊ တနင်္ဂနွေတိုင်း လုပ်ရသည်။ ကျွန်တော်တို့နှစ်ယောက် အလယ်တန်းနှင့် အထက်တန်းတစ်လျှောက်လုံး တကယ့်စီးပွားရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပညာရေးကို သင်ယူခဲ့ရသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ပုဂ္ဂလိကကျောင်းများသို့ ရောက်သွားသည့် ကျွန်တော့်အတန်းဖော်များတွင် အများအပြားသည် စတန်းဖို့ဒ်၊ ဒတ်မောက်၊ ယေးလ်နှင့် အခြားသော လူ့မလိုင် တက္ကသိုလ်များမှ ဘွဲ့ရကြလေသည်။ ထိုကျောင်းများမှာ လူ့မလိုင်များနှင့် အနာဂတ် လူ့မလိုင်များအတွက် ကျောင်းများဖြစ်သည်။

---

Rich Dad Poor Dad ဇာတ်လမ်းသည် ကျွန်တော် ရေးဗားဆိုက်ကျောင်း၌ တက်နေစဉ် အသက်ကိုးနှစ်အရွယ်က စတင်ခဲ့သည်။ ဆင်းရဲသည့် ကလေးများနှင့် လူလတ်တန်းစားကလေးများသည် လမ်းတစ်ဖက်ရှိ ဟီလိုပယူနီယံကျောင်းတွင် တက်ကြရသည်။

ချမ်းသာသည့် ကလေးများနှင့် တစ်ကျောင်းတည်း အတူတက်ရချိန်တွင် သူတို့က ဘာလို့ချမ်းသာပြီး ငါက ဘာလို့ဆင်းရဲရတာလဲဟု တွေးမိသည်။ လေးတန်းတွင် ချမ်းသာသည့်ကလေးများကြားမှ ကျွန်တော် လက်ထောင်ပြီး "ကျွန်တော်တို့ ပိုက်ဆံအကြောင်း ဘယ်တော့သင်ရမှာလဲ" ဟု မေးသည်။ ဆရာမက "ဆရာမတို့ကတော့ ကျောင်းမှာ ပိုက်ဆံအကြောင်း မသင်ဘူး" ဟု အဖြေပေးသည့်အချိန်မှစ၍ ကျွန်တော့် ဘဝတစ်သက်တာ ပညာဆည်းပူးမှု စတင်ခဲ့သည်။

ဟာဝိုင်ယီပြည်နယ်၏ ပညာရေးမှူး၊ ဆင်းရဲသောဖေဖေကို ကျွန်တော် ပြောပြချိန်တွင် သူက သူ့အနေဖြင့် ကျွန်တော့်ကို အစိုးရက ပြဋ္ဌာန်းထားသည့် စာများကိုသာ သင်ပေးနိုင်မည်ဟု ဆိုသည်။ အကယ်၍ ကျွန်တော့်အနေဖြင့် ပိုက်ဆံအကြောင်း သင်လိုလျှင် ကျွန်တော့် ချမ်းသာသောဖေဖေ ဖြစ်လာမည့် ကျွန်တော့် အချစ်ဆုံး သူငယ်ချင်း၏ ဖေဖေထံမှ သင်ဖို့ အကြံပေးသည်။ ထို့ကြောင့် Rich Dad Poor Dad ဇာတ်လမ်း စတင်ခဲ့ရသည်။ ဆရာအစစ်တစ်ယောက်ထံမှာ စစ်မှန်သည့် ငွေကြေးပညာရေးအကြောင်း ဇာတ်လမ်းဖြစ်သည်။

---

## လူ့အဖွဲ့အစည်းအတွက် စီးရီမ်စရာ အကျိုးဆက်

စတီဗင်ဘရေးလ်က သူ့မျိုးဆက် အောင်မြင်သူများသည် "ရရန်ပိုင်ခွင့် အသစ်တွေကို ဖန်တီးပြီးတော့ စီးပွားရေးကို တည်ဆောက်ရမယ့်အစား ပတ်ဝန်းကျင်မှာ ရှိနေတဲ့ ရရန်ပိုင်ခွင့်တွေကိုပဲ နေရာရွှေ့ပြောင်းတဲ့နည်းလမ်းနဲ့ တည်ဆောက်ထားတဲ့ စီးပွားရေးတွေကိုပဲ ဖန်တီးကြတယ်" ဟုဆိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

**ဘာသာပြန်ဆိုချက်** – လူ့မလိုင်တို့သည် ရရန်ပိုင်ခွင့်အတုများကို ဖန်တီးသည်။ သို့သော် စီးပွားရေးကို တိုးပွားအောင်မလုပ်။ ဆိုလိုသည်မှာ သူတို့သည် လုပ်ခလစာမြင့်မားသည့် အလုပ်များ ဖန်တီးခြင်းမရှိ။

## မေးခွန်းများနှင့် ရောဘတ်၏အဖြေ

**မေး** – အမေရိကန်ပြည်ထောင်စုရဲ့ ငွေကြေးပြဿနာကို ကျွန်တော်တို့ ဘယ်လိုဖြေရှင်းမလဲ။ ဘယ်နေရာကနေစမလဲ။ အမေရိကန်ဒေါ်လာကို ရွှေပေါင်ပြန်ထားပြီးတော့ စမလား။ ဆင့်ပွားတွေနဲ့ ရရန်ပိုင်ခွင့်အတုတွေကို အရင်ဆုံး ရှင်းထုတ်မလား။ ဂရန့်ချ်တွေကို ဘယ်လိုရပ်တန့်နိုင်မလဲ။

ဂျေမီ အမ် - အမေရိကန်ပြည်ထောင်စု

**ဖြေ** – မေးခွန်းတွေအားလုံး မေးခွန်းကောင်းတွေချည်းပါပဲ။ ကျွန်တော် ငယ်ငယ်တုန်းကလည်း အဲဒီလိုမေးခွန်းတွေ မေးခဲ့ဖူးပါတယ်။ ဘက်ကီဖူလာနဲ့ ငွေကြေးမောင်ပိုင်စီးမှုကို လေ့လာလေလေ တစ်ခုတည်းသောအဖြေကို သဘောပေါက်လာလေလေပါပဲ။ ဖူလာရဲ့ ယေဘုယျနိယာမတစ်ခုက 'အရေးပေါ်အခြေအနေကနေ ထွက်ပေါ်လာခြင်း' ဆိုတာပါ။ 'အရေးပေါ်အခြေအနေ' (emergency) ဆိုတဲ့စကားလုံးကို လေ့လာကြည့်ရင် 'ထွက်ပေါ်လာသည်' (emerge) ဆိုတဲ့စကားလုံးရင်းမြစ်ကနေ လာတယ်ဆိုတာကို တွေ့ရမှာပါ။ လူသားတွေရဲ့ နောက်ထပ် ဆင့်ကဲ ပြောင်းလဲမှုဟာ အရေးပေါ်အခြေအနေ ရောက်လာချိန်မှာ ပေါ်ထွက်လာလိမ့်မယ်လို့ ဖူလာက ကျွန်တော်တို့ အတန်းကို သင်ပေးခဲ့ပါတယ်။

သတင်းကောင်းကတော့ ကျွန်တော်တို့ တော်တော်များများဟာ ဒီအရေးပေါ်အခြေအနေ နီးကပ်လာနေပြီဆိုတာကို သိပြီးတော့ လုပ်စရာရှိတာတွေကို စောစောစီးစီး လုပ်နေကြတာပါ။ ပြီးတော့ ကျွန်တော်တို့အနေနဲ့ လာမယ့်အရေးပေါ် အခြေအနေအတွက် ပိုပြီးထက်မြက်၊ ပိုပြီး ဉာဏ်ပညာကြွယ်ဝတဲ့ လူ့အဖွဲ့အစည်းကို မြင်ရမယ် (ဒါမှမဟုတ် မြင်နေရတယ်) လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ၂၀၀၄ ခုနှစ်တုန်းက အင်ဒိုနီးရှားကို ကြီးမားတဲ့ ဆူနာမီ

mgyoe.com

 mgyoe.com SAMPLE BOOK 

လှိုင်းကြီး ရိုက်ခတ်ပြီး သိန်းနဲ့ချီတဲ့လူတွေ မသေဆုံးခင် ဆင်တွေအစရှိတဲ့ တိရစ္ဆာန်တွေဟာ ကမ်းရိုးတန်းဒေသတွေကို စွန့်ခွာခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ကမ္ဘာလှည့်ခရီးသွားတွေက ကမ်းခြေကို ဦးတည်သွားခဲ့ကြတာပါ။ ဒီနေ့ခေတ်မှာလည်း အလားတူကိစ္စမျိုး ဖြစ်နေပါတယ်။ သန်းနဲ့ချီတဲ့လူတွေဟာ သားကောင်မဖြစ်ဖို့ ရွေးချယ်နေကြပါတယ်။ လာမည့် ငွေရေးကြေးရေး အရေးပေါ် အခြေအနေအတွက် အပြောင်းအလဲတွေ ကြိုလုပ်နေကြပါတယ်။ ကျွန်တော့်စာအုပ်တွေအားလုံးဟာ ပြောင်းလဲချိန်တန်ပြီးဆိုတာကို သိတဲ့လူတွေအတွက် ရေးထားတာ ဖြစ်ပါတယ်။

မေး – ရွှေပေါင်ပြန်ထားဖို့ အရမ်းနောက်ကျသွားပြီလား။

အင်ဒရူး စီ - ကနေဒါ

ဖြေ – ဒါက ခင်ဗျား ဘယ်သူ့ကိုမေးလဲဆိုတဲ့အပေါ်မှ မူတည်ပါတယ်။ ဒီစာအုပ်ရဲ့ အပိုင်း(၃) ရရန်ပိုင်ခွင့်အတုများထဲမှာ ဗဟိုဘဏ်ဥက္ကဋ္ဌ ဘာနန်ကေးလို ပညာတတ် လူမလိုင်အများအပြားက ရွှေဟာ အတိတ်ရဲ့ ခပ်ရိုင်းရိုင်း အမွေအနှစ်တစ်ခုလို့ ဘာကြောင့်ယူဆလဲဆိုတဲ့အကြောင်း ဖတ်ရပါလိမ့်မယ်။ ပြီးတော့ ဂျင်မ်ရစ် ကတ်လို့ လူမျိုးရဲ့ The New Acse for Gold လို စာအုပ်မျိုးကို ဖတ်ကြည့်ရင်တော့ ရွှေပေါင်စနစ်ကို တော်တော်လေး လွယ်လွယ်ကူကူနဲ့ ပြန်သွားနိုင်တဲ့အကြောင်း ရေးထားတာတွေ ရမှာပါ။

မေး – တကယ်လို့ နစ်ဆင်သာ ဒေါ်လာကို ရွှေပေါင်မနုတ်ခဲ့ရင် ဒီနေ့ ကမ္ဘာက ဘယ်လိုအခြေအနေရှိနိုင်လဲ။

ဂျိုအေး အက်စ် - ဗီယက်နမ်

ဖြေ – မေးခွန်းကောင်းပါ။ ကျွန်တော် မသိပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ မကြာခင်ကာလမှာ ဘာဖြစ်မလဲဆိုတာကို တွေးပြီး အနာဂတ်အတွက် ပြင်ဆင်ဖို့ ပြောချင်ပါတယ်။

mgyoe.com

မေး – ကျွန်တော်တို့မှာ အတုအယောင် အမှန်တရားတွေ ရှိလား။

မိုက်ကယ် အေ - ပိုလန်

ဖြေ – ရှိပါတယ်။ ကျောင်းတွေမှာတော့ သမိုင်းလို့ခေါ်ကြတယ်။

သမိုင်းဆိုတဲ့ စကားလုံးကို အနီးကပ်လေ့လာကြည့်ရင် သူ၏ (his) ဆိုတဲ့ စကားလုံးနဲ့ ဇာတ်လမ်း (story) ဆိုတဲ့ စကားလုံးနှစ်ခု ပေါင်းထားတာကို တွေ့ရမှာပါ။

စစ်ကျောင်းတွေမှာ ကျွန်တော်တို့ဟာ 'စစ်အောင်နိုင်တဲ့ သူတွေရဲ့ သမိုင်း' ကိုပဲ သင်ရပြီး 'စစ်ရှုံးတဲ့သူတွေရဲ့သမိုင်း' ကို မသင်ရပါဘူး။

ဂျိုးဆက် ဂိုဘယ်လ်ပြောသလို "တကယ်လို့ မုသားတစ်ခုဟာ လုံလောက်အောင် ကြီးမားပြီးတော့ ထပ်ကာထပ်ကာ ပြောနေမယ်ဆိုရင် လူတွေက အဲဒါကို အမှန်လို့ ယုံကြည်လာမှာပဲ" ဆိုတဲ့အတိုင်းပါ။

ဖူလာကတော့ 'ရှေးလူ့အသုံးအဆောင်ပစ္စည်း' တွေပေါ်မှာ ယုံကြည်ဖို့ သင်ပေးပါတယ်။ အဲဒါတွေက မြင်ရတယ်၊ ထိနိုင်တယ်၊ ခံစားနိုင်တယ်။ ဇာတ်လမ်းတစ်ခု မဟုတ်သလို မုသားတစ်ခု မဟုတ်ပါဘူး။

ဥပမာပြောရရင် ကိုလံဘတ်စ်ဟာ အမေရိကကို တစ်ခါမှ ခြေမချဖူးပါဘူး။ သူက အနောက်အင်ဒီးစ် ကျွန်းတွေပေါ်ကို ခြေချခဲ့တာပါ။ သဘောတရားအရပြောရင် ကိုလံဘတ်စ်ဟာ အမေရိကကို မတွေ့ခဲ့ပါဘူး။ ကိုလံဘတ်စ် မတိုင်ခင် နှစ်ပေါင်းများစွာကတည်းက ဗိုက်ကင်းတွေ အမေရိကကို ရောက်ခဲ့တယ်ဆိုတာ 'ရှေးလူ့အသုံးအဆောင်ပစ္စည်း' တွေက ပြနေပါတယ်။ ဒါကြောင့် အမေရိကကို ဘယ်သူ ရှာတွေ့တာလဲ။ အီတာလျံတစ်ယောက်လား၊ ဗိုက်ကင်းတစ်ယောက်လား။

မေး – ပြီးခဲ့တဲ့နှစ်တွေမှာ ဘာလို့ ငွေကြေးအပြောင်းအလဲတွေ ရုတ်တရက် ဖြစ်ခဲ့ရတာလဲ။

ကီဗင် အယ်လ် - ဂျပန်

ဖြေ – သမိုင်းကို လေ့လာကြည့်ရင် ငွေကြေးအပြောင်းအလဲတွေဟာ နှစ်ပေါင်းထောင်ချီပြီး ဆက်တိုက်ဖြစ်နေတာ တွေ့ရမှာပါ။ တရုတ်တွေဟာ ပထမဆုံး ပိုက်ဆံကို ရိုက်နှိပ်ပါတယ်။ ရောမသားတွေက ရောမအင်ပါယာ ပြိုလဲချိန်မှာ

mgyoe.com

သူတို့ငွေကြေးကို အရောအနှော လုပ်လိုက်ပါတယ်။ ပထမကမ္ဘာစစ်မှာ စစ်ရှုံးခဲ့တာတွေအတွက် ပေးချေဖို့ ဗိုင်မာအစိုးရက ပိုက်ဆံတွေ ရိုက်ထုတ်ခဲ့တာကြောင့် ၁၉၃၃ ခုနှစ်မှာ ဟစ်တလာ အာဏာရလာခဲ့ပါတယ်။ ပုံနှိပ်ပိုက်ဆံတွေဟာ ဒုတိယကမ္ဘာစစ်ကို ဦးတည်စေပြီး လူသန်းပေါင်းများစွာ သေကျေစေခဲ့ပါတယ်။ ၁၉၇၁ ခုနှစ်ဟာ အမေရိကန် အင်ပါယာ နိဂုံးပိုင်းရဲ့အစလို့ လူတော်တော်များများက ယုံကြည်ထားကြပါတယ်။

မေး – ဘစ်ကွိုင်က နောက်ပိုင်းမှာ ပြိုလဲလာနေတယ်။ အဲဒါကရော ပိုက်ဆံအစစ်လို့ ခင်ဗျား ထင်လား။

ဖရန်ကို အက်စ် - အီတလီ

ဖြေ – ထင်ပါတယ်။ ဒါပေမဲ့ ဘစ်ကွိုင်ဖြစ်ဖို့ မလိုပါဘူး။ ကျွန်တော်က ဘလော့ချိန်းနည်းပညာအပေါ်မှာ ယုံကြည်တာပါ။ ဘလော့ချိန်းနည်းပညာဟာ အစိုးရပိုက်ဆံတွေထက်စာရင် ပိုပြီးယုံကြည်ရပါတယ်။ ရွှေနဲ့ငွေကိုလည်း ဒီအတိုင်းပဲ ယုံကြည်တာပါ။ ရွှေနဲ့ ငွေက ကျွန်တော်တို့ အစိုးရတွေ၊ ဘဏ်တွေနဲ့ အငြိမ်းစား လစာငွေတွေကို ကိုင်တွယ်နေတဲ့ လူတွေထက် ပိုပြီးယုံကြည်ရပါတယ်။

မေး – ဒီနေ့ခေတ် ကမ္ဘာမှာ သတင်းအတုတွေ များလာတာကြောင့် ကျွန်တော်တို့ အနေနဲ့ စီပွားရေးနဲ့ပတ်သက်ပြီး အားကိုးနိုင်တဲ့ သတင်းအစစ်တွေကို ဘယ်လိုမျိုး ရှာဖွေသင့်လဲ။

ဆင်မြူရယ် အိပ်ချ် - ဘယ်ဂျီယံ

ဖြေ – ဒီစာအုပ်ထဲမှာ စက်တွေရဲ့အတွင်းကနေ အလုပ်လုပ်နေသူတွေရဲ့ စကားတွေကို ကောက်နုတ်ပြထားပါတယ်။
သူတို့က ငွေကြေးမောင်ပိုင်စီးမှုကို ပထမဆုံး မြင်ကြသူတွေပါ။ ဒီစာအုပ်ထဲမှာ Rich Dad Radio က ဂရန့်ချ်တွေကို အတွင်းကနေ ကိုယ်တိုင်မြင်တွေ့ရသူတွေနဲ့ အင့်တာဗျူးထားတဲ့ စာရင်းကို တွေ့ရပါလိမ့်မယ်။ အဲဒီစကားပြောတွေကို နားထောင်ပြီး တကယ့်ဆရာအစစ်တွေရဲ့ ပိုက်ဆံအကြောင်း သင်ခန်းစာတွေကို လေ့လာပါ။ လူအနည်းငယ်ပဲ သိတဲ့အကြောင်းတွေပါ။

mgyoe.com

မေး – ဒီစာအုပ်က ကျွန်တော်တို့က ပတ်ပတ်လည်မှာ ရှိနေတဲ့ အတုတွေထဲကနေ ဘယ်လိုမျိုး ရှန်းထွက်စေနိုင်မလဲ။ ပြီးတော့ လာမယ့် စီးပွားပျက်ကပ်အတွက် ဘယ်လိုမျိုး ကြိုတင်ပြင်ဆင်နိုင်စေမလဲ။

ဂျွန် အိပ်ချ် - တောင်အာဖရိက

ဖြေ – ၁၉၇၁ ခုနှစ်နောက်ပိုင်းမှာ ပိုက်ဆံဟာ ကိုယ်ပျောက်သွားပါတယ်။ ဒီစာအုပ်က ခင်ဗျားကို လူများစုအတွက် အချိန်တော်တော်နှောင်းတဲ့အထိ မမြင်နိုင်တဲ့ အပြောင်းအလဲ သင်္ကေတတွေကို ပိုဂရုစိုက်လာပြီး ပိုအလေးပေးစေနိုင်ပါလိမ့်မယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၃)

# ရွှေနှင့်ငွေ ဝယ်ယူခြင်းအတွက် လက်တွေ့ကျသော အကြောင်းပြချက် ခုနစ်ချက်

ဘုရားသခင်၏ ပိုက်ဆံအတွက် ကိစ္စတစ်ရပ်

ကျွန်တော် ရွှေနှင့်ငွေ အစစ် ဝယ်ယူထားကြောင်း ပြောခဲ့သည်ကို သတိပြုပါ။ ရင်းနှီးမြှုပ်နှံသည်ဟုလည်းမပြော၊ အရောင်းအဝယ်လုပ်သည်ဟုလည်း မပြောခဲ့ပါ။ ရွှေနှင့်ငွေ ဝယ်ထားခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် ရောင်းဝယ်ခြင်းအကြား ကွာခြားချက် ခုနစ်ချက် ရှိသည်။

အကြောင်းပြချက် (၁) - ရွှေနှင့်ငွေသည် ရင်းနှီးမြှုပ်နှံမှု မဟုတ်

ကျွန်တော်သည် ရွှေနှင့်ငွေကို ပိုက်ဆံရှာဖို့ ဝယ်ထားခြင်းမဟုတ်။ အာမခံအတွက်ဖြစ်သည်။ လူ့မလိုင်တို့နှင့် ကျွန်တော်ကိုယ်တိုင်၏ ရူးမိုက်မှုအတွက် အရံအတား လုပ်ထားခြင်းသာ။

ကျွန်တော်သည် ကားအတွက် အာမခံထားသည်။ တစ်ယောက်ယောက်

mgyoe.com

ကျွန်တော့်ကို ဝင်တိုက်လျှင်၊ သို့မဟုတ် ကျွန်တော်က တိုက်မိလျှင် ကာမိစေဖို့ဖြစ်သည်။ ရွှေနှင့်ငွေသည် အလားတူ ဝန်ဆောင်မှု ပေးသည်။

ကျွန်တော်သည် လူမလိုင်တို့အပေါ်တွင် မယုံကြည်။ သူတို့ အရာရာသိသည်ဟု သူတို့က ထင်နေကြသည်။ သူတို့ အမြဲတမ်းမှန်သည်ဟု သူတို့က ယုံကြည်ထားကြသည်။ သူတို့စိတ်ထဲတွင် သူတို့သည် အမှားမလုပ်။ အမှားလုပ်လျှင်လည်း ဘယ်တော့မှ ဝန်မခံ။

လူမလိုင်တို့တွင်သာ ထိုရောဂါမျိုး ရှိသည်မဟုတ်။ ကျွန်တော်တို့အားလုံးတွင်လည်း "ငါမှန်တယ် မင်းမှားတယ်" ဆိုသည့်ရောဂါ ကပ်ငြိလျက်ရှိသည်။ အမြဲတမ်းမှန်နေတတ်သူ တစ်ယောက်ယောက်ကို ကျွန်တော်တို့ အားလုံး ကြုံဖူးကြပါသည်။ ယခုအချိန်တွင် ကျွန်တော်လည်း ထိုအတိုင်းပင်။

လူမလိုင်တို့အတွက် စိန်ခေါ်မှုမှာ ပြင်ပကမ္ဘာ၏ အထိအတွေ့မရှိဘဲ သူတို့ လူမလိုင်အချင်းချင်း ကာကွယ်ပေးထားသည့် ကမ္ဘာထဲတွင် နေထိုင်ရဖို့ဖြစ်သည်။ သူတို့၏ရင်သွေးများကို အခြားလူမလိုင်တို့၏ သားသမီးတို့ကို ထားသည့် လူမလိုင်ကျောင်းများသို့ ပို့သည်။ သူတို့ ကောင်းသောအလုပ် လုပ်နေကြသည်၊ ကမ္ဘာကြီးအတွက် ကောင်းအောင် လုပ်နေကြသည်ဟု ယုံကြည်ကြသည်။ တကယ်တမ်းတွင် သူတို့သည် တကယ့်ကမ္ဘာနှင့် ထိတွေ့မှုပင် မရှိကြပေ။ သူတို့က အလှူပွဲကြီးများ ဖွဲ့ချီးကျင်းပကြသည်။ သူတို့သည် ခံစားချက်ကောင်းသည်။ ကြည့်ကောင်းသည်။ အလှူခံ ညစာစားပွဲကြီးများတွင် အချင်းချင်း တွေ့လိုမြင်လိုကြသည်။ ကမ္ဘာကြီးကို ကာကွယ်ရန် ဘီလီယံနှင့်ချီသော ဒေါ်လာများ လှူကြသည်။ သို့သော် သူတို့ထံမှ ကမ္ဘာကြီးကို ဘယ်သူကယ်တင်ပါမည်နည်း။ သူတို့သည် မွေးရာပါ ထက်မြက်သည်။ ပညာရည် မြင့်မားသည်။ အလုပ်ကြိုးစားသည်။ သူတို့ကိုယ်သူတို့ ပိုမိုချမ်းသာစေမည့် စနစ်များကို ပုံဖော်ကြသည်။ ထိုအတွက် အခြားလူတိုင်း၏ အသုံးစရိတ်ကို အသုံးပြုကြသည်။

လုခ် ၂၃း၃၄ တွင် ယင်းအချက်ကို ထဲထဲဝင်ဝင်မြင်နိုင်သည်။

ယေရှုက "ဖခင်၊ သူတို့ကို ခွင့်လွှတ်ပါ။ သူတို့ ဘာလုပ်နေမှန်း သူတို့ မသိကြပါဘူး"ဟု ဆိုသည်။

ထို့အတွက် သူသည် ကားစင်တင်ခံခဲ့သည်ဟု ခရစ်တော်ကဆိုသည်။ ကျွန်တော်သည် ဆန်းဒေးစကူးကို ကောင်းကောင်းတက်ခဲ့သူတော့မဟုတ်။ သို့သော်

mgyoe.com

ကျွန်တော်မှတ်မိနေသည့် အရေးကြီးသော သင်ခန်းစာတစ်ခုမှာ ခွင့်လွှတ်ဖို့ဆိုသည့် သင်ခန်းစာပင်။

လူ့မလိုင်တို့သည် သူတို့ ဘာလုပ်နေမှန်း သူတို့မသိ။ ပြဿနာမှာ "သူတို့ ဘာလုပ်နေမှန်း သူတို့ မသိကြပါဘူး" ဆိုသည့်စကားအတွက် တစ်ကမ္ဘာလုံး ပေးဆပ်နေကြရခြင်းဖြစ်သည်။

စတီဗင်ဘရေးလ်က တိုင်းမ်မဂ္ဂဇင်းတွင် ယခုလို ရေးထားသည်။

လူ့မလိုင်တွေက သူတို့ရဲ့အောင်မြင်မှုတွေကို ပိုပြီးတော့ ခိုင်မာတောင့်တင်းအောင် လုပ်နိုင်စွမ်းရှိကြတယ်။ သူတို့ ထိန်းကျောင်းနိုင်တဲ့ အင်အားစုတွေကို ပတ်ပတ်နပ်နပ် ကိုင်တွယ်နိုင်သလို ရွေးချယ် ထည့်သွင်းနိုင်စွမ်းလည်းရှိတယ်။ ဒါ့အပြင် လေ့ကားတွေကို ဆွဲတင်နိုင်တာကြောင့် သူတို့ အောင်မြင်မှုတွေကို မျှဝေယူဖို့ ပိုခက်သွားပြီ။ ဒါမှမဟုတ် သူတို့ ရှေ့ကပြေးနေတာကို စိန်မခေါ်နိုင်တော့ဘူး။

သူတို့လုပ်နေတာတွေကို ပိုကောင်းအောင် ဆက်လုပ်နေခြင်းအားဖြင့်၊ သူတို့ရဲ့ အောင်မြင်မှုတွေကို ကန့်သတ်ထားတဲ့ လက်ရန်းတွေကို ဖယ်ထုတ်ခြင်းအားဖြင့်၊ နိုင်ငံရေးအခင်းအကျင်းတွေကို အနုစိတ်ကျကျ စိတ်အားသန်သန်နဲ့ အပြောင်းအလဲလုပ်ခြင်းအားဖြင့်၊ သူတို့ရဲ့ တီထွင်ဆန်းသစ်မှုတွေကနေ မမျှော်လင့်ဘဲ မကြာခဏဖြစ်လာလေ့ရှိတဲ့ အကျိုးဆက်တွေကို အင်အားသုံး ကျော်ဖြတ်ခြင်းအားဖြင့် သူတို့တွေဟာ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့ ကျုံးပတ်လည်ကာရံထားတဲ့ နိုင်ငံတစ်ခုကို ဖန်တီးလိုက်ကြတယ်။ အဲဒါတွေက သူတို့ကို တာဝန်ယူမှု တာဝန်ခံမှုတွေကနေ၊ သူတို့ရဲ့ အောင်မြင်မှုတွေကြောင့် ပိုမိုကြီးမားတဲ့ လူ့အသိုင်းအဝိုင်းထဲမှာ ဖြစ်လာတဲ့ ထိခိုက်မှုတွေကနေ ကာကွယ်ပေးတယ်။

**ဘာသာပြန်ဆိုချက်** – လူ့မလိုင်တို့သည် ဥပဒေ၏ အထက်တွင် ရှိကြသည်။ သူတို့ထဲတွင် အတားအဆီးမရှိ။ အဆင့်နိမ့်သော ဥပဒေကျောင်းထွက် ရှေ့နေများကို ယှဉ်ပြိုင်တိုက်ခိုက်ရန် သူတို့ထဲတွင် အကောင်းဆုံး လူ့မလိုင် ရှေ့နေများရှိပြီး ထိုသူများမှာ သူတို့နှင့်အတူ လူ့မလိုင်ကျောင်းများတွင် တစ်တန်းတည်း တက်လာသူများဖြစ်သည်။ သူတို့ထဲတွင် ဘာလုပ်လုပ် တာဝန်မယူဘဲ လုပ်နိုင်သည့် သို့မဟုတ် ဘဝပေါင်းဘယ်လောက်များများ ထိခိုက်ပါစေ တာဝန်ယူစရာမလိုသည့် အာဏာမျိုး ရှိသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

သူတို့၏ အခွင့်ထူးခံ ပညာရေးနှင့် အောင်မြင်မှုတို့သည် သူတို့ကို သက်ဦးဆံပိုင်များ ဖြစ်သွားစေသည်။

## ကျွန်တော်သည် အရာရာတိုင်းကို မသိ

ကျွန်တော်သည် အရာရာတိုင်းကို မသိကြောင်း ကျွန်တော်သိသည်။ ကျွန်တော့် အနေဖြင့် တော်တော်များများသာ သိနိုင်သည်။ ကျွန်တော့် ပိုက်ဆံများဖြင့် အမှားများ လုပ်မိသည့်တိုင် ကျွန်တော် အကောင်းဆုံးလုပ်သည်။ ခေါင်းဆောင်များကို ကျွန်တော် မယုံကြည်။ ကျွန်တော်တို့၏ ပိုက်ဆံအတုများကို ကျွန်တော် မယုံကြည်။ ထို့ကြောင့် ဘုရားသခင်၏ ပိုက်ဆံဖြစ်သည့် ရွှေနှင့်ငွေကို ကျွန်တော် ဝယ်ထားခြင်းဖြစ်သည်။

ရွှေနှင့်ငွေသည် ကျွန်တော့်အတွက် အာမခံချက်။ ကျွန်တော်တို့ ခေါင်းဆောင်များနှင့် ကျွန်တော်ကိုယ်တိုင်ထံမှ အကာအကွယ်ဖြစ်သည်။

## အကြောင်းပြချက် (၂) - စွန့်စားမှုမရှိ

ရင်းနှီးမြှုပ်နှံမှု အားလုံးတွင် စွန့်စားမှု ရှိသည်။ ရွှေအစစ်နှင့် ငွေအစစ်တို့တွင် စွန့်စားမှုမရှိ။ ရွှေတန်ဖိုးနှင့် ငွေတန်ဖိုးတို့သည် အတက်အကျရှိသည်။ အကြောင်းမှာ ကျွန်တော်တို့၏ ပိုက်ဆံအတုများသည် အတက်အကျ ရှိသောကြောင့်ပင်။


ဆိုပါစို့။ စတော့၊ သို့မဟုတ် အိမ်ခြံမြေ၌ လူတစ်ယောက် ရင်းနှီးမြှုပ်နှံချိန်တွင် ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်ရသည့် အမြတ်ငွေကို မျှော်လင့်ကြသည်။ အကြောင်းမှာ စွန့်စားရသောကြောင့်။ လူတစ်ယောက် ဘဏ်၌ ငွေစုလိုက်ချိန်တွင် အတိုးရဖို့ မျှော်လင့်ကြသည်။ အကြောင်းမှာ ဘဏ်များတွင် ငွေစုရခြင်းသည် အလွန့်အလွန် စွန့်စားရသောကြောင့်၊ အထူးသဖြင့် လူ့မလိုင်တို့ ရိုက်ထုတ်ထားသော ပိုက်ဆံများကို စုထားရသည့် အချိန်တွင်ဖြစ်သည်။

အောက်ပါဇယားကို ကြည့်ပါ။

ကျွန်တော် ရွှေ၊ သို့မဟုတ် ငွေ ဝယ်လိုက်ချိန်တွင် အမြတ်ရဖို့ မမျှော်လင့်။ အကြောင်းမှာ မစွန့်စားရသောကြောင့်။ ရွှေနှင့်ငွေတို့သည် ဘုရားသခင်၏ ပိုက်ဆံများ။ ရွှေ၊ သို့မဟုတ် ငွေ တန်ဖိုးများသည် အတက်အကျရှိသည်ကို သတိရပါ။ အကြောင်းမှာ ပိုက်ဆံအတုတို့၏ တန်ဖိုးသည် အတက်အကျ ရှိသောကြောင့်ပင်။ ရွှေနှင့်ငွေသည် ရွှေနှင့်ငွေသာဖြစ်သည်။ စာဖတ်သူရော၊ ကျွန်တော်ရော၊ လူ့မလိုင်များရော၊ ပိုးဟပ်

mgyoe.com

 m gyoe.com SAMPLE BOOK 




များရော ကမ္ဘာမြေပေါ်တွင် မရှိတော့သည့်အချိန်အထိ ရွှေနှင့်ငွေသည် ဆက်ရှိနေမည် ဖြစ်သည်။

ကျွန်တော် ရွှေနှင့်ငွေကို ဝယ်ယူချိန်တွင် ထာဝရ ဝယ်ယူသည်။ ပြန်ရောင်းဖို့ အစီအစဉ်မရှိ။ ဝါရင်ဘတ်ဖက်က စတော့များကို ထာဝရ ကိုင်ထားသလိုပင်။ ကျွန်တော်သည် ရွှေနှင့်ငွေတို့ကို ထာဝရဝယ်သိမ်းထားသည်။

"ဒါပေမဲ့ ပိုက်ဆံသုံးချင်ရင်ရော"၊ "ပိုက်ဆံလိုလာရင်ရော" စသည်ဖြင့် မေးလာနိုင်သည်ကို ကျွန်တော်သိပါသည်။ ထိုအချက်ကြောင့် လူများစု မချမ်းသာကြခြင်း ဖြစ်သည်။ သူတို့သည် ပိုက်ဆံသုံးရသည်ကို သဘောကျသည်။ ကျွန်တော်လည်း ပိုက်ဆံသုံးရသည်ကို သဘောကျသည်။ ကားအကောင်းစား၊ အဝတ်အစား အကောင်းစား၊ အိမ်အကောင်းစား၊ စားကောင်းသောက်ဖွယ်များကို ကျွန်တော် သဘောကျသည်။ သို့သော် ကျွန်တော့်တွင် ပိုက်ဆံမရှိသည်ဖြစ်စေ၊ အလုပ်မရှိသည်ဖြစ်စေ၊ ကျွန်တော်သည် ရွှေနှင့်ငွေတို့ကို ဘယ်တော့မှ ထုတ်မရောင်းပါ။ ကျွန်တော် ထပ်ပြောပါမည်။ ဝါရင်ဘတ်ဖက်က စတော့များကို ထာဝရကိုင်ထားသလိုပင် ကျွန်တော်သည် ရွှေနှင့်ငွေတို့ကို ထာဝရကိုင်ထားပါသည်။

## ဘဏ်များသည် စိတ်မချရ

ဘဏ်များသည် စိတ်မချရပါ။ ဘဏ်များသည် စွန့်စားရသည်။ ကျွန်တော်သည် ကျွန်တော့် ဘဏ်သမားကို သဘောကျသည်။ အကြောင်းမှာ ကျွန်တော့်ကို ပိုက်ဆံချေးသောကြောင့်ပင်။ ကျွန်တော်သည် ဘဏ်ကို ကာလတို ငွေကြေး သိမ်း

m·gyoe.com

 mgyoe.com SAMPLE BOOK 

ဆည်းရန် အသုံးပြုသည်။ လုပ်ငန်းလည်ပတ်နေသောငွေများဖြစ်သည်။ သို့သော် ကာလရှည် သိမ်းဆည်းထားရမည့် ဥစ္စာဓနတို့ကို ဘဏ်ထဲတွင် ထည့်မထားပါ။ ဘဏ်တို့သည် လွန်စွာစွန့်စားရသည်။

## စွန့်စားမှု လျှော့ချခြင်း

စွန့်စားမှုများ ပိုမိုလျှော့ချနိုင်စေရန် ကျွန်တော့် ရွှေနှင့်ငွေတို့ကို လုံခြုံစိတ်ချရသော နိုင်ငံများတွင် ခွဲပြီး သိမ်းဆည်းထားသည်။ အားလုံးသည် တရားဝင်ဖြစ်ပြီး အလွန့်အလွန် ဝေးကွာကြသည်။ ထိုနည်းဖြင့် ကျွန်တော်သည် စိတ်ဖိစီးမှုအားလုံးကို ဖယ်ရှားသည်။ တစ်ယောက်ယောက်က ကျွန်တော့်ကို ဖိအားပေးပြီး ကျွန်တော့်အိမ်အနီးရှိ ဘဏ်သို့ခေါ်သွားကာ ကျွန်တော့် ရွှေနှင့်ငွေများကို ယူသွားဖို့ မဖြစ်နိုင်ပါ။

## ဟိုဘက်တစ်ခြမ်း စွန့်စားမှု (Counter-Party Risk)

စွန့်စားမှုဆိုသည်မှာ အဘယ်နည်း။ ယင်းမှာ လေးလံသည့် မေးခွန်းတစ်ခုပင်။

### ငွေကြေးပညာ

ဟိုဘက်ခြမ်းစွန့်စားမှုသည် လူတစ်ယောက်အတွက် စစ်မှန်သည့် ငွေကြေးဝေါဟာရတည်ဆောက်ရန်နှင့် ငွေကြေးပညာတတ်ဖြစ်လာစေရန် မရှိမဖြစ် အသုံးအနှုန်းတစ်ခုဖြစ်သည်။ ဟိုဘက်ခြမ်းစွန့်စားမှုကို တာဝန်ပျက်ကွက်မှုဆိုင်ရာ စွန့်စားမှုဟုလည်း သိကြသည်။

ရင်းနှီးမြှုပ်နှံမှုတိုင်းတွင် တာဝန်ပျက်ကွက်မှုဆိုင်ရာ စွန့်စားရမှုရှိသည်။ ရှင်းအောင်ပြောရလျှင် တစ်စုံတစ်ယောက်က စာချုပ်ပါအတိုင်း ဆက်မလုပ်တော့လျှင် တာဝန်ပျက်ကွက်မှုဆိုင်ရာ စွန့်စားမှုသည် အန္တရာယ် ရှိလာပြီဖြစ်သည်။ ဥပမာအားဖြင့် စာဖတ်သူ၏ မိတ်ဆွေက ဒေါ်လာ ၁၀၀ ချေးသည်။ တစ်နှစ်ပြည့်လျှင် ဒေါ်လာ ၁၁၀ ပြန်ပေးမည်ဟုပြောသည်။ ထို ၁၀ ဒေါ်လာသည် ဒေါ်လာ ၁၀၀ ချေးခြင်းအတွက် စွန့်စားကြေးဖြစ်သည်။ ဟိုဘက် တစ်ခြမ်းစွန့်စားမှုအတွက် ကာမိစေသည့် ၁၀ ဒေါ်လာဖြစ်သည်။


စာဖတ်သူ၏ မိတ်ဆွေသည် အလုပ်လက်မဲ့ဖြစ်ပြီး စာဖတ်သူထံတွင် ဒေါ်လာ

mgyoe.com

၁၀၀၀ ကြွေးတင်နေသည်ဆိုပါစို့။ စာဖတ်သူ၏ အတိုးကို ပိုယူသင့်ပြီဖြစ်သည်။ အကြောင်းမှာ စွန့်စားမှု ပိုမြင့်သွားသောကြောင့်ပင်။ "ထပ်မချေးဘူး" ဟု ပြောလိုက်သည်က ပိုကောင်းသည်။ စာဖတ်သူ၏မိတ်ဆွေသည် ဘဏ်မှ ငွေချေးဖို့ ဆုံးဖြတ်ကောင်း ဆုံးဖြတ်လိမ့်မည်။ ယင်းမှာ ဘဏ်ဘက်က လိုချင်သည့် ပုံစံဖြစ်သည်။ ဘဏ်တို့သည် ငွေချေးလိုသည်။ သူတို့ထုတ်သည့် အကြွေးဝယ်ကတ်များကို ကျွန်တော်တို့ သုံးစေချင်သည်။ သူတို့သည် ငွေစုသူတို့ထံမှ ပိုက်ဆံမရှာ။ ငွေချေးသူတို့ထံမှ ပိုက်ဆံရှာသည်။

## ဟိုဘက်ခြမ်း စွန့်စားမှုအတွက် နောက်ထပ်ဥပမာ

နောက်ထပ် ဥပမာတစ်ခုပေးပါမည်။ စာဖတ်သူ၏ အိမ်အတွက် အာမခံတစ်ခု ဝယ်လိုက်သည်ဆိုပါစို့။ အာမခံကုမ္ပဏီအပေါ်တွင်လည်း စွန့်စားရမှု ရှိနေသည်။ အိမ်မီးလောင်ပြီး အာမခံကုမ္ပဏီ ဒေဝါလီခံသွားလျှင် အိမ်ရော အာမခံပါ ဆုံးမည်ဖြစ်သည်။




၂၀၀၈ ခုနှစ်တွင် ထိုအတိုင်းဖြစ်ခဲ့သည်။

၁။ အခြေခံမကောင်းသော ချေးငှားသူတို့သည် စာဖတ်သူ၏ မိတ်ဆွေလိုပင် သူမဝယ်နိုင်သော အိမ်ကို ဝယ်ဖို့ အတိုးနှုန်းမြင့်မြင့်ဖြင့် ပိုက်ဆံချေးသည်။

၂။ ဘဏ်တို့သည် စာဖတ်သူ၏ အခြေခံမကောင်းသော မိတ်ဆွေလို လူများ

mgyoe.com
SAMPLE BOOK


ကို အခြေခံမကောင်းသော ချေးငွေ (subprime loan)များ ပျော်ပျော်ရွှင်ရွှင် ထုတ်ပေးသည်။

၃။ ထို့နောက် ဘဏ်သည် ရင်းနှီးမြှုပ်နှံမှုဘဏ်တစ်ခုသို့ အပေါင်စာချုပ်ကို ရောင်းလိုက်သည်။

၄။ ထို့နောက် ရင်းနှီးမြှုပ်နှံမှုဘဏ်သည် ယင်းသို့ အခြေခံမကောင်းသော ချေးငွေများကို ထောင်နှင့်ချီ၍ စုပေါင်းလိုက်ပြီး အပေါင်စာချုပ် ကျော ထောက်နောက်ခံပြု အစုရှယ်ယာလက်မှတ်များ (securities)ဟု အမည် တပ်လိုက်သည်။ ယင်းတို့သည် ဆင့်ပွားငွေကြေးပိုင်ဆိုင်မှုတစ်ခု (financial derivative) ဖြစ်လာသည်။

၅။ ရင်းနှီးမြှုပ်နှံမှုဘဏ်များသည် ထိုအစုရှယ်ယာလက်မှတ်များကို အစိုးရများ၊ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများ၊ အငြိမ်းစားလစာစီမံကိန်းများနှင့် အခြား ယုံ လွယ်သောလူများကို ထုတ်ရောင်းသည်။

၆။ ပါဝင်ပတ်သက်သူတိုင်းကို လုံခြုံစိတ်ချရသည်ဟု ယူဆရစေရန် ထိုလူ့ မလိုင်တို့သည် အာမခံပေါ်လစီများကို ဝယ်ယူကြသည်။ ယင်းကို credit default swaps ဟုခေါ်သည်။

လူတိုင်း ချမ်းသာကြ၏။ အကြောင်းမှာ လူတိုင်း ပိုက်ဆံရသောကြောင့်ပင်။ တိုင်းမ်မဂ္ဂဇင်းတွင် ဘရေးလ် ရေးခဲ့သော စာသားတို့ကို ပြန်ပြောပါမည်။

သူတို့ (လူ့မလိုင်တွေ)က ရရန်ပိုင်ခွင့်အသစ်တွေကို ဖန်တီးပြီးတော့ စီးပွားရေးကို တည်ဆောက်ရမယ့်အစား ပတ်ဝန်းကျင်မှာရှိနေတဲ့ ရရန်ပိုင်ခွင့် တွေကိုပဲ နေရာရွှေ့ပြောင်းတဲ့နည်းလမ်းနဲ့ တည်ဆောက်ထားတဲ့ စီးပွားရေး တွေကိုပဲ ဖန်တီးကြတယ်။

သူတို့က ထူးခြားဆန်းပြားတဲ့၊ အန္တရာယ်များတဲ့ ငွေကြေးဆိုင်ရာ ကိရိယာတန်ဆာပလာတွေကို ဖန်တီးကြတယ်။ အဲဒါတွေထဲမှာ ဆင့်ပွားပိုင် ဆိုင်မှု (derivatives) တွေ၊ credit default swaps တွေ ပါဝင်ပါတယ်။ အဲဒါတွေက ချက်ချင်းရတဲ့ အကျိုးအမြတ်တွေနဲ့ ချိုမြိန်လှပါတယ်။ ဒါပေမဲ့ သူတို့ တစ်ယောက်ချင်းစီအနေနဲ့ ဖြစ်လာမယ့်အကျိုးဆက်အတွက် ခေါင်းခံ ထားရသူတွေဆီကနေ အန္တရာယ်တွေကို ခွဲဝေယူလိုက်ကြရတယ်။

အခြေခံမကောင်းသော ချေးငှားသူတို့ ပိုက်ဆံသွင်းခြင်းကို ရပ်လိုက်ချိန်တွင်

mgyoe.com

ဆင့်ပွားပိုင်ဆိုင်မှုတို့သည် အလကားဖြစ်သွားတော့သည်။ ၂၀၀၂ ခုနှစ်တွင် ဝါရင်ဘတ်ဖက်က ဆင့်ပွားပိုင်ဆိုင်မှုတို့အား "ငွေကြေးဆိုင်ရာ အစုလိုက် အပြုံလိုက် သေစေနိုင်သည့် လက်နက်" ဟု လူသိရှင်ကြား အမည်တပ်ခဲ့သည့်အတိုင်း အတိအကျပင်။

ဘယ်သူမျှ ထောင်မကျ။ အိမ်ခြံမြေပွဲစားများမှ အပေါင်စာချုပ်ပွဲစားများ၊ ဘဏ်သမားများ၊ ရင်းနှီးမြှုပ်နှံမှု ဘဏ်သမားများနှင့် ဝေါလ်စထရိအထိ ပိုက်ဆံရသွားကြသည်။

သန်းနှင့်ချီသော လူတို့ အလုပ်ပြုတ်သွားသည်။ အိမ်ဆုံးရှုံးသွားသည်။ စုငွေများ ဆုံးရှုံးသွားသည်။ အနာဂတ်များ ဆုံးရှုံးသွားသည်။ ယနေ့ခေတ်တွင် အမေရိကန်အစိုးရသည် အကြွေးနွံနစ်နေသည်။ အဓိပ္ပာယ်မှာ အခွန်ထမ်းပြည်သူများ၊ သူတို့၏ သားသမီးများနှင့် မြေးမြစ်များသည် ထိုဘဏ်တို့ကို ဆုကြေးငွေများ ဆက်ပေးနေရမည်ဖြစ်သည်။

ကိုယ်ပျောက် ပိုက်ဆံတည်ရှိသည့် ကမ္ဘာတွင် credit default swaps တို့သည် ကားအာမခံ၊ အိမ်အာမခံနှင့် အသက်အာမခံတို့လိုပင် အရေးကြီးသည်။

credit default swaps တွင် ဘက်သုံးဖက်ပါဝင်သည်။

၁။ စာချုပ်ရောင်းသူ

၂။ စာချုပ်ဝယ်သူ

၃။ စာချုပ်အာမခံသူ

တို့ဖြစ်သည်။

စာချုပ်ရောင်းသူသည် အကြွေးများကိုစုပြီး ရောင်းချသည်။ ငွေတိုက်စာချုပ်ဟုခေါ်တွင်စေသည်။ ဝယ်သူက အတိုးပေးမည်၊ ရင်းနှီးမြှုပ်နှံမှုအပေါ်တွင် အမြတ်ရမည်ဟု ကတိပေးသည်။ ယင်းမှာ စာဖတ်သူ၏မိတ်ဆွေက ဒေါ်လာ ၁၀၀ ချေးပြီး တစ်နှစ်အတွင်း ၁၀ ဒေါ်လာ အတိုးပေးမည်ဟု ပြောခြင်းနှင့် မကွာခြားလှ။ စာဖတ်သူ၏ မိတ်ဆွေသည် အခြေခံအားဖြင့် ငွေတိုက်စာချုပ်တစ်ခု ရောင်းလိုက်ခြင်းပင်။

စာချုပ်ဝယ်သူသည် စာဖတ်သူဖြစ်သည်။ စာဖတ်သူက တစ်နှစ်ပြည့်လျှင် ဒေါ်လာ ၁၁၀ ပြန်ပေးမည်ဆိုသည့် ကတိစကားကြောင့် မိတ်ဆွေကို ဒေါ်လာ ၁၀၀ ချေးလိုက်သည်။

credit default swap သည် သူတို့ ကတိစကား မတည်ခြင်းအတွက် အာမခံပေါ်လစီဖြစ်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

**ဆင့်ပွားပိုင်ဆိုင်မှု (Derivative) ဆိုတာ ဘာလဲ**

ဆင့်ပွားပိုင်ဆိုင်မှုတစ်ခုအတွက် ရိုးရှင်းသော ဥပမာတစ်ခုမှာ လိမ္မော်သီးတစ်လုံးဖြစ်သည်။

လိမ္မော်သီးကိုညှစ်လိုက်လျှင် လိမ္မော်ရည် ထွက်လာသည်။ လိမ္မော်ရည် သည် လိမ္မော်သီး၏ ဆင့်ပွားတစ်ခု။ လိမ္မော်ရည်မှာ ရေကိုထုတ်လိုက်လျှင် လိမ္မော်အနှစ်ရသည်။ ယင်းမှာ နောက်ထပ်ဆင့်ပွားတစ်ခု။

အခြေခံမကောင်းသော ငွေချေးသူတစ်ယောက် အိမ်ဝယ်လိုက်ချိန်တွင် လူ့မလိုင်တို့သည် ငွေချေးသူကိုရော အိမ်ကိုပါ ကိုင်ထားလိုက်ကြသည်။ ထို့နောက် ယင်းကို အပေါင်စာချုပ် ကျောထောက်နောက်ခံပြု အစုရှယ်ယာဆိုသည့် ဆင့်ပွားပိုင်ဆိုင်မှုအဖြစ် ပြင်ဆင်ဖွဲ့စည်းသည်။ ထို့နောက် အာမခံလုပ်ငန်းများက နောက်ထပ်ဆင့်ပွားပိုင်ဆိုင်မှုတစ်ခုဖြစ်သည့် credit default swap တစ်ခုကို ဖန်တီးသည်။ ထိုအခြေမခိုင်သော ဖြစ်စဉ်တို့ ပြိုလဲသွားချိန်တွင် လူ့မလိုင်တို့သည် ပိုက်ဆံရသွားကြသလို အပိုဆုကြေးများလည်း ရကြသည်။

ဘာမျှ မပြောင်းလဲပါ။ ထိုသူများသည်ပင်လျှင် နောက်ထပ်ငွေကြေးဆိုင်ရာ ဆင့်ပွားပိုင်ဆိုင်မှုများကို ဆက်လက်ထုတ်လုပ်နေကြဆဲ။ လူ့မလိုင်တစ်ယောက်မှ ထောင်မကျ။

ဘရေးလ်က

> (လူ့မလိုင်တို့၏) ပိုက်ဆံ၊ အာဏာ၊ လော်ဘီတွေ၊ ရှေ့နေတွေနဲ့ သူတို့ရဲ့ မောင်းနှင်နိုင်စွမ်းတွေဟာ သူတို့ကို တာဝန်ယူရမယ်၊ တာဝန်ခံရမယ်လို့ ပြောရမယ့် အဖွဲ့အစည်းတွေဖြစ်တဲ့ အစိုးရဝန်ကြီးဌာနတွေ၊ ကွန်ဂရက်နဲ့ တရားရုံးတွေအပေါ် လွှမ်းမိုးမှုရှိတယ်။

ဟု ရေးထားသည်။

ဟိုဘက်ခြမ်း စွန့်စားမှုသည် လွန်စွာအရေးကြီးရခြင်း၏ အကြောင်းပြချက်တစ်ခုမှာ တစ်ကမ္ဘာလုံး၏ ငွေကြေးစနစ်တို့သည် ထိုအချက်အပေါ်တွင် တည်ထားသောကြောင့်ဖြစ်သည်။

ဘုရားသခင်၏ ပိုက်ဆံဖြစ်သည့် ရွှေနှင့်ငွေတို့ကို ကျွန်တော် ယုံကြည်ရခြင်းမှာ ထိုစွန့်စားမှု မရှိသောကြောင့်ပင်။

mgyoe.com

မစိုးရိမ်ပါနှင့်…

အကယ်၍ ထိုစွန့်စားမှုအကြောင်း၊ အပေါင်စာချုပ် ကျောထောက်နောက်ခံပြု အစုရှယ်ယာများအကြောင်း၊ သို့မဟုတ် credit default swaps အကြောင်း ပြည့်ပြည့်ဝဝ နားမလည်လျှင်လည်း မစိုးရိမ်ပါနှင့်။ တစ်ကမ္ဘာလုံး၏ ၉၉ ရာခိုင်နှုန်းသည် ကိုယ်ပျောက်ပိုက်ဆံကမ္ဘာအတွင်း ကစားနေကြသည့် ကစားပွဲများအကြောင်း နားမလည်ကြပါ။ အကယ်၍ မမြင်ရသည့် ကမ္ဘာအကြောင်း ပိုမိုနားလည်လိုလျှင် သူငယ်ချင်းတစ်ယောက် နှစ်ယောက်နှင့်အတူ ဘရေးလ်တို့၊ ကျွန်တော်တို့ ရေးထားသည် စာများကို ဖတ်ကြည့်ပါ။ ကိုယ်နားလည်သလို ဆွေးနွေးပါ။ ကျောင်းတက်ချိန်ကလွဲ၍ နှစ်ယောက်သည် တစ်ယောက်ထက် ပိုကောင်းပါသည်။ ကျောင်းတွင်ဆိုလျှင် ယင်းကို ခိုးချသည်ဟု ပြောပါလိမ့်မည်။

အားလုံးထဲတွင် အရေးကြီးဆုံး – တစ်ကမ္ဘာလုံး၏ ငွေကြေးစနစ်သည် ဟိုဘက် ခြမ်း စွန့်စားမှုအပေါ် မူတည်နေသည်ကို အမြဲတမ်း သတိရပါ။

ဘဏ်ထဲတွင် ပိုက်ဆံများ လုံခြုံပါသလား

ဘဏ်က စာဖတ်သူ၏ ပိုက်ဆံအတွက် အတိုးပေးနေခြင်းမှာ ဟိုဘက်တစ်ခြမ်း စွန့်စားမှုအတွက်ဖြစ်သည်။

အစိုးရက ပြည်ထောင်စု အာမခံကော်ပိုရေးရှင်းမှတစ်ဆင့် ဘဏ်များကို အာမခံ ပေးထားခြင်းမှာ ငွေစုသူတို့အနေဖြင့် သူတို့၏စုငွေများ လုံခြုံစိတ်ချရသည်ဟု ထင်မြင်ယူဆစေရန်ဖြစ်သည်။ ဘဏ်များနှင့် အစိုးရတို့သည် ဘဏ်တွင် အစွန်းအထင်း အဖြစ်မခံလိုကြ။ ထို့ကြောင့် သူတို့သည် deposit များ၊ သို့မဟုတ် default insurance များ ထုတ်ပေးသည်။

ငွေစုသူတစ်ယောက်က ဘဏ်တွင် ဒေါ်လာ တစ်သန်းစုထားပြီး ဘဏ် ဒေဝါလီ ခံသွားလျှင် ကံမကောင်းစွာပင် ထိုတစ်သန်းထဲမှ ဒေါ်လာနှစ်သိန်းခွဲသာ ပြန်ရလိမ့်မည်။

စာဖတ်သူအနေဖြင့် ဘဏ်တွင် ငွေသွားစုလျှင် ဘဏ်က စုငွေစာရင်းဖွင့်မလား၊ ငွေကြေးဈေးကွက်စာရင်းဖွင့်မလားဟု ရွေးချယ်စရာ နှစ်ခုပေးပါလိမ့်မည်။ ငွေကြေးဈေးကွက်စာရင်းသည် အတိုးနှုန်းအနည်းငယ်ပိုများပါသည်။ ဘာကြောင့်ပါလဲ။ ငွေကြေးဈေးကွက်စာရင်းအတွက် အာမခံမထားသောကြောင့်ပင်။ ငွေစုသူအနေဖြင့်

mgyoe.com

တစ်သက်စာ စုငွေအတွက် ဘဏ်ကို ယုံကြည်သည်ဆိုလျှင် ငွေကြေးဈေးကွက် စာရင်းသည် အလုပ်ဖြစ်ပါသည်။

## ရွှေနှင့်ငွေကို ယုံကြည်ခြင်း

ရွှေနှင့်ငွေတို့သည် ပိုက်ဆံအစစ်ဖြစ်သောကြောင့် ဟိုဘက်တစ်ခြမ်း စွန့်စားမှု မရှိ။ ဘုရားသခင်သည် ကြွေးဆုံး မဖြစ်စေသလို ကတိကိုလည်း ဖျက်မည်မဟုတ်။

စကားမစပ် ကျွန်တော်သည် ကျွန်တော့် ရွှေအစစ်နှင့် ငွေအစစ်တို့ကို ဘဏ်ရှိ အာမခံသေတ္တာထဲတွင် သွားမသိမ်းပါ။ ဘဏ်နှင့် အစိုးရကို ကျွန်တော် မယုံကြည်။ သူတို့သည် လူသားများဖြစ်ပြီး ဘုရားသခင်မဟုတ်ကြ။

## ပုဂ္ဂလိက အလုံတိုက်များ

ယနေ့ခေတ်တွင် ပုဂ္ဂလိက အလုံတိုက်များသည် ကြီးထွားလာနေသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ သိပ်မကြာခင်က ကျွန်တော်သည် စင်ကာပူနိုင်ငံတွင် ပုဂ္ဂလိက အလုံတိုက်လုပ်ငန်းတစ်ခုကို ဝင်ကြည့်ဖြစ်သည်။ အလုံတိုက်သည် လေဆိပ်ကြီးတစ်ခု၏ ပုဂ္ဂလိက လေယာဉ်ကွင်းတစ်ခုတွင် သီးခြားတည်ရှိသည်။ အဆိုပါ ပုဂ္ဂလိက အလုံတိုက်လုပ်ငန်းမှ မန်နေဂျာနှင့် ကျွန်တော် စကားပြောနေချိန်မှာပင် ကိုယ်ပိုင်ဂျက်လေယာဉ်တစ်စင်းသည် ပင်မလေဆိပ်ကြီး၌ ဆင်းသက်ပြီး အလုံတိုက်ရှိရာသို့ ကိုယ်ပိုင်လေယာဉ်ပြေးလမ်းမှတစ်ဆင့် ဆိုက်ရောက်လာသည်။ ဂျက်လေယာဉ်က တံခါးများကို ဖွင့်လိုက်သည်နှင့် လက်နက်ကိုင်အစောင့်နှစ်ယောက်နှင့် သံမဏိသေတ္တာသုံးခု လေယာဉ်ပေါ်မှ ဆင်းလာသည်။ သေတ္တာများကို သိမ်းဆည်းပြီး စာရွက်စာတမ်းများ လက်မှတ်ထိုးပြီးချိန်တွင် လေယာဉ်သည် ပြန်ထွက်သွားသည်။ ရောက်လာကတည်းက စက်ပင် မသတ်ခဲ့ပေ။

စာဖတ်သူသည် ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် ပတ်သွားနေသူမဟုတ်သည့်တိုင် ကိုယ်ပိုင်ဆိုင်သည့် ရွှေအစစ်၊ ငွေအစစ်များကို အိမ်နှင့်ဝေးရာ မီးဘေးလုံခြုံသည့် တစ်နေရာရာတွင် သိမ်းဆည်းထားလိုမည်ဖြစ်သည်။ အကယ်၍ ကိုယ်အာမခံသေတ္တာနှင့် သော့များအကြောင်း တစ်ယောက်ယောက်ကို ပြောမည်ဆိုလျှင် ထိုသူသည် ယုံကြည် စိတ်ချရသူ ဖြစ်ဖို့တော့ လိုအပ်ပါလိမ့်မည်။

mgyoe.com

**အကြောင်းပြချက် (၃) ရွှေနှင့်ငွေသည် စစ်မှန်သည် ကြွယ်ဝမှုကို ဆွဲဆောင်သည်၊ ကြွယ်ဝမှုသည် ကြွယ်ဝမှုကို ဆွဲဆောင်ပြီး ဆင်းရဲခြင်းသည် ဆင်းရဲခြင်းကို ဆွဲဆောင်သည်။**

တစ်ရက်တွင် ဟိန္ဒူဂုရုကြီး ဂုရုဒေဝ၏ ဟောပြောပွဲတစ်ခုသို့ တက်ရောက်ရန် ကျွန်တော် ဖိတ်ကြားခံရသည်။ ထိုပွဲကိုတက်ဖို့ ကျွန်တော် စိတ်လှုပ်ရှားသွားသည်။ ဟောပြောပွဲအတွင်း မေးခွန်းများမေးဖို့ အချိန်ကျလာချိန်၌ ဉာဏ်အလင်းပွင့်ခြင်း၊ စိတ်အေးချမ်းမှုဆိုင်ရာအကြောင်းများနှင့် ပျော်ရွှင်မှုဆိုင်ရာအကြောင်းများကို အများစု မေးကြသည်။ ဂုရုကြီးသည် ရွှေအများအပြား ဝတ်ဆင်ထား၏။ ရွှေမျက်မှန်၊ ရွှေနားဆွဲ၊ ရွှေလက်ကောက်နှင့် ရွှေဆွဲကြိုးများဖြစ်သည်။ ကျွန်တော်သည် မက်သဒစ်ဘာသာဝင် တစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့ရာ မက်သဒစ် ဘုန်းတော်ကြီးတို့သည် ရွှေအများအပြားဝတ်ဆင်လေ့မရှိ။ ကျွန်တော်က လက်ထောင်ပြီး "ဘာလို့ ရွှေတွေအများကြီး ဝတ်ထားတာလဲ"ဟု မေးလိုက်သည်။

ကြင်နာတတ်သော ဂုရုကြီးက ပြုံးပြီး "ဘာလို့လဲဆိုတော့ ဘုရားသခင်ရဲ့ မျက်ရည်ကို ရွှေနဲ့လုပ်ထားလို့ပေါ့။ ဘုရားသခင်ရဲ့ မျက်ရည်ဖြစ်တဲ့ရွှေ၊ အဲဒီရွှေက ကြွယ်ဝမှုကို ဆွဲဆောင်တယ်"ဟု ပြန်ဖြေလေသည်။ ရွှေက ဘာကြောင့် ကြွယ်ဝမှုကို ဆွဲဆောင်ရသလဲဟု ကျွန်တော်က မေးချိန်တွင်မှ "ဆိုပါစို့ မင်းက တစ်လကို ဒေါ်လာ ၁၀၀၀ ဘဝထဲ ဝင်လာအောင် ဆွဲဆောင်ချင်တယ်ဆိုရင် မင်းမှာ ရွှေအစစ် ဒေါ်လာ ၁၀၀၀ ဖိုး ရှိထားရမယ်။ ပြီးတော့ ငါက တစ်လကို ဒေါ်လာတစ်သန်း လိုချင်တယ် ဆိုရင် ရွှေဒေါ်လာတစ်သန်းဖိုး ရှိထားရမယ်"ဟု ဂုရုကြီးက ပြန်ပြောသည်။

ယုံကြည်သက်ဝင်မှုထက် လောဘစိတ်လွှမ်းမိုးနေသော ကျွန်တော့်အကြောင်း ရိပ်မိသည့် ဂုရုကြီးက "မင်းဘာလို့ ဒေါ်လာ ၁၀၀၀ နဲ့ စပြီး လုပ်မကြည့်နိုင်တာလဲ။ ငါပြောတာ မင်းအတွက် အလုပ်ဖြစ်လားဆိုတာ သိရအောင်ပေါ့။ ရွှေက လူတိုင်း အတွက် အလုပ်မဖြစ်ဘူး။ ဘုရားသခင်ရဲ့ ရက်ရောမှုက အခြေအနေပေါ်မှာ မူတည် တယ်" ဟု ဆက်ပြောခဲ့သည်။

ထိုဖြစ်ရပ်မှာ ၁၉၈၆ ခုနှစ်ကဖြစ်ပြီး ကျွန်တော်တွင် ငွေများများစားစားမရှိ။ ရွှေဝယ်ရန် ဒေါ်လာ ၁၀၀၀ ငွေပိုရှိဖို့ ဆိုသည်မှာ ခက်ခဲသည်။ သို့သော် ကင်မ်နှင့် ကျွန်တော်သည် ရအောင်ဝယ်ခဲ့သည်။ လတိုင်းလတိုင်း ကျွန်တော်တို့ ရွှေနှင့် ငွေ အချို့ ဝယ်သည်။ ထို့နောက် ဘယ်တော့မှ မရပ်တန့်တော့။ ဥပမာ ကျွန်တော်တို့ ဝင်ငွေကို တစ်လလျှင် ဒေါ်လာ ၅၀၀၀ မှ ဒေါ်လာ ၁၀,၀၀၀ သို့ တိုးစေချင်သည်

mgyoe.com

mgyoe.com SAMPLE BOOK


ဆိုပါစို့။ ကျွန်တော်တို့ ဒေါ်လာ ၁၀,၀၀၀ ကို ရွှေဒင်္ဂါးများအဖြစ် ရယူလိုက်ပြီး မေ့ထားလိုက်သည်။ လအနည်းငယ်အကြာတွင် ကြွယ်ဝမှု တိုးပွားလာသည်ကို တွေ့မြင်ရသည်။ သတိမပြုမိဘဲနှင့်ပင် တိုးပွားလာနေခြင်းဖြစ်သည်။ ရွှေဈေးကျသွားချိန်တွင် ကျွန်တော်တို့ ရွှေထပ်ဝယ်သည်။ ထိုအတိုင်း ဆက်လုပ်သွားသည်။ ယနေ့အချိန်တွင် ကျွန်တော်တို့သည် လွန်စွာဝေးကွာပြီး လွန်စွာလုံခြုံစိတ်ချရသော နိုင်ငံများရှိ အလုံတိုက်များ ရှိရတော့မည်ဖြစ်သည်။ ကျွန်တော်တို့အတွက် ကျွန်တော်တို့ ရွှေများကို သိမ်းထားရန် ကိုယ်ပိုင်ဂျက်လေယာဉ်မလိုသလို၊ ကိုယ်ပိုင်ပြေးလမ်းလည်း မလိုပါ။

"ကျွန်တော်/ကျွန်မတို့အတွက်ရော ရွှေက ကြွယ်ဝချမ်းသာမှုကို ဆွဲဆောင်နိုင်ပါလား" ဟု မေးလာချိန်တိုင်း ကင်မ်နှင့် ကျွန်တော်တို့က "ဘာလို့ ကိုယ်ဘာသာကိုယ် စမ်းမကြည့်တာလဲ။ ဘုရားသခင်ရဲ့မျက်ရည်က ခင်ဗျားအတွက် အလုပ်ဖြစ်လားဆိုတာကို မြင်ရအောင်ပေါ့။ ဘုရားသခင်က ရက်ရောပါတယ်။ ဒါပေမဲ့ ဘုရားသခင်ရဲ့ ရက်ရောမှု အခြေအနေပေါ် မူတည်ပါတယ်"ဟု ဂုရုကြီး ဖြေသလိုသာ ပြန်ဖြေလေ့ရှိကြပါသည်။

### ရွှေအပေါ် ယုံကြည်မှုသင်ခန်းစာ

ဘုရားသခင်၏ မျက်ရည်သည် ရွှေအတိပြီးသည်ဟုဆိုလျှင် ကျွန်တော်တို့ ကိုယ့်ဘာသာကိုယ် မေးရမည့်မေးခွန်းမှာ ဘုရားသခင်၏ မျက်ရည်သည် ဝမ်းသာ၍ ကျသည့် မျက်ရည်လား၊ ဝမ်းနည်း၍ကျသည့် မျက်ရည်လားဆိုသည့် မေးခွန်းပင်။

အလုံတိုက်များထဲတွင် သိမ်းဆည်းထားသည့် ရွှေအများအပြားမှာ ဝမ်းနည်းမျက်ရည်များကြားမှ ရလာခြင်းဖြစ်သည်။

အင်ဒီးစ်တောင်တန်းပေါ်တွင် ရပ်ပြီး ရှေးအင်ကာလူမျိုးတို့၏ ရွှေတွင်းများကို ကြည့်နေချိန်တွင် ဖရန်စစ္စကို ပီဇာရို ဦးဆောင်သည့် စပိန်တို့သည် ရွှေနှင့် အခြားအဖိုးတန်ရတနာများ သတ္တုများအတွက် ထောင်သောင်းချီသည့် တိုင်းရင်းလူမျိုးတို့ကို သတ်ဖြတ်ခဲ့သော သမိုင်းသင်ခန်းစာကို ပြန်အောက်မေ့မိသည်။ ထိုအတိုင်းပင် နာဇီတို့လည်း ဂျူးတို့ကို ကျူးလွန်ခဲ့သည်။ အခြားသော စစ်နိုင်သူအများစုလည်း အလားတူပင်။ အင်္ဂလိပ်တို့သည် စကော့၊ အိုင်းရစ်၊ မော်ရီ (နယူးဇီလန် တိုင်းရင်းသားများ)နှင့် အဘောရီးဂျင်း (ဩစတြေးလျ တိုင်းရင်းသားများ)အပေါ် ထိုအတိုင်း လုပ်ခဲ့သည်။ အမေရိကန်တို့သည် အမေရိကန် အင်ဒီးယန်းများနှင့် ဟာဝေယန်တိုင်းရင်းသားတို့ကို

mgyoe.com

အလားတူလုပ်သည်။ အမေရိကန် ကျွန်ပိုင်ရှင်များသည်လည်း အာဖရိက ကျွန်များ အပေါ် အလားတူပင်။ ဂျပန်တို့သည်လည်း တရုတ်နှင့် ကိုရီးယားတို့ကို ထိုသို့လုပ်ခဲ့သည်။ ယနေ့ခေတ် လူ့မလိုင်တို့သည်လည်း ထိုအတိုင်း လုပ်နေခြင်းသာ။

ထိုသင်ခန်းစာကို နေရာတိုင်းတွင် သုံးနိုင်သည်။ စာဖတ်သူထံတွင် ပိုက်ဆံရှိခြင်းနှင့် ကြွယ်ဝချမ်းသာခြင်းသည် ကိစ္စမရှိပါ။ ထိုပိုက်ဆံများကို ဘယ်လို ရလာသလဲ၊ ထိုကြွယ်ဝမှုများကို ဘယ်လိုရလာသလဲဆိုသည်ကတော့ ကိစ္စရှိပါသည်။

**အကြောင်းပြချက် (၄) - ရွှေနှင့်ငွေသည် ဘာကြောင့်စစ်မှန်ရသလဲ၊ စက္ကူရွှေ၊ စက္ကူငွေတို့သည် ဘာကြောင့် မစစ်မှန်ရပါသလဲ**

ကျွန်တော်သည် မည်သည့်စာရွက်ကိုမျှ အယုံအကြည်မရှိ။ စာရွက်သည် ဆင့်ပွားတစ်ခု၊ အတုတစ်ခု၊ တန်ဖိုးအတွက် ဟိုဘက်ခြမ်းယုံကြည်စိတ်ချရမှု လိုအပ်သော အရာတစ်ခုသာ။

ငွေကြေးပညာ

ကမ္ဘာ့ဘဏ်စနစ် တော်တော်များများသည် fractional reserve banking ဟု သိကြသော စနစ်တစ်ခုဖြင့် အလုပ်လုပ်သည်။

ကမ္ဘာ့ဘဏ်စနစ်သည် ကမ္ဘာပေါ်တွင် နှစ်ပေါင်းထောင်နှင့်ချီပြီး အသက်ဝင်လျက်ရှိသည့် စနစ်တစ်ခုဖြစ်သော fractional reserve banking စနစ်ပေါ်တွင် တည်ဆောက်ထားသည်။ အောက်တွင်ဖော်ပြထားသည်မှာ ထိုစနစ်အတွက် ရိုးရှင်းသော ရှင်းလင်းချက်ဖြစ်သည်။

လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာက စာဖတ်သူသည် ဆိုင်ပိုင်ရှင်တစ်ယောက် ဆိုပါစို့။ စာဖတ်သူထံတွင် ရွှေဒင်္ဂါး ၁၀ ပြား ပိုင်ဆိုင်ထားသည်။ စာဖတ်သူအနေဖြင့် ဆိုင်အတွက် လိုအပ်သော ပစ္စည်းပစ္စယများ ဝယ်ယူရန် မိုင် ၁၀၀၀ ခရီးသွားဖို့လိုအပ်လာပြီး ခရီးလမ်းမှာလည်း ကြမ်းတမ်းလှ၏။ လူဆိုးများလည်း ရှိသည်။

စာဖတ်သူသည် မြို့ရှိ ဘဏ်သမားဆီသို့ သွားသည်။ ထိုသူက စာဖတ်သူ၏ ရွှေဒင်္ဂါး ၁၀ ပြားကို သူ့ အာမခံသေတ္တာထဲတွင် ထည့်ပေးထားရန် သဘောတူသည်။ သူက စာရွက်တစ်ရွက် ထုတ်ပေးလိုက်ပြီး ထိုစာရွက်ပေါ်တွင် စာဖတ်သူက သူ့အား

mgyoe.com

mgyoe.com SAMPLE BOOK
ရွှေဒင်္ဂါး ၁၀ ပြား ပေးထားကြောင်း ရေးသားထားသည်။

ထို့နောက် စာဖတ်သူသည် ထိုစာရွက်နှင့်အတူ ကြမ်းတမ်းသောခရီးလမ်းကို ဖြတ်ပြီး မိုင် ၁၀၀၀ ခရီးကို သွားသည်။ စာဖတ်သူ၏ ရွှေဒင်္ဂါးများသည် လုံလုံခြုံခြုံ ကျန်ရစ်သည်။

ထို့နောက် စာဖတ်သူ၏ ဆိုင်အတွက် ပစ္စည်းများဝယ်သည်။ ပစ္စည်းရောင်းသူအား ထိုစာရွက်ပေးလိုက်ပြီး ပစ္စည်းများယူကာ အိမ်သို့ ပြန်လာသည်။

ပစ္စည်းရောင်းလိုက်သောသူသည် သူ့ဘဏ်သို့သွားကာ ထိုစာရွက်ကိုပြပြီး ရွှေများကို ထုတ်ယူလိုက်သည်။

များမကြာသောကာလအတွင်း စာဖတ်သူရော၊ ပစ္စည်းရောင်းလိုက်သူပါ စာရွက်သည် ရွှေထက်ပို၍ အဆင်ပြေသည်ဟု ယူဆလာကြသည်။ နှစ်ယောက်လုံး ရွှေကို ဘဏ်တွင်ထားပြီး ဘဏ်က ထုတ်ပေးသော လက်မှတ်စာရွက်ကို ပိုက်ဆံစက္ကူအဖြစ် အသုံးပြုကြတော့သည်။

ပိုက်ဆံလိုသောသူတို့သည် ဘဏ်ကိုသွားပြီး ငွေချေးသည်။ ဘဏ်က စာဖတ်သူ၏ ရွှေဒင်္ဂါး ၁၀ ပြားထဲမှ ကိုးပြားကို ချေးလိုက်သည်။ တစ်ပြားကို သူ့ အာမခံသေတ္တာထဲတွင် fractional reserve အဖြစ် ချန်ထားသည်။ ထိုဥပမာတွင် fractional reserve သည် ဒင်္ဂါးတစ်ပြားဖြစ်ပြီး ၁၀ ရာခိုင်နှုန်းဖြစ်သည်။

ဤနေရာတွင် စိတ်လှုပ်ရှားစရာကောင်းလာသည်။ စာဖတ်သူ၏ ရွှေဒင်္ဂါး ၁၀ ပြားထဲမှ ၉ ပြား ချေးယူသွားသူသည် သူ့ဘဏ်ကိုသွားပြီး ရွှေဒင်္ဂါးကိုးပြားကို အပ်သည်။ သူ့ဘဏ်ကလည်း ထိုရွှေဒင်္ဂါး ကိုးပြားထဲမှ တစ်ပြားကို ချန်ကာ ရှစ်ပြားကို ထပ်ချေးသည်။ ထိုချေးယူသူကလည်း အလားတူပင် ထပ်လုပ်သည်။

စာဖတ်သူ၏ ရွှေဒင်္ဂါးအစစ် ၁၀ ပြားမှ ရွှေဒင်္ဂါးအတု အပြား ၁၀၀၀ လောက်အထိ အလွယ်တကူ ပွားသွားနိုင်သည်။ ရွှေဒင်္ဂါးအစစ်များကို မည်သူမျှ ပြန်မလိုချင်သေးခင်အချိန်အထိ ထိုစနစ်မှာ အဆင်ပြေသည်။ ခေတ်သစ် ဘဏ်စနစ်မှာ ထိုအတိုင်းပင်ဖြစ်သည်။

ကျွန်တော့် ကိုယ်ပိုင်အာမခံသေတ္တာထဲတွင် ကိုယ်ပိုင် ရွှေအစစ်များ ထည့်သိမ်းပြီး စက္ကူရွှေများကို မစုဆောင်းခြင်းမှာ ရွှေဒင်္ဂါးအစစ်တစ်ပြားတွင် စက္ကူဒင်္ဂါးအတု ၁၀၀ မှ ၅၀၀ အထိ ရှိနိုင်သောကြောင့်ပင်။

လူတိုင်းလူတိုင်း ရွှေအစစ် မလိုချင်သေးချိန်အထိတော့ အရာရာ အဆင်ပြေ
mgyoe.com

ပါသည်။

Fractional reserve banking စနစ်ကို ပိုက်ဆံနှင့် ရွှေတွင်သာမဟုတ်။ နေရာတိုင်းတွင် အသုံးချနိုင်သည်။ ဘဏ်စနစ်ကြီးတစ်ခုလုံးသည် ဟိုဘက်တစ်ခြမ်း ယုံကြည်မှုအပေါ်တွင် အခြေပြုထားသည်။

ချမ်းသာသောဖေဖေက သူ့သားနှင့် ကျွန်တော်တို့ကို fractional reserve banking အကြောင်း သင်ပေးပြီးနောက်ပိုင်းကတည်းက ကျွန်တော့် စက္ကူပိုက်ဆံများ ပေါ်တွင် "ဘုရားသခင်ကို ကျွန်ုပ်တို့ ယုံကြည်သည်" ဆိုသည့်စာတန်းကို တွေ့တိုင်း ကျွန်တော် ရယ်မောမိတော့သည်။

ကျွန်တော်တို့၏ ပိုက်ဆံများကို ရိုက်ထုတ်နေသော၊ အစိုးရ၊ ဗဟိုဘဏ်၊ ဘဏ်များ၊ ငွေတိုက်စာချုပ်ဈေးကွက်၊ စတော့ဈေးကွက်တို့ကို ချုပ်ကိုင်ထားသော လူ့မလိုင်တို့ကို ယုံကြည်မည့်အစား ဘုရားသခင်၏ ပိုက်ဆံဖြစ်သည် ရွှေနှင့်ငွေတို့ကို ယုံကြည့်ရန် ကျွန်တော် အားပေးပါသည်။

အမြတ်မ်း မမေ့ဖို့ – ရွှေနှင့်ငွေသည် စာဖတ်သူ မရှိတော့ချိန်တွင်လည်း ဆက်ရှိနေမည်ဖြစ်သည်။ ကျွန်တော်၊ လူ့မလိုင်များနှင့် ပိုးဟပ်များ ကမ္ဘာမြေပေါ်မှ ပျောက်ဆုံးသွားသည့်တိုင် ဆက်ရှိနေဦးမည်သာ။

အကြောင်းပြချက် (၅) – စနစ်သည် ပြိုလဲပြီး၊ ပြိုလဲဆဲဖြစ်သည်

ကွာဟချက်က တိုးလာသည်။ ကျွန်တော်တို့သည် လူတန်းစားတိုက်ပွဲ၏ ချောက်ကမ်းပါးစွန်းသို့ ရောက်နေပြီဖြစ်သည်။

စတီဗင်ဘရေးလ်က ယခုလို ရေးပြထားသည်။

၁။ ၁၉၂၉ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အတွင်း လူလတ်တန်းစား စုစုပေါင်းဝင်ငွေသည် အထက်တန်းစား စုစုပေါင်းဝင်ငွေထက် လျင်မြန်စွာတိုးတက်လာသည်။ ဝင်ငွေမညီမျှမှု လျော့ကျသွားသည်။

၂။ ၁၉၂၈ ခုနှစ်တွင် အောက်ခြေ ၉၀ ရာခိုင်နှုန်းသည် စုစုပေါင်းကြွယ်ဝမှု၏ ၅၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။

၃။ ၁၉၇၀ ပြည့်နှစ်တွင် အောက်ခြေ ၉၀ ရာခိုင်နှုန်း၏ စုစုပေါင်း ကြွယ်ဝမှုသည် ၆၈ ရာခိုင်နှုန်းသို့ တိုးလာသည်။

၄။ ၁၉၇၀ ပြည့်နှစ်တွင် ထိပ်ဆုံး ၁ ရာခိုင်နှုန်းသည် စုစုပေါင်း ကြွယ်ဝမှု၏

mgyoe.com


၉ ရာခိုင်နှုန်းကိုသာ ပိုင်ဆိုင်ထားသည်။

၅။ ၁၉၇၁ ခုနှစ်တွင် ထိုလမ်းကြောင်းသည် ပြောင်းပြန်ပြောင်းသွားပြီး အရှိန်မြင့်လာသည်။

၆။ ၂၀၀၇ ခုနှစ်တွင် ထိပ်ဆုံး ၁ ရာခိုင်နှုန်း၏ ပိုင်ဆိုင်မှုသည် ၂ ရာခိုင်နှုန်း မြင့်တက်လာသည်။

၇။ ၂၀၁၂ ခုနှစ်တွင် အောက်ခြေ ၉၀ ရာခိုင်နှုန်း၏ ပိုင်ဆိုင်မှုပမာဏ လျော့ကျသွားပြီး စုစုပေါင်းကြွယ်ဝမှု၏ တစ်ဝက်အောက်တွင်သာ ရှိတော့သည်။

## ပုံတစ်ပုံသည် စကားလုံး ၁၀၀၀ နှင့် ညီမျှသည်




## ဆင်းရဲသားတို့ကို ဘယ်သူ ဂရုစိုက်လဲ

တိုင်းမ်မဂ္ဂဇင်းက ဆောင်းပါးအဖြစ် ကောက်နုတ်ဖော်ပြထားသော ဘရေးလ်၏ စာအုပ် Tailspin ထဲတွင် ဘရေးလ်က ဆင်းရဲသားများနှင့် လူလတ်တန်းစားတို့ အကြောင်းကို ယခုလို ရေးပြထားသေးသည်။

နိုင်ငံရေးသမားတွေက ခုချိန်မှာ လူလတ်တန်းစားတွေအတွက် အနည်းဆုံးတော့ စကားထဲ ထည့်ပြောကြသေးတယ်။ ဒါပေမဲ့ ဆင်းရဲသားတွေ

mgyoe.com

 mgyoe.com SAMPLE BOOK 

အကြောင်း ပြောခဲ့တယ်။ ကူညီဖို့ဆိုတာ ဝေလာဝေးပေါ့။ ဒါက ဘာကို ပြောနေလဲဆိုတော့ သူတို့တွေဟာ လူလတ်တန်းစားတွေက သူတို့အောက်က လူတွေအကြောင်း တစ်ခုခု သတိထားမိသွားမှာကို ကြောက်နေကြတာပဲ။ အဲဒီလိုသတိထားမိသွားရင် သူတို့ရွေးကောက်တင်မြှောက်ထားတဲ့ တာဝန်ရှိသူတွေက သူတို့ကို ဘယ်လိုပစ်ထားသလဲဆိုတာ သက်သေအထောက်အထားတွေ တွေ့သွားနိုင်လို့ပေါ့။

ဘရေးလ်က ဒင်နီယယ်မာကိုဗစ်နှင့် ရေးဖစ္စမန်းတို့၏ လေ့လာမှုတစ်ခုမှ တွေ့ရှိထားသော "မူဝါဒချမှတ်တဲ့ လူ့မလိုင်တွေဟာ ဘယ်ပါတီကပဲဖြစ်ပါစေ (စီးပွားရေးအရ) ညီမျှမှုကို အရေးမစိုက်ကြဘူး" ဆိုသည့် အချက်ကိုလည်း ကိုးကားထားသည်။

**ဘာသာပြန်ဆိုချက်** – ဆင်းရဲသားတို့နှင့် လူလတ်တန်းစားတို့ကို ဘယ်သူဂရုစိုက်လဲ။

ထိုလူ့မလိုင်တို့သည် ခြေလှမ်းကျဲကြကြောင်းလည်း ဘရေးလ်က ထောက်ပြသည်။ ဒီမိုကရေစီနှင့် ဆက်နွယ်သော လစ်ဘရယ် သဘောတရားများဖြစ်သည့် သာတူညီမျှရေး၊ အမျိုးသမီးအခွင့်အရေး၊ လိင်အခွင့်အရေးတို့တွင် တစ်ဖက်ကမ်းခတ်ကြသည်။ သို့သော် စီးပွားရေးလုပ်ပိုင်ခွင့် မညီမျှမှုနှင့် ပတ်သက်၍မူ သိပ်ဂရုမစိုက်ကြ။ သူတို့နှင့် ဆင်းရဲသားများ၊ လူလတ်တန်းစားများအကြား ဝင်ငွေမညီမျှမှု မြင့်တက်လာခြင်းကို အရေးမထားကြပေ။

သူထောက်ပြထားသည့် နောက်ထပ်အချက်ခုနစ်ချက်ကို ကျွန်တော် မှတ်သားထားမိသည်။

၁။ "အောင်ပွဲခံ အမေရိကန်စီးပွားရေးအင်ဂျင်ကြီးသည် တဖျစ်ဖျစ်မြည်လာနေပြီ။ ကလေးတစ်ယောက်၏ သူ့မိဘထက် ဝင်ငွေပိုရနိုင်သည့် အခွင့်အရေးသည် ပြီးခဲ့သည့် နှစ် ၅၀ အတွင်း ၉၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်"

၂။ "တစ်အိမ်ထောင်ချင်းစီ၏ ကြွေးမြီသည် စီးပွားပျက်ကပ်မတိုင်မီ ၂၀၀၇ ခုနှစ်ကထက် ၂၀၁၇ ခုနှစ်တွင် ပိုမိုမြင့်မားနေပြီ"

၃။ "ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ (အမေရိကန်ပြည်ထောင်စု)သည် စီးပွားရေး

mgyoe.com

 mgyoe.com SAMPLE BOOK 

ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD)၏ ဆင်းရဲမွဲတေမှု အမြင့်ဆုံး ၃၅ နိုင်ငံစာရင်းတွင် ဆက်တိုက်ပါဝင်နေသည်"

၄။ "အဆိုပါ OECD ၃၅ နိုင်ငံတွင် အမေရိကန်ကလေးများသည် သချ်ာစွမ်းရည် အဆင့် ၃၀ သာ ရှိပြီး သိပ္ပံစွမ်းရည်အဆင့် ၁၉ တွင်သာ ရှိနေသည်"

၅။ "အမေရိကန်ကလေးငါးယောက်တွင် တစ်ယောက်သည် အစိုးရက 'စားနပ်ရိက္ခာချို့တဲ့သည်' ဟု အဆင့်သတ်မှတ်ခံထားရသည့် မိသားစုများတွင် နေထိုင်နေရသည်။ ထိုကလေးများသည် တက်ကြွကျန်းမာသည့် ဘဝတစ်ခုရရှိဖို့ လုံလောက်သော အစာအာဟာရ မရရှိဟု အဓိပ္ပာယ်ရသည်"

၆။ "အမေရိကန် လေဆိပ်များမှာ ရှက်စရာ။ ခေတ်မီ လေကြောင်းထိန်းချုပ်ညွှန်ကြားရေးစနစ်များသည် ၂၀ နှစ်ခန့် ခေတ်နောက်ကျနေပြီ။ ဓာတ်အားလိုင်းများ၊ လမ်းများနှင့် ရထားလမ်းများသည် ပျက်စီးနေပြီး အမေရိကန်ပြည်ထောင်စုကို နိုင်ငံတကာ အခြေခံအဆောက်အအုံ အရည်အသွေးသတ်မှတ်ချက်တွင် လွန်စွာအဆင့်နိမ့်ကျနေစေသည်။ အမေရိကတစ်ဝန်း၌ တစ်ရက်လျှင် ရေပေးဝေရေး ပင်မလမ်းကြောင်း ၆၅၇ ခု ပျက်နေသည်"

၇။ "(လွှတ်တော်)အမတ်များသည် တစ်ရက်လျှင် ငါးနာရီမျှ အချိန်ဖြုန်းပြီး တောင်းဆိုနေရသည်ကို ပင်ပန်းပြီး နေထိုင်မကောင်းကြ။ (ဝါရှင်တန်တွင်) အောက်လွှတ်တော်နှင့် အထက်လွှတ်တော် အမတ် တစ်ဦးချင်းစီအတွက် မှတ်ပုံတင်ထားသော လော်ဘီ ၂၀ ကျော် ရှိသည်"

သို့သော် မည်သူက ဆင်းရဲသားများနှင့် လူလတ်တန်းစားတို့ကို ဂရုစိုက်ပါသလဲ။

## ကျွန်တော့် စိုးရိမ်မှုများ


၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ဖူလာနှင့်အတူ လေ့လာပြီး အနာဂတ်ကို ဘယ်လိုကြည့်ရမလဲဆိုသည်ကို သင်ယူခဲ့ပြီးနောက် ကျွန်တော်သည် မိုးကုပ်စက်ဝိုင်း၌ မုန်တိုင်းတိမ်တိုက်များ နောက်ကလိုက်လာနေသည်ကို စတင်မြင်တွေ့ခဲ့သည်။ ထိုမုန်တိုင်းသည် ရောက်လာခဲ့ပြီ။

mgyoe.com

၁။ ဘေဘီဘွန်းမျိုးဆက်အများအပြားတွင် အငြိမ်းစားစုငွေမရှိ။ အဲကြောင်းမှာ ၁၉၇၄ ခုနှစ်အထိ အလုပ်သမားအများစုတွင် ကုမ္ပဏီအငြိမ်းစားစီမံကိန်းရှိသည်။ ၁၉၇၄ ခုနှစ်နောက်ပိုင်းတွင် ဝန်ထမ်းများသည် ကိုယ့်ဘာသာကိုယ် တာဝန်ယူကြရသည်။ အလုပ်လုပ်နိုင်သည့် ရက်များ ကုန်ဆုံးသွားချိန်တွင် ဖိုးအိုဝမ်း(ကေ)လို ပုဂ္ဂလိက အငြိမ်းစားစုငွေအစီအစဉ်များက သူတို့ကို ရှင်သန်နိုင်စေလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

၂။ ဝန်ထမ်းအများအပြား၏ အငြိမ်းစားရန်ပုံငွေတို့သည် ပျက်စီးသွားသည်။ ဥပမာ အမေရိက၏ အကြီးဆုံး အစိုးရဝန်ထမ်း အငြိမ်းစားရန်ပုံငွေဖြစ်သည့် ကာလီဖိုးနီးယား အစိုးရဝန်ထမ်း အငြိမ်းစားရန်ပုံငွေ (Calpers) သည် အမေရိကန် ဒေါ်လာ တစ် ထရီလီယံ လိုငွေပြနေသည်။

၃။ အောက်ပါဇယားမှာ လူမှုဖူလုံရေး ဇယားဖြစ်သည်။




Source: The Peter G. Peterson Foundation | Social Security Administration

ကျန်းမာရေးစောင့်ရှောက်မှုသည် ပိုမိုကြီးမားသည့် ပြဿနာဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ကျန်းမာရေးစောင့်ရှောက်မှုအတွက် နှစ်ပေါင်းများစွာအတွင်း ထရီလီယံဒေါ်လာနှင့်ချီ၍ အသုံးပြုခဲ့သော်လည်း အနိုင်မရသေးပေ။

mgyoe.com

 mgyoe.com SAMPLE BOOK 

**သို့သော် စောင့်ကြည့်ပါ… ပိုဆိုးလာဦးမည်**

ဘရေးလ်က "ကွန်ဂရက်အနေနဲ့ ၁၉၉၄ ခုနှစ်ကစပြီးတော့ ပြည့်စုံတဲ့ ဘတ်ဂျက် ချမပေးခဲ့ဘူး" ဟု ဆိုသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် အီကော်နောမစ်မဂ္ဂဇင်းက အမေရိကန်ခေါင်းဆောင်များအနေဖြင့် ဘတ်ဂျက်ကို ဟန်ချက်ညီအောင် ဘာကြောင့် မလုပ်နိုင်ရသလဲ။ အမေရိကသည် ဘာကြောင့် ဒေဝါလီခံရတော့မှာလဲ ဆိုသည့် အကြောင်းရင်းများကို ရှင်းပြထားသည်။

> အခြေခံဥပဒေက ကွန်ဂရက်ကို ငွေကြေးသုံးစွဲခွင့် အာဏာပေးထားပါတယ်။ ကွန်ဂရက်က အဲဒီအာဏာကို အသုံးပြုတဲ့နေရာမှာ အချက်လေးချက်က ထူးဆန်းနေပါတယ်။ ပထမအချက်ကတော့ ကွန်ဂရက်အနေနဲ့ နှစ်တိုင်းပြန်ပြီးတော့ အတည်ပြုပေးဖို့လိုအပ်တဲ့ တစ်နှစ်တာဘတ်ဂျက်ဟာ အကြမ်းဖျင်း ပြောရရင် ဖက်ဒရယ်ဘတ်ဂျက်ရဲ့ သုံးပုံတစ်ပုံလောက်ကိုပဲ ကာမိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလို ခံစားခွင့်အစီအစဉ်တွေက ရန်ပုံငွေအလိုအလျောက် ရပြီးသားပါ။ ဒါကြောင့် လူအများကြိုက်အောင် ဟောပြောနေကြရတဲ့ လွှတ်တော်အမတ်မင်းတွေအနေနဲ့ ကာလရှည် ဘဏ္ဍာရေး ပြဿနာအတွက် ဘတ်ဂျက်အကြောင်းပြောဖို့အချိန်ကျရင် ပင်မအကြောင်းရင်းဖြစ်ပြီးတော့ ဖောင်းပွလာနေတဲ့ ခံစားခွင့်ဆိုင်ရာ အသုံးစရိတ်တွေအကြောင်းပြောဖို့ အခွင့်အရေးနည်းနည်းပဲ ရှိကြပါတယ်။

**ဘာသာပြန်ဆိုချက်** – ကျွန်တော်တို့အနေဖြင့် ဆင်းရဲသားများကို လျစ်လျူရှုထားခြင်းသည် အမေရိကကို ဒေဝါလီ ခံရစေလိမ့်မည်။ အခြေခံဥပဒေက ထိုအချက်ကို အာမခံထားသည်။

**အနာဂတ်မှာ ဘာဖြစ်မလဲ**


မေးစရာ ရှိသည်မှာ လူ့မလိုင်တို့အနေဖြင့် လွန်စွာ များပြားလှသော ခံစားခွင့်အစီအစဉ်များအတွက် ပိုက်ဆံပေးဖို့ နောက်ထပ်ပိုက်ဆံများ ရိုက်ထုတ်မလား၊ သို့တည်းမဟုတ် ရွှေပေါင်စနစ်ကို ပြန်သွားမလားဆိုသည့် မေးခွန်းပင်။ သို့တည်းမဟုတ် နောက်ထပ် မဟာ့မဟာ စီးပွားပျက်ကပ်ကြီးထဲသို့ ထိုးဆင်းသွားမလား။

mgyoe.com

 mgyoe.com SAMPLE BOOK 

အကြောင်းပြချက် (၆) - ဘုရားသခင်၏ ပိုက်ဆံနှင့် အစိုးရ၏ ပိုက်ဆံ

ပုံတစ်ပုံသည် စကားလုံးတစ်ထောင်နှင့် ညီမျှသည်။




မေး – ကျွန်တော်တို့ အစိုးရများအနေဖြင့် ပိုက်ဆံအတု ဘယ်လောက်များများ ရိုက်ထုတ်နိုင်သလဲ။

ဖြေ – လူတွေ အဲဒီပိုက်ဆံအတွက် အလုပ်လုပ်နေသရွေ့ လူ့မလိုင်တွေဟာ သူတို့လိုချင်သလောက် ပိုက်ဆံတွေကို ရိုက်ထုတ်နိုင်ကြပါတယ်။

## နောက်တစ်ဆင့်

နောက်တစ်ဆင့်မှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အထူးထုတ်ယူခွင့်လက်မှတ်များ (special drawing rights - SDRs) ကို ကမ္ဘာ့ငွေကြေးအဖြစ် ထုတ်ပေးခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အကျိုးသက်ရောက်မှုအားဖြင့် နောက်ထပ်ပိုက်ဆံအတုများ ထပ်ထွက်လာပါမည်။ ထပ်ပြီးလည်း လူအများက လက်ခံနေသရွေ့ သူတို့ ဆက်ထုတ်နေကြပါဦးမည်။

ထိုအချိန်တွင် လူ့မလိုင်တို့သည် ရွှေအစစ်များကို သိမ်းဆည်းထားလိုက်ကြသည်။ ပွဲပြီးပြီဆိုသည်ကို သူတို့ သိနေသောကြောင့်ပင်။

mgyoe.com

 mgyoe.com SAMPLE BOOK 

အကြောင်းပြချက် (၇) - ဘုရားသခင်၏ ပိုက်ဆံကို ရဖို့လွယ်ပါသည်

ရွှေတွင်း ငွေတွင်းများကို ဝယ်ရသည်မှာ ခက်ပါသည်။ ကျွန်တော် နှစ်တွင်း ဝယ်ပြီး တူးဖူးသည်။

ရွှေတွင်း ငွေတွင်းများ ဝယ်ရခြင်းသည် အချိန်၊ ပိုက်ဆံနှင့် ဉာဏ်ရည်ဉာဏ်သွေး လွန်စွာအသုံးပြုရသည်။

ရွှေအစစ် ငွေအစစ်တို့ကို ဝယ်ယူရန်မှာ ငွေကြေးအနည်းငယ်သာ သုံးရပြီး စွန့်စားမှုလည်း အလွန်နည်းသလို ငွေကြေးပညာ ဘာမှမတတ်ဘဲ လုပ်နိုင်ပါသည်။

နာမည်ကြီး ရွှေဆိုင်များမှ ရွှေအစစ် ငွေအစစ်များ ဝယ်ယူခြင်းသည် ပိုလွယ်ပြီး ပိုလည်း သက်သာပါသည်။

ကျွန်တော်သည် ၁၉၆၄ ခုနှစ်တွင် ဆယ်ပြားစေ့၊ မတ်စေ့၊ ငါးမူးစေ့ စသည့် ငွေဒင်္ဂါးများကို စတင်စုဆောင်းသည်။

၁၉၆၅ ခုနှစ်တွင် အမေရိကန် ဒင်္ဂါးထုတ်လုပ်ရေးလုပ်ငန်းဌာနသည် ငွေဒင်္ဂါးများကို စတင်ရောနှောသည်။ ရောနှောသည်ဆိုသည်မှာ ငွေဒင်္ဂါးများတွင် ငွေပါဝင်မှုကို လျှော့ချပြီး ကြေးနီ၊ သံဖြူ စသည့် အခြေခံသတ္တုများနှင့် စပ်ခြင်းဖြစ်သည်။

ရောမသားတို့သည် နောက်ထပ်စစ်ပွဲများ တိုက်ခိုက်ရန် ပိုက်ဆံလိုအပ်လာချိန်တွင် သူတို့၏ ဒင်္ဂါးများကို ထိုအတိုင်း လုပ်ခဲ့သည်။ တူသလိုလိုပဲ မဟုတ်ပါလား။

အမေရိကန်ဒင်္ဂါးများတွင် အရောနှောများ ပါလာသည်ကို သတိထားမိပြီးနောက် ၁၉၆၅ ခုနှစ်တွင် ကျွန်တော်သည် ကျွန်တော့် ငွေစက္ကူများကို ဘဏ်သို့သွားပြီး ဆယ်ပြားစေ့များ၊ မတ်စေ့များနှင့် လဲလှယ်သည်။ ထိုအကြွေစေ့များကို ဖြန့်ပြီး တစ်ပြားချင်းစီ ရွေးချယ်သည်။ အရောအနှောမပါသည့် ဒင်္ဂါးအကြွေစေ့များကို သိမ်းထားသည်။ အရောအနှောပါသည့် ဒင်္ဂါးများအားလုံးကို ဘဏ်သို့ ပြန်အပ်သည်။ နောက်ထပ် အကြွေစေ့များကို ထိုအတိုင်း ထပ်လုပ်ပြန်သည်။ ယင်းမှာ ဒုံးပျံလုပ်နည်း သိပ္ပံပညာမဟုတ်။ ထိုသို့လုပ်ရန် ကျွန်တော့်အတွက် မည်သည့်ငွေကြေးပညာမျှ မလိုအပ်။ အကြောင်းမှာ ဟိုဘက်ခြမ်း စွန့်စားရမှု မရှိသောကြောင့်ပင်။

ဂရက်စ်ဟမ်း နိယာမက ဆိုးသော ပိုက်ဆံတို့သည် ကောင်းသောပိုက်ဆံတို့ကို မောင်းထုတ်လိုက်ကြောင်း သေသေချာချာ ဖော်ပြထားသည်။

ကျွန်တော်လုပ်သမျှ အားလုံးမှာ ထိုအတိုင်းသာ။ ကျွန်တော်လုပ်နေသည်ကို ဘာကြောင့် လုပ်နေမှန်းပင်မသိ။ ငွေအစစ်ရလိုသည့် ဆန္ဒတစ်ခုတည်းဖြင့် လုပ်ခဲ့ခြင်း

mgyoe.com

ဖြစ်သည်။

၁၉၇၂ ခုနှစ်တွင် ကျွန်တော်သည် ပထမဆုံး ရွှေဒင်္ဂါးကို ဟောင်ကောင်တွင် ဝယ်ယူသည်။ ၁၉၇၄ ခုနှစ်မတိုင်မီအထိ အမေရိကန်တစ်ယောက်အတွက် ရွှေပိုင်ဆိုင်ခွင့် မရှိသေးပေ။

သတင်းကောင်းတစ်ခုမှာ ယနေ့ထက်တိုင် ၁၉၆၅ ခုနှစ် မတိုင်မီ အကြွေစေ့များကို တစ်ဒေါ်လာဖြင့် ဝယ်နိုင်သေးခြင်းဖြစ်သည်။

ဒေါ်လာ ၂၀ ခန့်သုံးလျှင် တစ်ဒေါ်လာတန် ငွေဒင်္ဂါးအစစ် ဝယ်နိုင်သည်။ ဒေါ်လာ ၁၅၀၀ ခန့်သုံးလျှင် ရွှေဒင်္ဂါး အစစ်တစ်ပြား ဝယ်နိုင်သည်။

စာဖတ်သူသည် ယခုမှ စလုပ်မည့်သူဆိုလျှင် ရှားပါးဒင်္ဂါးများကို မစုဆောင်းစေချင်ပါ။ ယင်းမှာ ငွေကြေးပညာ အများအပြားလိုအပ်ပြီး အတွေ့အကြုံလည်း နှစ်ပေါင်းများစွာ လိုအပ်ပါသည်။

သတင်းကောင်းတစ်ခုမှာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ဘုရားသခင်၏ ပိုက်ဆံကို ပိုင်ဆိုင်ဖို့ အားထုတ်နိုင်ခြင်းဖြစ်သည်။

ကျွန်တော်လေးစားရသည့် ဂျိမ်းစ်ရစ်ကတ်က ရွှေသည် တစ်အောင်စလျှင် ဒေါ်လာတစ်သောင်းအထိ ဖြစ်သွားမည်ဟု ဟောကိန်းထုတ်ထားသည်။ အခြားသူများက တစ်အောင်စလျှင် ဒေါ်လာ ၄၀၀ အထိ ပြန်ကျသွားမည်ဟု ဟောကိန်းထုတ်ကြသည်။

ဘယ်သူ့ကို ယုံကြည်မလဲဆိုသည်မှာ စာဖတ်သူ၏အပေါ်တွင်သာ မူတည်ပါသည်။ ကျွန်တော်နှင့် မဆိုင်ပါ။ ကျွန်တော်ပြောခဲ့သလိုပင် ကျွန်တော်သည် ရွှေအစစ်၊ ငွေအစစ်တို့ကို ကျွန်တော်ပြထားသည့် အကြောင်းပြချက် ခုနှစ်ချက်ကြောင့် ဝယ်ယူပါသည်။

အခြားတစ်ဖက်တွင် အမေရိကန် ပိုက်ဆံများပေါ်မှ စာလုံးတို့ကိုကြည့်ပြီး ဘုရားသခင်အပေါ် ယုံကြည်နိုင်ပါသည်။ ယင်းမှာလည်း လူတိုင်းလုပ်နေသည့် ပုံစံဖြစ်သည်။

အပိုင်း(၂) နှင့် အပိုင်း(၃) တို့တွင် ကျွန်တော်သည် ဘာကြောင့် ပိုက်ဆံမလိုအပ်ရသလဲ၊ ဘယ်လိုနည်းဖြင့် ပိုက်ဆံ မလိုအပ်ရတာလဲ၊ ကျွန်တော် လိုအပ်သည်တို့ကို ဘာကြောင့် ဝယ်ယူနိုင်သလဲ၊ ဘယ်လိုနည်းဖြင့် ဝယ်ယူနိုင်သလဲ၊ ဘာကြောင့် နောက်ထပ် ရွှေနှင့်ငွေများကို ထပ်စုဆောင်းနေသလဲ၊ ဘယ်လိုစုဆောင်းသလဲဆိုသည့်

mgyoe.com

 mgyoe.com SAMPLE BOOK 

အကြောင်းများကို ရှင်းပြသွားမည်ဖြစ်သည်။

ယခုအချိန်တွင် ကျွန်တော့်အနေဖြင့် ရွှေနှင့်ငွေတို့ကို ဘာကြောင့် ဝယ်စုသလဲ၊ လူ့မလိုင်တို့က "ဘုရားသခင်ကို ကျွန်ုပ်တို့ယုံကြည်သည်"ဟု ပြောလာချိန်တွင် ကျွန်တော် ဘာကြောင့် မယုံကြည်ရသလဲ ဆိုသည်တို့ကို နားလည်ရန် အရေးကြီးပါသည်။

## မေးခွန်းများနှင့် ရောဘတ်၏အဖြေ

မေး – အစိတ်အပိုင်း ၁၀၀၀ ပါတဲ့ အရုပ်ဆက် ပဟေဠိတစ်ခုကို ဂရန့်ချ် ပဟေဠိလို့ ခေါ်နိုင်ပါသလား။

စကော့ ဂျေ - အမေရိကန်ပြည်ထောင်စု

ဖြေ – အစိတ်အပိုင်း ၁၀၀၀ ပါတဲ့ အရုပ်ဆက်ပဟေဠိတစ်ခုကို ခင်ဗျား ကြိုက်သလို ခေါ်နိုင်ပါတယ်။ ကျွန်တော်က ပိုက်ဆံကို အစိတ်အပိုင်း ၁၀၀၀ ပါတဲ့ အရုပ်ဆက်ပဟေဠိတစ်ခုလို့ ပြောရတာက ခင်ဗျားကို ပိုက်ဆံအကြောင်း လေ့လာတဲ့ ကျောင်းသားတစ်ယောက် ဖြစ်လာချင်အောင် တိုက်တွန်းချင်လို့ပါ။ ကိုယ့်ပိုက်ဆံ၊ ကိုယ့်ဘဝနဲ့ပတ်သက်တဲ့ ကိုယ်ပိုင်ငွေကြေးပဟေဠိတစ်ခုကို ကိုယ်တိုင် လေ့လာပြီး ကိုယ်တိုင်အဖြေထုတ်စေချင်လို့ပါ။

လက်တွေ့ဘဝက ကျောင်းတက်ရတဲ့ ဘဝနဲ့ မတူပါဘူး။ လက်တွေ့ဘဝမှာ အဖြေတွေကို အလွတ်ကျက်၊ စာမေးပွဲဖြေ၊ အောင်တယ်ကျတယ်ဆိုတာ မရှိဘူး။ လက်တွေ့ဘဝက ဘဝတစ်လျှောက်လုံး လေ့လာသင်ယူရတဲ့ ဘဝပဲ။ အဖြေမှန်ဆိုတာလည်း မရှိဘူး။

အမှန်တကယ် လေ့လာသင်ယူနေချိန်မှာ ခင်ဗျားက ခင်ဗျားတစ်ဘဝလုံး လေ့လာသင်ယူသွားရမှာ။ ကျူရှင်တက်ဖို့ အထူးပြုဆရာဆိုတာလည်း မရှိဘူး။ လက်တွေ့ဘဝမှာ အရာရာဟာ ကိုယ့်ဆရာပါပဲ။ လက်တွေ့ဘဝမှာ တစ်ခုတည်းသော အဖြေမှန်ဆိုတာ မရှိဘူး။ အခြေအနေတစ်ခုမှာ မှန်ကန်တဲ့ အဖြေဟာ တခြားအခြေအနေ တစ်ခုမှာ မှားသွားပါလိမ့်မယ်။ လက်တွေ့ဘဝမှာ အရာရာတိုင်းကနေ သင်ယူရတယ်။ အောက်မြင်မှုကနေ သင်ယူရသလို အထူးသဖြင့် ရှုံးနိမ့်မှုကနေလည်း သင်ယူရတယ်။ လက်တွေ့ဘဝမှာ ဆရာ

mgyoe.com

တစ်ယောက်နောက်ကို တောက်လျှောက်လိုက်တယ်၊ သဘောတရားတစ်ခုကိုပဲ ယုံကြည်တယ်၊ ပြီးတော့ "ငါမှန်တယ် မင်းမှားတယ်" ဆိုတဲ့ လောကထဲမှာ နေတယ်ဆိုရင် အမှားကြီးမှားတာပါပဲ။

ပါရဂူဘွဲ့ရထားသူတစ်ယောက်ဖြစ်ပါစေ၊ စီအီးအိုတစ်ယောက်ဖြစ်ပါစေ၊ သူဌေးတစ်ယောက်ဖြစ်ပါစေ တစ်ယောက်တည်းကိုပဲ ပစ်ပြီး ယုံလိုက်ရင် အင်မတန် ရူးမိုက်ရာ ကျပါတယ်။ တကယ့်ကျောင်းသားဟာ အရာရာတိုင်းကနေ သင်ယူသလို လူတိုင်းဆီကနေ သင်ယူပါတယ်။ ဘဝကိုယ်တိုင်ကိုက ကိုယ့်ဆရာ ဖြစ်နေပြီးတော့ ကိုယ်ကိုယ်တိုင်ကလည်း တောက်လျှောက် လေ့လာသင်ယူနေရသူ ဖြစ်ပါတယ်။

ကျွန်တော့်ဆန္ဒကတော့ ဒီစာအုပ်ကို ဖတ်ပြီးသွားချိန်မှာ စာဖတ်သူတစ်ယောက်ချင်းစီဟာ သူတို့ရဲ့ ကိုယ်ပိုင်ပိုက်ဆံ ပဟေဠိတွေအတွက် အစိတ်အပိုင်းတွေကို စတင် ရှာဖွေကြစေချင်တာပါပဲ။

အဲဒါကို ခင်ဗျားအနေနဲ့ ဂရန့်ချ်ီ ပဟေဠိလို့ ခေါ်လည်း ရသလို "ကိုယ့်ဘဝရဲ့ ပဟေဠိ" လို့ ခေါ်ရင်လည်း ရပါတယ်။

မေး – ပညာတတ် လူ့မလိုင်တွေဟာ ဆင့်ပွားပိုင်ဆိုင်မှုတွေ ဖန်တီးပြီး ကမ္ဘာကြီးကို (တရားဝင်) ချွတ်ခြုံကျအောင်လုပ်ဖို့ ဘာကြောင့် အသင်ခံခဲ့ကြရတာလဲ။ ပြီးတော့ လူ့မလိုင်တွေဟာ ရုပ်သေးရုပ်တွေဆိုရင် ရုပ်သေးကြိုးဆွဲသူကရော ဘယ်သူလဲ။

ဂျက်ဆင် ဂျီ - အမေရိကန်ပြည်ထောင်စု

ဖြေ – အရမ်းကောင်းတဲ့ မေးခွန်းပါ။ ကျွန်တော်တို့ အမှန်ကို ဘယ်တော့မှ မသိနိုင်တဲ့ မေးခွန်းတစ်ခုပါပဲ။ တကယ့်အဖြေကတော့ လူတွေဟာ ပိုက်ဆံနဲ့ ပတ်သက်ပြီး လိမ်နေကြတာပါ။ လူများစုဟာ သူတို့ကိုယ်သူတို့၊ ဒါမှမဟုတ် တခြားသူတွေအပေါ် မရိုးသားကြဘူး။ ပြီးတော့ "ငါက ပိုက်ဆံကို စိတ်မဝင်စားဘူး" လို့ ပြောကြလိမ့်မယ်။ သူတို့ရဲ့ဆန္ဒတွေကို နက်နက်ရှိုင်းရှိုင်း ကြည့်လိုက်ရင် များသောအားဖြင့် ပိုက်ဆံရလိုတဲ့ဆန္ဒ ပြင်းပြနေကြတာ တွေ့ရလိမ့်မယ်။ လူများစုအတွက် ပိုက်ဆံက သူတို့ရဲ့စိတ်၊ ကိုယ်ခန္ဓာနဲ့ဝိညာဉ်တွေကို ဆွဲညှစ်ထားတယ်။ ဒီနေ့ခေတ်ရဲ့အမှန်တရားက ပိုက်ဆံဟာ ရှင်သန်မှုပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း

mgyoe.com

 mgyoe.com SAMPLE BOOK 

ထောင်ကျော်ကဆိုရင် ရှင်သန်ဖို့ ပိုက်ဆံမလိုအပ်ဘူး။ မုဆိုးတွေက အမဲလိုက်ပြီး စားစရာရှာတယ်။ ဟင်းသီးဟင်းရွက် ခူးတဲ့သူက ခူးတယ်။ ဒါက သူတို့ ရှင်သန်ဖို့ပဲ။ ဂူထဲမှာနေမယ်၊ တဲထိုးနေမယ်။ အိမ်ငှားခပေးစရာမလိုဘူး။ သူတို့ လမ်းလျှောက်မယ်၊ တိရစ္ဆာန်တွေကျောင်းမယ် ကားပါကင်ကြေးပေးဖို့ မလိုသလို ဆီဖိုးမကုန်ဘူး။

ဒီနေ့ခေတ်လူတွေကတော့ အစားအသောက်၊ နေထိုင်ဖို့၊ သွားလာဖို့၊ ပညာသင်ဖို့နဲ့ ရှင်သန်ဖို့ ပိုက်ဆံကို လိုအပ်တယ်။ ပိုက်ဆံက ရှင်သန်ဖို့အတွက် မရှိမဖြစ် အရေးကြီးတယ်။ ဒါပေမဲ့ ပိုက်ဆံနဲ့ပတ်သက်လို့ အမှန်ကို မပြောကြဘဲ လိမ်ပြောနေကြတယ်။ ဘာ့ကြောင့်လဲ။ ဘာကြောင့်လဲဆိုတော့ ဖြစ်စဉ်အများစုမှာ သူတို့ ကိုယ်တိုင် အမှန်တရားကို မကိုင်တွယ်နိုင်လို့ပဲပေါ့။

ဒါကြောင့် လူတွေက သူတို့ မုန်းတဲ့ အလုပ်ကိုသွားလုပ်နေကြပြီး "ငါက ပိုက်ဆံကို စိတ်မဝင်စားဘူး" လို့ ပြောကြတယ်။

သူဌေးတွေဆီကို ပိုက်ဆံရဖို့ သွားနေကြပြီး "ငါက ပိုက်ဆံကို စိတ်မဝင်စားဘူး" လို့ ပြောကြလိမ့်မယ်။

သန်းနဲ့ချီတဲ့ ဒေါ်လာရဖို့ ထိသွားထိုးကြပြီး "ငါက ပိုက်ဆံကို စိတ်မဝင်စားဘူး" လို့ ပြောကြလိမ့်မယ်။

ပိုက်ဆံအတွက် တရားရုံးမှာ တရားစွဲနေကြပြီး "ငါက ပိုက်ဆံကို စိတ်မဝင်စားဘူး"လို့ ပြောကြလိမ့်မယ်။

ပိုက်ဆံအတွက် တစ်စုံတစ်ယောက်ကို လက်ထပ်ပြီး "ငါက ပိုက်ဆံကို စိတ်မဝင်စားဘူး" လို့ ပြောကြလိမ့်မယ်။

သားသမီးတွေကို ပညာသင်ဖို့မဟုတ်ဘဲ လခကောင်းကောင်းရတဲ့ အလုပ်ရစေဖို့ ကျောင်းမှာ အဆင့်ကောင်းကောင်း ရစေချင်ကြရင်း "ငါက ပိုက်ဆံကို စိတ်မဝင်စားဘူး"လို့ ပြောကြလိမ့်မယ်။

ဒါဆို ပညာတတ် လူ့မလိုင်တွေက ကမ္ဘာကို ဘာလို့ ချွတ်ခြုံကျအောင် လုပ်နေကြတာလဲ။ အကြောင်းကတော့ ပညာတတ်တွေက ပိုက်ဆံလိုအပ်တယ်ဆိုတာကို သူတို့ကိုယ်သူတို့ မရိုးသားကြဘူး။ လူများစုကလည်း ပိုက်ဆံနဲ့ပတ်သက်ရင် မရိုးသားတာကြောင့် ပညာတတ်တွေက ဒီလိုပဲ လွတ်မြောက်နေကြတယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

မေး – အမေရိကန်ဒေါ်လာရဲ့ ဝယ်ယူနိုင်စွမ်းက ဆက်တိုက်ကျဆင်းလာနေတာ တောင်မှ အများပြည်သူတွေက ဘယ်လောက်ကြာကြာ ဆက်ပြီး လက်ခံထားမယ်လို့ ထင်ပါသလဲ။ ပြီးတော့ အမေရိကန်ဒေါ်လာရဲ့ တန်ဖိုးအစစ်အမှန်ကို လူတွေ မေးခွန်းထုတ်လာကြဖို့ အချိန် ဘယ်လောက်လောက် ယူရမလဲ။

လက်တီးရှား ဂျေ - ခရိုအေးရှား

ဖြေ – တကယ်တမ်း ဘယ်သူမှ မသိနိုင်ပါဘူး။ ကျွန်တော် ယုံကြည်ပြီး ကြိုတင်ပြင်ဆင်ထားတာက ရွှေအစစ် ငွေအစစ်တွေကို ဝယ်ထားပြီးတော့ ဘဏ်စနစ်ပြင်ပမှာ သိမ်းဆည်းထားတာပါပဲ။

မေး – ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ လူ့မလိုင်တွေ လက်ထဲကနေ ဘယ်လိုကယ်ထုတ်နိုင်မလဲ။ မျှော်လင့်ချက် ဒါမှမဟုတ် အကာအကွယ်တစ်ခုခုများ ရှိလား။

တီဂျေ ဘီ - ဗြိတိန်

ဖြေ – လူ့မလိုင်တွေ လက်ထဲကနေ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းကတော့ ရွှေအစစ် ငွေအစစ်တွေ ဝယ်စုထားတာပါပဲ။ လူ့မလိုင်တွေက လူလုပ်ပစ္စည်းမှန်သမျှကို ထိန်းချုပ်နိုင်ပါတယ်။ ဘုရားသခင်ရဲ့ ပိုက်ဆံတွေကိုတော့ လူ့မလိုင်တွေ ထိန်းချုပ်ဖို့၊ ကြိုးကိုင်ဖို့၊ ဖျက်ဆီးဖို့ ပိုပြီး ခက်ခဲပါတယ်။ ရွှေနဲ့ငွေဟာ လူ့မလိုင်တွေရော၊ ခင်ဗျားရော၊ ကျွန်တော်ရော မရှိတော့တဲ့အချိန်မှာလည်း ဆက်ရှိနေကြမှာပါ။

မေး – ပိုက်ဆံအတုတွေကို လူတွေအနေနဲ့ အကျိုးရှိအောင် ဘယ်လို အသုံးချနိုင်လဲ။

လင်ကွန်း တီ - အမေရိကန်ပြည်ထောင်စု

ဖြေ – ကျွန်တော်က ပိုက်ဆံအတုဖြစ်တဲ့ ရှယ်ယာတွေ ဖန်တီးဖို့ အကြွေးကို အသုံးချပါတယ်။ ပိုက်ဆံအတုတွေနဲ့ ကျွန်တော်ဟာ ပိုက်ဆံအတုတွေ ထုတ်လုပ်ပေးနိုင်တဲ့ ရရန်ပိုင်ခွင့်တွေ ပိုင်ဆိုင်လာပါတယ်။ ပိုက်ဆံအတုတွေကို ပိုက်ဆံအစစ်ဖြစ်တဲ့၊ ဘုရားသခင်ရဲ့ ပိုက်ဆံဖြစ်တဲ့ ရွှေနဲ့ငွေ ဝယ်ဖို့ ကျွန်တော် သုံးပါတယ်။ ဒီလိုလုပ်ဖို့ဆိုရင် တကယ့်ငွေကြေးပညာတတ်ထားဖို့ လိုတယ်ဆိုတာကို ကျေးဇူးပြုပြီးတော့ နားလည်ပေးပါ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၄)

# ပိုက်ဆံအတုများ ရိုက်ထုတ်ခြင်း

သမိုင်းသည် သူ့ဘာသာသူ တစ်ပတ်လည်သည်

ပိုက်ဆံအတုများ ရိုက်ထုတ်ခြင်းသည် ယခုမှမဟုတ်။

ရှေးဘဏ်စနစ်ရော ခေတ်သစ် ဘဏ်စနစ်ပါ ပိုက်ဆံအတုများ ရိုက်ထုတ်ခြင်းအပေါ်တွင် တည်ဆောက်ထားကြသည်။ ပိုက်ဆံအတု ရိုက်ထုတ်ခြင်းသည် ဘဏ်တို့၏ ပိုက်ဆံရှာသည့် နည်းလမ်းပင်။

ဘဏ်တို့ ပိုက်ဆံအများအပြား ထုတ်လုပ်ရသည့်အကြောင်းရင်းမှာ နှစ်ပေါင်းထောင်နှင့်ချီ၍ ဘဏ်စနစ်ကို ပိုက်ဆံထုတ်ခွင့် လိုင်စင်ပေးထားခြင်းကြောင့်ဖြစ်သည်။

ပိုက်ဆံ ထုတ်ခွင့်ရှိသည့် အဖွဲ့အစည်းမှာ ဘဏ်တစ်ခုတည်းမဟုတ်။ စတော့ဈေးကွက်၊ ငွေတိုက်စာချုပ်ဈေးကွက်၊ အိမ်ခြံမြေဈေးကွက်၊ ဆင့်ပွားငွေကြေးဈေးကွက်နှင့် အခြားဈေးကွက်များတွင်လည်း ပိုက်ဆံထုတ်ခွင့်လိုင်စင် ရှိထားကြသည်။

ပိုက်ဆံတု လုပ်သူတို့သည် တကယ့် ပိုက်ဆံတုများကို ရိုက်နှိပ်ကြခြင်းသာ။

စာဖတ်သူလည်း ပိုက်ဆံရိုက်ထုတ်နိုင်သည်။ လိုင်စင်ရှိစရာ မလိုပေ။

mgyoe.com

**သင်ခန်းစာ**

ပိုက်ဆံအတုအတွက် အလုပ်လုပ်သူတို့သည် ပိုက်ဆံအတု ရိုက်ထုတ်သူတို့အတွက် အလုပ်လုပ်ပေးနေခြင်း ဖြစ်သည်။

**ပညာရေးပြဿနာ**

ပိုမိုကြီးမားသော ပြဿနာမှာ ကျွန်တော်တို့၏ ကျောင်းများသည် ကျောင်းသားများကို ရိုက်ထုတ်ထားသော ပိုက်ဆံများအကြောင်း သင်မပေးခြင်းဖြစ်သည်။ ထိုသို့သင်ပေးရမည့်အစား ပညာရေးစနစ်ထဲမှ ဆရာဆရာမတို့သည် ကျောင်းသားများကို ပိုက်ဆံရိုက်ထုတ်နေသူများအတွက် အလုပ်လုပ်ပေးဖို့ သင်ပေးလိုက်သည်။ ထိုအချက်မှာ ကျွန်တော်တို့ ယနေ့ ရင်ဆိုင်နေရသည့် ငွေကြေးအကျပ်အတည်းများ၏ နောက်ကွယ်မှ အရာဖြစ်သည်။

၁၉၇၁ ခုနှစ်၊ ဩဂုတ် ၁၅ ရက် တွင် ကမ္ဘာ့သမိုင်း၌ အကြီးမားဆုံး ပိုက်ဆံရိုက်ထုတ်ပွဲကြီး စတင်သည်။ ထိုနေ့တွင် သမ္မတ ရစ်ချတ်နစ်ဆင်က အမေရိကန်ဒေါ်လာကို ရွှေနှင့် နှီးနှောင်ထားအသေ သတ်မှတ်ပြီး လဲလှယ်တော့မည်မဟုတ်ကြောင်း ကြေညာသည်။

ကျွန်တော် ရန်သူ့နယ်မြေထဲသွားပြီး ရွှေရှာသည့် ၁၉၇၂ ခုနှစ်တွင် ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် ဘာလုပ်၍လုပ်မှန်းမသိ။ ဘာလုပ်မှန်းမသိ၊ ဘာကြောင့်လုပ်မှန်းမသိ။ "သတိထားတော့ ကမ္ဘာကြီး ပြောင်းလဲတော့မယ်" ဆိုသည့် ချမ်းသာသောဖေဖေ၏ သတိပေးချက်မှာ ဘာအဓိပ္ပာယ်လဲဆိုသည်ကို သိလိုစိတ်ပြင်းပြနေခြင်းသာရှိသည်။

နောက်ကြောင်းပြန်ကြည့်လျှင် ကျွန်တော်သည် ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံး ငွေကြေးလိမ်လည်မှုကြီး၏ အစကို အမှတ်မထင် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရခြင်းဖြစ်ကြောင်း သဘောပေါက်လာသည်။

**ပိုက်ဆံရိုက်ထုတ်သည့် ရာစုနှစ်များ**

မှတ်မိစေရန် – ပိုက်ဆံရိုက်ထုတ်ခြင်းသည် ယခုမှမဟုတ်။

ပိုက်ဆံရိုက်ထုတ်သော လုပ်ငန်းအများစုသည် နိုင်ငံငယ်များ၏ သေးငယ်ပြီး သီးခြားဆန်သော၊ အကန့်အသတ်ရှိသော လုပ်ငန်းများဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ငွေကြေး မောင်ပိုင်စီးသူ အနည်းငယ်သည် ဘီလူးကြီးများဖြစ်ကြပြီး ကမ္ဘာကို အပြောင်းအလဲဖြစ်စေသည်။ ဘီလူးအချို့မှာ –

၁။ တရုတ်တို့သည် အေဒီ ၆၁၈ ခုနှစ်တွင် ပထမဆုံး စက္ကူပိုက်ဆံတို့ကို ရိုက်နှိပ်သည်။ မာကိုပိုလိုသည် သူ့ခရီးစဉ်အတွင်း တရုတ်ငွေစက္ကူများကို သတိပြုမိခဲ့ပြီးနောက် ပိုက်ဆံရိုက်ထုတ်ခြင်း အလေ့အထသည် ဥရောပသို့ တဖြည်းဖြည်း ပျံ့လာသည်။

၂။ ရောမအင်ပါယာသည် ခရီးဝေးစစ်ပွဲကြီးများ ဆင်နွှဲပြီးနောက် ကြွေးမြီမြင့်တက်မှုနှင့် ရင်ဆိုင်လာရချိန်တွင် ရွှေဒင်္ဂါး ငွေဒင်္ဂါးများကို နီကယ်၊ သံဖြူ စသည့် သတ္တုများ ရောစပ်ပြီး အဆင့်လျှော့လိုက်သည်။

၃။ အမေရိကန် ကိုလိုနီတို့သည် တော်လှန်ရေးစစ်ပွဲအတွက် ပိုက်ဆံအတုများ ရိုက်ထုတ်ကြသလို ပြည်တွင်းစစ်အတွင်း တောင်ပိုင်းတွင် ကွန်ဖက်ဒရိတ်ဒေါ်လာများကို စစ်တိုက်ရန် ရိုက်ထုတ်ကြသည်။

၄။ ဂျာမနီသည် ၁၉၂၀ ပြည့်လွန်နှစ်များတွင် ထရီလီယံနှင့်ချီသော ပိုက်ဆံအတုများကို ရိုက်ထုတ်ခဲ့သည်။ ပိုက်ဆံအတုများ ရိုက်ထုတ်ခြင်းသည် အဒေါ့ဖ်ဟစ်တလာကို ပေါ်ထွက်လာစေပြီး ဒုတိယကမ္ဘာစစ်ကို ဦးတည်သွားစေသလို သန်းနှင့်ချီသော ဂျူးတို့နှင့် အခြားအပြစ်မဲ့သူများ နှိပ်စက်သတ်ဖြတ်ခံခဲ့ကြရသည်။

၅။ ဇင်ဘာဘွေသည် တစ်ချိန်က အာဖရိက၏ စပါးကျီဖြစ်ခဲ့ရာမှ ၂၀၀၀ ပြည့်လွန်နှစ်များအတွင်း ခေါင်းဆောင်များက ပိုက်ဆံများ စတင်ရိုက်ထုတ်ပြီးနောက် အာဖရိက၏ တောင်းအလွတ်ကြီး ဖြစ်သွားသည်။

၆။ ဗင်နီဇွဲလားသည် ကမ္ဘာပေါ်တွင် ရေနံအကြွယ်ဝဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ဒေဝါလီနှင့် တော်လှန်ရေး ချောက်ကမ်းပါးစွန်းပေါ် ရောက်ခဲ့သည့်တိုင် ပိုက်ဆံအတုများ ဆက်လက် ရိုက်ထုတ်နေဆဲဖြစ်သည်။

**သင်ခန်းစာ**

ဥပမာတိုင်းလိုလိုတွင် သူဌေးများ ပိုချမ်းသာသွားကြပြီး ကျန်သူများအားလုံး ဆုံးရှုံးကြရသည်။

mgyoe.com

**သင်ခန်းစာ**

ပိုက်ဆံအတုများ ရိုက်ထုတ်ခြင်းသည် ဂုဏ်သရေရှိစွာ အဆုံးသတ်ခြင်းမျိုး မရှိ။

**သင်ခန်းစာ - ကတိစကား**

၁၉၄၄ ခုနှစ် နယူးဟမ့်ရှိုင်းယားရှိ ဘရက်တန်ဝုဒ်၌ ကျင်းပသော နိုင်ငံ ၄၄ နိုင်ငံ ကွန်ဖရင့်တစ်ခုတွင် အမေရိကန်ဒေါ်လာသည် ကမ္ဘာ့အရန်ငွေဖြစ်လာသည်။ ထိုနှစ်တွင် အမေရိကန်ပြည်ထောင်စုသည် ဘရက်တန်ဝုဒ် သဘောတူညီချက်၌ အမေရိကန်ဒေါ်လာကို ရွှေပေါင်ထားမည်ဟု ကတိပေးခဲ့သည်။ ထိုကတိစကား ကြောင့်လည်း အမေရိကန်ဒေါ်လာသည် ပထမဆုံးသော ကမ္ဘာ့ငွေကြေးဖြစ်လာသည်။ ထိုအဆင့်သည် ကမ္ဘာလုံးဆိုင်ရာ ငွေကြေး မောင်ပိုင်စီးမှုကြီးဖြစ်သည့် ပိုက်ဆံများ ရိုက်ထုတ်ခြင်း၏ စတင်မွေးဖွားရာဖြစ်လေသည်။

**သင်ခန်းစာ - ရန်သူနှင့် ကုန်သွယ်ခြင်း**

၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ရန်သူဟောင်းများဖြစ်သော ဂျာမနီနှင့် ဂျပန်တို့သည် အမေရိကန် ပြည်ထောင်စုအတွင်း ဖောက်ဝက်ဂွန်နှင့် တိုယိုတာကားများ စတင်ရောင်းချလာကြသည်။ သွင်းကုန်များများ တင်သွင်းလေလေ၊ အမေရိကန် ပြည်ထောင်စုထဲမှ ရွှေများ ထွက်သွားလေလေ ဖြစ်သည်။

**သင်ခန်းစာ - ကတိဖျက်ခြင်း ,**

၁၉၇၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသည် ၁၉၄၄ ခုနှစ်တွင် ပေးထားသည့်ကတိကို ဖျက်လိုက်သည်။ ဒေါ်လာကို ရွှေပေါင်နုတ်ရခြင်းအတွက် ရစ်ချတ်နစ်ဆင်၏ အကြောင်းပြချက်မှာ တိုင်းပြည်ထဲမှ ရွှေများထွက်နေခြင်းကို ရပ်တန့်ဖို့ဟု ဆိုသည်။ နစ်ဆင် လိမ်ပြောခဲ့ခြင်းဖြစ်ကြောင်း သမိုင်းက သက်သေပြခဲ့ပြီး မလည်ရှုပ် ဆိုသည့် နာမည်ပြောင် ရသွားခဲ့သည်။ သူသည် သူ့ကတိစကားကို ဘာကြောင့် ဖျက်ခဲ့ရသလဲဆိုသည့်အပေါ် လိမ်လည်ခဲ့ခြင်း ဖြစ်သည်။

အကယ်၍ နစ်ဆင်သည် ဒေါ်လာကို ရွှေပေါင်ဆက်ထားလျှင် ရွှေစံနှုန်းသည် အမေရိကမှ ရွှေများ ပြည်ပသို့ထွက်နေသည့် ပြဿနာကို ဖြေရှင်းပြီးသား ဖြစ်သွား

mgyoe.com

 mgyoe.com SAMPLE BOOK 

လိမ့်မည်။ အမေရိကန်ပြည်ထောင်စုသည် ပို့ကုန်ထက် သွင်းကုန် ပိုများနေခြင်း၏ ပြစ်ဒဏ်ကို ခံစားရခြင်းဖြစ်သည်။ သို့ဆိုလျှင် အမေရိကန်တို့သည် ပိုကောင်းသော ပစ္စည်းတို့ကို ပိုကောင်းသော ဈေးနှုန်းတို့ဖြင့် ထုတ်လုပ်ကြလိမ့်မည် (ယင်းကို အရင်းရှင်ဝါဒဟုခေါ်သည်)။ ထို့နောက် ရွှေများသည် အမေရိကသို့ ပြန်ဝင်လာကြလိမ့်မည်။

ထိုသို့ဖြစ်ရမည့်အစား ပညာတတ် လူ့မလိုင်တို့သည် အရင်းရှင်ဝါဒကို သတ်ပစ်လိုက်သည်။ စက်ရုံများပိတ်သွားပြီး အလုပ်များသည် အမေရိကကိုစွန့်ခွာ၍ လုပ်ခလစာနည်းသော နိုင်ငံများသို့ ရောက်သွားသည်။

ရွှေစံနှုန်း ပျက်သွားပြီဖြစ်၍ အမေရိကန် လူ့မလိုင်တို့သည် ပိုက်ဆံရိုက်ထုတ်နိုင်ကြပေပြီ။ ကမ္ဘာကို လိမ်လည်ခြင်း ဖြင့် သူတို့ကိုယ်သူတို့ ပိုမိုချမ်းသာလာစေသည်။ ဘက်ကီဖူလာ၏စကားဖြင့်ပြောရလျှင် ဂရန့်ချ် (Grunch - Gross Universal Acsh Heist)ဟု ခေါ်သည့် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးမောင်ပိုင်စီးမှုကြီးပင် ဖြစ်တော့သည်။

**သင်ခန်းစာ - ဒေါ်လာသည် ကြွေးမြီဖြစ်လာသည်**

၁၉၇၁ ခုနှစ်တွင် အမေရိကန် အခွန်ထမ်းတို့ထံမှရသည့် အပေါင်စာရွက်အဖြစ် ပြောင်းလဲသွားသည်။ အမေရိကန်ပြည်ထောင်စုသည် ဗောက်ဝက်ဂွန်နှင့် တိုယိုတာတို့အား အပေါင်စာရွက်များဖြင့် ပေးချေသည်။

**သင်ခန်းစာ**

နစ်ဆင်သည် ရွှေပေါင်နုတ်ခြင်းမှာ ယာယီသာဖြစ်စေရမည်ဟု ကတိပေးခဲ့သည်။

**သင်ခန်းစာ**

နစ်ဆင်သည် ဝါးတားဂိတ်ပြဿနာကြောင့် စွပ်စွဲပြစ်တင်မခံရခင် နုတ်ထွက်သွားသည်။ ဒေါ်လာကို ရွှေပေါင် ပြန်ထားပေးမည်ဆိုသည့် ကတိကို မတည်ခဲ့။

ကမ္ဘာ့အကြီးဆုံး ပိုက်ဆံရိုက်ထုတ်သည့် လုပ်ငန်းစဉ်ကြီး ဆက်လက်ရှင်သန်ကာ ယနေ့တိုင် လည်ပတ်နေလေသည်။ သူဌေးများ အလွန့်အလွန် ချမ်းသာလာကြပြီး ဆင်းရဲသားများနှင့် လူလတ်တန်းစားများ ဒုက္ခတွေ့ကြရတော့သည်။

စတီဗင်ဘာရေးလ် ရေးထားသလိုပင်။

mgyoe.com

mgyoe.com SAMPLE BOOK


မကြာသေးခင်အချိန်က စပြီးတော့ ဘယ်နိုင်ငံရေးပါတီကို အားပေးတဲ့ အမေရိကန်နိုင်ငံသားမဆို တူညီတဲ့မေးခွန်းတစ်ခုကို တူညီတဲ့ပုံစံနဲ့ မေးလာကြရပါတယ်။ အဲဒါကတော့ ငါတို့ ဒီလိုအခြေအနေကို ဘယ်လို ရောက်သွားတာလဲ။ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနဲ့ စီးပွားရေးနိုင်ငံကြီးဟာ လမ်းတွေ ပျက်နေတဲ့နိုင်ငံ၊ ဝင်ငွေမညီမျှမှုတွေ ခုန်ပေါက်နေတဲ့နိုင်ငံ၊ ခါးသီးစရာ သဘောထားကွဲလွဲတဲ့နိုင်ငံ၊ အလုပ်မဖြစ်တဲ့ အစိုးရရှိတဲ့နိုင်ငံ ဘယ်လိုဖြစ်သွားတာလဲ။ အဲဒီမေးခွန်းရဲ့အဖြေကို ရှာဖွေဖို့ ကျွန်တော်ပြီးခဲ့တဲ့ နှစ်နှစ်လုံးလုံး ကြိုးစားခဲ့ပါတယ်။ ကျွန်တော်တွေ့လာတာကတော့ အဖန်တလဲလဲဖြစ်နေတဲ့ လှည့်ကွက်တွေပါပဲ။ လွန်ခဲ့တဲ့ ဆယ်စုနှစ် ငါးခုလောက်က အမေရိကကို ကြီးမြတ်စေခဲ့တဲ့ ပင်မတန်ဖိုးထားမှုတွေဟာ အမေရိကကို စတင်ဆွဲချခဲ့တာပါ။

ကျွန်တော်တို့သင်တန်းတွင် ဒေါက်တာဖူလာက ထိုအကြောင်း သတိပေးသည်။ ကျွန်တော်သူ့ထံမှ လေ့လာဆည်းပူးစဉ်ကာလအတွင်း သုံးကြိမ်တိုင်တိုင်ပြောသည်။ ၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ပိုက်ဆံချမ်းသာသော လူအိုကြီးများသည် လူ့လတ်တန်းစားများနှင့် ဆင်းရဲသားများထဲမှ အလွန့်အလွန်တော်သော ကျောင်းသားများကို လူ့မလိုင်အဆင့်မြင့်ပညာရေးသို့ ဝင်နိုင်ရန် စတင်တံခါးဖွင့်ပေးခဲ့သည်ဟု သူကဆိုသည်။ အဆိုပါ ဘေဘီဘွန်းမျိုးဆက် လူ့မလိုင်လေးများသည် ဂရန့်ချ်ဟုခေါ်သည့် ကြိုးဆွဲသူများ၏ ရုပ်သေးရုပ်များ ဖြစ်လာကြတော့သည်။

ဘရေးလ်သည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ရွေးချယ်ခံခဲ့ရသည့် အလွန့်အလွန် ထူးချွန်သော လူလတ်တန်းစား ကျောင်းသားတစ်ယောက်ပင်။

အခြားသူများတွင် သမ္မတဘားရတ်အိုဘားမား၊ ဝီလျံကလင်တန်၊ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၊ ဗဟိုဘဏ်ဥက္ကဋ္ဌ ဘင်ဘာနန်ကေး၊ ဗဟိုဘဏ် အမျိုးသမီးဥက္ကဋ္ဌ ဂျဲနက်ယဲလန်တို့ ပါဝင်သည်။

ဘက်ကီဖူလာသည် အမေရိကန် လူဖြူ သူကောင်းမျိုးထဲမှဖြစ်ပြီး အမွေဖြင့် ချမ်းသာလာသူဖြစ်သည်။ စတုတ္ထမျိုးဆက် မီလ်တန်အကယ်ဒမီဆင်း ဖြစ်သလို စတုတ္ထမျိုးဆက် ဟားဗတ်ကျောင်းဆင်းလည်းဖြစ်သည်။ ဟားဗတ်မှ ဘွဲ့တော့မရခဲ့ပေ။

သမ္မတ ဂျွန် ကနေဒီ၊ ဂျော့ဘုရှ်၊ ဂျော့ အိပ်ချ်ဒဗလျူ ဘုရှ်နှင့် အထက်လွှတ်တော်အမတ် မစ် ရွမ်မနီတို့အားလုံးသည် ဟားဗတ်ဆင်း၊ ယေးလ်ဆင်းများ ဖြစ်ကြ

mgyoe.com

သည်။ သူတို့အားလုံး အမေရိကန် လူဖြူသူကောင်းမျိုးမှ ဆင်းသက်လာကြပြီး အမွေဆက်ခံချမ်းသာကြသူများဖြစ်သည်။

**အလုပ်ကြိုးစား**

သူနှင့် တန်းတူရည်တူ လူလတ်တန်းစားနှင့် ဆင်းရဲသားမိသားစုများမှ ပညာတတ်လူ့မလိုင်ကျောင်းသား ဖြစ်လာသူတို့သည် ဆက်ခံစရာအမွေမရှိကြောင်း စတီဗင်ဘရေးလ် နားလည်သဘောပေါက်သည်။ ထို့ကြောင့် ပညာတတ် လူ့မလိုင် ကျောင်းသားများ လုပ်လေ့ရှိသည့်အတိုင်း အံကြိတ်ကာ ဖွဲနပဲဖြင့် ကြိုးစားပြီး ထိုအချက်ကသည်ပင်လျှင် သူတို့ကို ချမ်းသာစေခဲ့သည်။ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် ဖွဲလုံ့လတို့သည် သူတို့ကို ဝေါစထရီ၊ အမေရိက ကော်ပိုရိတ်ကြီးများနှင့် ဥပဒေအကျိုးဆောင်လုပ်ငန်းများသို့ တိုးဝင်နိုင်စေခဲ့သည်။

ဘရေးလ် နားလည်သဘောပေါက်သွားသည်မှာ လူလတ်တန်းစားနှင့် ဆင်းရဲသားမိသားစုများမှ ပညာတတ် လူ့မလိုင်ဖြစ်လာသူတို့သည် အမေရိကန် လူလတ်တန်းစားနှင့် ဆင်းရဲသားလူတန်းစားတို့၏ စီးပွားရေးကို ဖျက်ဆီးနေသည့်အချက်ပင်။ သူက

သူကောင်းမျိုးတွေက အမေရိက ကော်ပိုရိတ်လုပ်ငန်းကြီးတွေထဲ ဝင်လာပြီး လုပ်ခနိမ့်နိုင်ငံတွေနဲ့ ယှဉ်ပြိုင်ရမယ့်အစား အလုပ်တွေကို ပြည်ပကို ပို့လိုက်ကြတယ်။ ရှေ့နေတွေက ဥပဒေအကျိုးဆောင်လုပ်ငန်းတွေကို သိမ်းပိုက်လိုက်ကြပြီး အကာအကွယ်မဲ့တဲ့ ဆင်းရဲသားနဲ့ လူလတ်တန်းစားတွေကို ကာကွယ်ပေးကြရမယ့်အစား သူဌေးတွေအတွက်ပဲ အလုပ်လုပ်ပေးနေကြတယ်။ ဝေါစထရီကလည်း စစ်မှန်တဲ့ ရရန်ပိုင်ခွင့်အသစ်တွေ ဖန်တီးရမယ့်အစား ငွေကြေးပြုပြင်စီရင်တာတွေ၊ ရရန်ပိုင်ခွင့်အတု ထုတ်လုပ်တာတွေကိုပဲ လုပ်နေကြတယ်။ 'အမေရိကရဲ့ သူမတူအောင် ထူးခြားမှု' ကို အာရုံစူးစိုက်ရမယ့်အစား ပညာတတ် လူ့မလိုင်တွေဟာ ပညာရေးမှာ ပြုပြင်စီရင်ထားတဲ့ ပေါင်းသင်းဆက်ဆံရေး၊ လူတိုင်း သာတူညီမျှဖြစ်စေဖို့၊ ဘယ်သူ့ခံစားချက်ကိုမှ မထိခိုက်စေဖို့ စတာတွေကိုပဲ အာရုံစိုက် သင်ယူခဲ့ကြရတယ်။ ကလေးတွေ သာတူညီမျှဖြစ်ဖို့ သူတို့ အာရုံစိုက်တဲ့နေရာမှာ သူတို့ရဲ့ကလေးတွေကို ကာကွယ်ဖို့၊ သူတို့ရဲ့ကလေးတွေက ထိပ်ဆုံးကို တက်နိုင်ဖို့၊ သူတို့ရဲ့ကလေးတွေ သူတို့

တက်ခဲ့တဲ့ကျောင်းမျိုးတွေ တက်ရဖို့၊ သူတို့ရဲ့ကလေးတွေ လူ့မလိုင်တက္ကသိုလ်တွေမှာ တက်ရဖို့ကိုပဲ အာရုံစိုက်ကြတယ်။

ဟု ဆိုသည်။

ရှင်းရှင်းပြောရလျှင် သူတို့၏ လူ့မလိုင်ရင်သွေးတို့သည် ဆင်းရဲသားများနှင့် လူလတ်တန်းစားများ မကပ်နိုင်သည့် ပညာရေးကို ရရှိကြသည်။

ခြုံလိုက်လျှင် စတီဗင်ဘရေးလ်သည် အလုပ်ကြိုးစားသော၊ အောင်မြင်မှုမြင့်မားသော သူတို့လူတန်းစားအကြောင်း သဘောပေါက်ခဲ့ခြင်းဖြစ်သည်။

သူတို့တွေဟာ သူတို့ကို ကာကွယ်ဖို့ ကျုံးပတ်လည် ကာရံထားတဲ့နိုင်ငံတစ်ခုကို ဖန်တီးလိုက်ကြပြီးတော့ လှေကားတွေကို ဆွဲတင်နိုင်တာကြောင့် သူတို့ အောင်မြင်မှုတွေကို မျှဝေယူဖို့ ပိုခက်သွားပြီ။ ဒါမှမဟုတ် သူတို့ရှေ့ကပြေးနေတာကို စိန်မခေါ်နိုင်တော့ဘူး။

ဟုလည်း သူကဆိုသည်။

ဖူလာသည်လည်း အလားတူ စိုးရိမ်မှုမျိုးကို သူ့ လက်ချာများနှင့် သူ့စာအုပ် Grunch ထဲတွင် ဖော်ပြထားသည်။ Grunch တွင် ဖူလာက သမ္မတ ရော်နယ်ရေဂင်ကို 'လက်ကိုင်တုတ်' ဟု ဆိုသည်။ အမေရိကကို အတွင်းမှလှိုက်စားနေသော ရည်မှန်းချက်ကြီးမားသည့် ပညာတတ်လူ့မလိုင်များက သူ့ကို ဝိုင်းရံထားကြပြီး ထိုသူများထံမှ အကြံဉာဏ် ရယူနေသောကြောင့်ပင်။

## ကမ္ဘာ့ပိုက်ဆံရိုက်ထုတ်မှု

၁၉၇၁ ခုနှစ်သည် ကမ္ဘာ့ပြည်သူများ၏ ဉစ္စာခနေတို့ကို လုည့်ဖြားရယူသည့် ကမ္ဘာ့ငွေကြေးမောင်ပိုင်စီးမှုကြီး စတင်သည့်နှစ်ဖြစ်သည်။

၁၉၈၃ ခုနှစ်တွင် အနာဂတ္တဝါဒီ ဘက်မင်စတာဖူလာ၏ Grunch of Giants စာအုပ် ထွက်လာသည်။ Grunch ဆိုသည်မှာ Gross Universal Acsh Heist ကို အတိုကောက်ပြုထားခြင်းဖြစ်သည်။ ထိုစာအုပ်က ဖြစ်လာမည့်အကြောင်းတို့ကို ကြိုတင်ဟောကိန်းထုတ် သတိပေးထားသလို ယနေ့ထက်တိုင် လည်ပတ်နေသည့် ကမ္ဘာ့ငွေကြေး မောင်ပိုင်စီးမှုကြီးအကြောင်းကိုလည်း ပြောပြထားသည်။

၁၉၇၁ ခုနှစ်တွင် ဒေါ်လာသည် ရွှေပေါင်မရှိတော့။ ပိုက်ဆံသည် ကိုယ်ပျောက်သွားသည်။ ပြည်သူတို့သည် ငွေကြေး မောင်ပိုင်စီးမှုကြီးကို မမြင်နိုင်။ လူတို့သည်

mgyoe.com

mgyoe.com SAMPLE BOOK


သူတို့ထံတည့်တည့်လာနေသည့် အရာကို မမြင်လျှင် ရှောင်နိုင်မည်မဟုတ်ဟု ဖူလာက ထပ်ပြောထားသည်။

### အဆိုးချည်းသက်သက်မဟုတ်

ပိုက်ဆံရိုက်ထုတ်ခြင်းသည် အဆိုးချည်းသက်သက်တော့ မဟုတ်။ ပိုက်ဆံအတုများ ရိုက်ထုတ်ခြင်းတွင် ကောင်းသည့်အချက် များစွာရှိသည်။ သန်းထောင်နှင့်ချီသော ပြည်သူတို့သည် ပိုက်ဆံအတုအတွက် အလုပ်လုပ်ကြရာ လည်ပတ်မှုအားကောင်းသော စီးပွားရေး၊ အသစ်တီထွင်မှုများ၊ ပိုကောင်းသည့် အိမ်ရာများ၊ ဆေးပညာ၊ ခရီးသွားလာရေး၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် နည်းပညာတို့ ထွက်ပေါ်လာသည်။


ထိုသို့ ကြိုးစားသော ပြည်သူတို့သည် ပိုကောင်းသည့် ကမ္ဘာတစ်ခုကို ထုတ်လုပ်ပေးသည်။ သို့သော် ကပ်ပါး လူ့မလိုင်တို့သည် ကမ္ဘာကို ပိုကောင်းအောင် လုပ်နေသည့် ကမ္ဘာ့ပြည်သူတို့ထံမှ ကျန်းမာရေးနှင့် ချမ်းသာရေးတို့ကို စုပ်ယူစားသုံးပစ်လိုက်သည်။

ယင်းမှာ ပိုက်ဆံရိုက်ထုတ်ခြင်း၏ အလုပ်မဖြစ်သည့် ပြဿနာပင်။ ၁၉၇၁ ခုနှစ်တွင် စတင်ခဲ့သည့် ငွေကြေး မောင်ပိုင်စီးမှုကြီးသည် ကျရှုံးတော့မည်။ ပိုက်ဆံအတု ရိုက်ထုတ်ပြီး ရပ်တည်သည့်အဖွဲ့တို့ အဆုံးသတ်တော့မည်။ အစက ပြန်စရတော့မည့် သဘောဖြစ်သည်။

၁ ရာခိုင်နှုန်းသော သူဌေးတို့ ပိုမိုချမ်းသာကြွယ်ဝလာနေချိန်တွင် သန်းထောင်နှင့်ချီသော ပြည်သူတို့ ပိုမိုဆင်းရဲလာကြပြီး နောက်ထပ်လည်း ဆင်းရဲဖို့သာ ရှိနေသည်။

သန်းနှင့်ချီသော အမေရိကန် ဘေဘီဘွန်းမျိုးဆက်တို့သည် သမိုင်းကြောင်းအရ အချမ်းသာဆုံး၊ ကံအကောင်းဆုံး မျိုးဆက်ဟု ဆိုကြသည့်တိုင် ယခုအချိန်တွင် ဂုဏ်သိက္ခာရှိသော အငြိမ်းစားဘဝကို မမြင်နိုင်တော့ပေ။ သန်းနှင့်ချီသော ဘေဘီဘွန်းမျိုးဆက်တို့ စိုးရိမ်နေကြရသည်။ ဘယ်တော့မှ အငြိမ်းစားယူရတော့မည်မဟုတ်ကြောင်း တော်တော်များများ သိနေကြပြီ။ ဘဝတစ်လျှောက်လုံး အလုပ်လုပ်ခဲ့ပြီးနောက် ပိုမိုဆင်းရဲသည့် ဘဝတွင် နေထိုင်လာကြရသလို အသက်ကြီးလေ ဆင်းရဲလေ ဖြစ်လာသည်။ အောက်ပါဇယားက ထိုဇာတ်လမ်းကို ပြောပြနေသည်။

mgyoe.com




၂၀၁၈ ခုနှစ် ဇွန် ၂၃ ရက်ထုတ် ဝေါစထရိဂျာနယ်တွင် ယခုလို ရေးထားသည်။

အိုမင်းလာသည့် အမေရိကအတွက် ချိန်ကိုက်ဗုံး

"အမေရိကန်တွေဟာ အငြိမ်းစားယူရမယ့် အသက်အရွယ်ကို ရောက်လာချိန်မှာ ရှေ့ကမျိုးဆက်တွေထက် ပိုမိုဆိုးရွားတဲ့ ငွေကြေးပုံစံထဲမှာ ရှိနေကြရပါတယ်"

**သင်ခန်းစာ**

ရှေ့မှမျိုးဆက်သည် ဒုတိယကမ္ဘာစစ် မျိုးဆက်ဖြစ်ပြီး ဘဝတစ်သက်တာအတွက် အငြိမ်းစားလစာ အကျိုးခံစားခွင့် (ဒီဘီ)ကို ပိုင်ဆိုင်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်မျိုးဆက်အတွက် ငွေကြေးပညာ မလိုအပ်။ အကြောင်းမှာ အငြိမ်းစား အကျိုးခံစားခွင့် စီမံကိန်းသည် 'ပရော်ဖက်ရှင်နယ်ဆန်သော စီမံခန့်ခွဲမှု' ဖြစ်သောကြောင့်ပင်။

ယနေ့ခေတ် ဘေဘီဘွန်းမျိုးဆက်များတွင် ထိုစီမံကိန်း ခံစားခွင့်ရှိသူမှာ နည်းလှ၏။

ထိုသို့ ခံစားနေရသူတို့ပင်လျှင် စိုးရိမ်သောက များကြရသည်။ "တချို့ အစိုးရဝန်ထမ်းတွေဆိုရင် အစိုးရက အငြိမ်းစားလစာ ဖြတ်တောက်ဖို့ စဉ်းစားနေတဲ့အတွက် ငွေရေးကြေးရေး မရေရာတဲ့အနေအထားနဲ့ နေထိုင်နေကြရတယ်" ဟု ဝေါစထရိဂျာနယ်က ဖော်ပြထားသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

**သင်ခန်းစာ**

အငြိမ်းစားလစာတော်တော်များများ ပြဿနာတက်ရခြင်းမှာ ရင်းနှီးမြှုပ်နှံမှု၏ ၇ ဒသမ ၅ ရာခိုင်နှုန်း အမြတ်ပြန်ရမည်ဆိုသည့်အချက်နှင့် ဘေဘီဘွန်းမျိုးဆက်တို့သည် အသက် ၇၀ ကျော်သည့်အထိ အသက်ရှည်မည်မဟုတ်ဆိုသည့် အချက်တို့ အပေါ်တွင် အခြေခံတွက်ချက်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ သတင်းကောင်းမှာ ဘေဘီဘွန်းမျိုးဆက်တို့ အသက်ရှည်ကြသည်။ သတင်းဆိုးမှာ ဈေးကွက်သည် ခန့်မှန်းတွက်ချက်ထားသည့်အတိုင်း လုပ်မပေးနိုင်တော့ပေ။

ထိုအချက်ထဲတွင် မတည်ငြိမ်သည့် အချက်အလက် အစစ်အမှန်များ ရောထည့်လိုက်ပါ။ ဘေဘီဘွန်းမျိုးဆက် ၁၀,၀၀၀ သည် နေ့စဉ် အငြိမ်းစားယူနေကြသည်။

ထိုပြဿနာသည် ပထမဆုံး ဘေဘီဘွန်းမျိုးဆက်တို့ အသက် ၈၀ ရှိလာပြီး ပိုမိုရှည်လျားသည့် ကျန်းမာရေး စောင့်ရှောက်မှုများလိုအပ်လာမည့် ၂၀၂၆ ခုနှစ်တွင် ဘဏ္ဍာရေး ကပ်ဘေးဆိုးကြီးအဖြစ် ပြောင်းသွားပြီး လူမှုဖူလုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့လည်း ပျက်စီးသွားမည်ဖြစ်သည်။

**ဒီဘီ မရှိ၊ ဒီစီသာရှိသော ဘေဘီဘွန်းများ**

၁၉၇၄ ခုနှစ်တွင် သန်းနှင့်ချီသော ဘေဘီဘွန်းမျိုးဆက်တို့သည် လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်လာကြသည်။ ထိုအချိန်တွင် ဝန်ထမ်းများ ကုန်ကျစရိတ်ကို လျှော့ချရန် ဝန်ထမ်းအငြိမ်းစားဝင်ငွေ ဥပဒေကို စတင်ပြဋ္ဌာန်းသည်။ နှစ်အနည်းငယ်အကြာတွင် ကျွန်တော်တို့သည် ပထမဆုံး ဖိုးအိုဝမ်(ကေ)စီမံကိန်းကို စတင်မြင်တွေ့ရသည်။ ထိုစီမံကိန်းမှာ ဒီစီ (defined contribution - DC) ဟု သိကြသော အငြိမ်းစားလစာစီမံကိန်းဖြစ်သည်။

ဘေဘီဘွန်းမျိုးဆက်တို့သည် ငွေကြေးပညာ မတတ်ပါဘဲ ပရော်ဖက်ရှင်နယ်ငွေကြေးမန်နေဂျာများဖြစ်လာသည်။ ယင်းမှာ ဘေဘီဘွန်းမျိုးဆက်တို့၏ ပြဿနာပင်။

> "အသက်ရှည်လာတာနဲ့ ပညာရေးကုန်ကျစရိတ် မြင့်မားလာတာတွေကြောင့် အသက် ၅၀ ကျော်၊ ၆၀ ကျော်တွေဟာ သူတို့ရဲ့ အရွယ်ရောက်ပြီးသား ကလေးတွေကိုရော သက်ကြီးရွယ်အို ဆွေမျိုးသားချင်းတွေကိုပါ စောင့်ရှောက်လာကြရတယ်"

ဟုလည်း ဝေါစထရိဂျာနယ်က ရေးထားသည်။

mgyoe.com